# မြန်မာ့အလင်း

အတွဲ (၅၄)
အမှတ် (၁၇၆)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

**Myanma Alinn Daily**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်

၂၀၁၅ ခုနှစ်၊ မတ် ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့။


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟယ်လင်းနစ်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော်  မတ်  ၂၅**

၂၀၁၅ ခုနှစ် မတ် လ ၂၅ ရက်နေ့တွင်ကျရောက်သော ဟယ်လင်းနစ်သမ္မတနိုင်ငံ၏အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ပရိုကိုပီစ် ပါဗလိုပူလော့စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ *စာမျက်နှာ ၃ ကော်လံ ၅* ✻



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် IRI ၏ ဥက္ကဋ္ဌ သံအမတ်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော်  မတ်  ၂၄**

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် International Republican Institute(IRI) ၏ ဥက္ကဋ္ဌသံအမတ်ကြီး Mark Green ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအား လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲတစ်ရပ်ဖြစ်ရေးအတွက် ဆောင်ရွက်နေသည့်ကိစ္စရပ်များ၊ ဒီမိုကရေစီစနစ် ရှင်သန်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်ပေးနေမှုများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတဦးသိန်းစိန် International Republican Institute(IRI) ၏ ဥက္ကဋ္ဌသံအမတ်ကြီး Mark Green အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

## ယနေ့ မာတိကာ

**ယီမင်၌ ဟူသီသူပုန်များ အင်အားကြီးထွားလာ**

စာမျက်နှာ ၄

**နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးစီးပွားအတွက် လက်ပံတောင်းတောင် ကြေးနီစီမံကိန်း အောင်မြင်ရန် ဆောင်ရွက်**

စာမျက်နှာ ၈

# ကမ္ဘာလှည့်ခရီးသွား များပြားလာမည့် မြိတ်ကျွန်းစု

သတင်း-ဝေယံဦး
ဓာတ်ပုံ-ကေဇင်

**ရန်ကုန်  မတ်  ၂၄**

သဘာဝအလှတရားနှင့် ပြည့်စုံနေသော မြန်မာနိုင်ငံတောင်ပိုင်း မြိတ်ကျွန်းစုများသို့ ကမ္ဘာလှည့်ခရီးသွားများ သွားရောက်လေ့လာရန် စိတ်ဝင်စားမှု များပြားလျက်ရှိနေရာ ကမ္ဘာ့ခရီးသွား လုပ်ငန်းများက ဆန်းသစ်သော ခရီးစဉ်တစ်ခုအဖြစ် ထည့်သွင်းလာလျက်ရှိသည်။

"နိုင်ငံတကာက ခရီးသွားသုတေသနအဖွဲ့ကလည်း မြိတ်ကျွန်းစုတွေကို ခရီးသွားများအတွက် လေ့လာဖို့ အကောင်းဆုံးဖြစ်တယ်လို့ သတ်မှတ်ကြတာမို့ အဲဒီဘက်မှာ သဘာဝအခြေခံခရီးသွား လုပ်ငန်းဖွံ့ဖြိုးအောင် ကြိုးစားဆောင်ရွက်သွားဖို့ ရှိပါတယ်" ဟု ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



မြိတ်ကျွန်းစုမှ ကျွန်းတစ်ကျွန်းကို တွေ့ရစဉ်။

မြန်မာနိုင်ငံတောင်ပိုင်း မြိတ်ကျွန်းစုများသည် ခရီးသွားဧည့်သည်များအတွက် Best trip 2015 တွင် အဆင့် ၁၁ ၌ ရှိကြောင်း National Geographic Traveler အဖွဲ့က ပြုလုပ်ထားသော သုတေသနပြုချက်၌ ဖော်ပြထားသည်။ တစ်ဖန် သဘာဝအတိုင်း တည်ရှိနေဆဲဖြစ်သောကျွန်းအများအပြားရှိနေသည်ဟုလည်း ဆိုသည်။

မြိတ်ကျွန်းစုတွင် မော်တာရီကျွန်းအုပ်စုနှင့် ရေအေးကျွန်းအုပ်စုတို့ ရှိနေပြီး ကမ်းခြေလှပသောကျွန်းများ ရေအောက်မှ ကြည့်ရှုကောင်းသည့် ကျွန်းကမ်းခြေများအပြင် သဘာဝရေပြင်ကို ကူးခပ်ကာ လှပသော ရှုခင်းများကိုကြည့်ရှု လေ့လာနိုင်သည့် ကျွန်းများလည်းရှိနေသည်။

မြိတ်ကျွန်းစုတွင် ကမ်းခြေလှပသည့် *စာမျက်နှာ ၈ ကော်လံ ၁* ◆

## လက်ပံတန်းဖြစ်စဉ်တွင် ဥပဒေနှင့်အညီ ခေါ်ယူထိန်းသိမ်းစစ်မေးခဲ့သူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံ

*စာမျက်နှာ - ၅*




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ကောင်းမွန်သော မီဒီယာပတ်ဝန်းကျင်

တည်ငြိမ်အေးချမ်းပြီး တိုးတက်သော လူမှုအသိုက်အဝန်း တစ်ရပ်အဖြစ် ထူထောင်ရာတွင် တိကျမှန်ကန်သော၊ ဘက်လိုက်မှု ကင်းသော သတင်းဖြန့်ကြက်မှုသည် အရေးကြီးသောအချက် ဖြစ်ပါသည်။ မှန်ကန်သောသတင်းအချက်အလက်များသည် ဒေသတစ်ခု၏ ပကတိအခြေအနေကိုသာမက နိုင်ငံတစ်ခု၏ ပုံရိပ်ကိုလည်း ထင်ဟပ်စေနိုင်ပါသည်။ ဤသို့မှန်ကန်တိကျသော သတင်းအချက်များ ဒေသတစ်ခု သို့မဟုတ် ကမ္ဘာတစ်ဝန်းလုံးသို့ ဖြန့်ကြက်နိုင်ရေးသည် မီဒီယာသမားများ၏ ကြိုးပမ်းအားထုတ်မှု၏ အခြေခံအကျဆုံးအလုပ်ပင်ဖြစ်သည်ဟု ယုံကြည်လက်ခံထားကြပါသည်။ ဤယုံကြည်ချက်နှင့်အညီ အပြည်ပြည်ဆိုင်ရာ စာနယ်ဇင်းအဖွဲ့အစည်း (IPI)ကို ဖွဲ့စည်းထားပါသည်။

အပြည်ပြည်ဆိုင်ရာ စာနယ်ဇင်းအဖွဲ့၏ ရည်မှန်းချက်သည်ကား စာနယ်ဇင်းလွတ်လပ်ခွင့်ကို ကာကွယ်စောင့်ရှောက်ရန်၊ စာနယ်ဇင်းသမားအချင်းချင်း နားလည်မှုဖော်ဆောင်ရန်၊ စာနယ်ဇင်းသမားများနှင့် ပြည်သူများအကြား နားလည်မှုရှိလာစေရန်၊ နိုင်ငံများအကြား တိကျပြီး ဘက်မလိုက်သော သတင်းများ အခမဲ့ဖလှယ်မှု မြှင့်တင်ရန်နှင့် သတင်းစာပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရန်တို့ပင် ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ စာနယ်ဇင်းအဖွဲ့အစည်းသည် ကမ္ဘာပေါ်တွင် ရှေးအကျဆုံးနှင့် အထင်ရှားဆုံး ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်မှု အဖွဲ့အစည်းဖြစ်ပြီး အယ်ဒီတာများ၊ မီဒီယာအမှုဆောင်များနှင့် ရှေ့ဆောင် စာနယ်ဇင်းစာပေများဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံတကာကွန်ရက်တစ်ခုဖြစ်ပါသည်။

IPI ညီလာခံကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် မတ်လ ၂၇ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့၌ ကျင်းပသွားရန် စီစဉ်လျက်ရှိရာ ကမ္ဘာတစ်ဝန်းမှ စာနယ်ဇင်းအဖွဲ့ပေါင်း ၁၅၀ နှင့် မြန်မာနိုင်ငံမှ ၆၀ ခန့်တက်ရောက်၍ အပိုင်းသုံးပိုင်းဖြင့် ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရပါသည်။ အပိုင်း(၁) အဖြစ် ဥပဒေနှင့်အလေ့အထများမှတစ်ဆင့် မီဒီယာလွတ်လပ်ခွင့် ရယူခြင်းခေါင်းစဉ်ဖြင့် လည်းကောင်း၊ အပိုင်း(၂)အဖြစ် ထိလွယ်ရှလွယ်သော ပဋိပက္ခသတင်းရေးသားခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အပိုင်း(၃)အဖြစ် နောက်ဆုံးရထူးခြားသတင်း (Breaking News) ရယူရာတွင် ဘာသာရေးဆိုင်ရာ အကဲဆတ်မှုဟူသော ခေါင်းစဉ်များဖြင့်လည်းကောင်း ဆွေးနွေးကြမည်ဖြစ်ပါသည်။ ဤသို့ကျင်းပဆွေးနွေးနိုင်ခြင်းဖြင့် မြန်မာစာနယ်ဇင်းသမားများအတွက် ကောင်းမွန်သော မီဒီယာပတ်ဝန်းကျင်အဖြစ် ထူထောင်ရာတွင် များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

ညီလာခံသည် အာရှနှင့်ကမ္ဘာတစ်ဝန်းရှိ စာနယ်ဇင်းသမားများနှင့် မြန်မာနိုင်ငံရှိ စာနယ်ဇင်းသမားများအကြား ဆက်ဆံရေးတိုးမြှင့်နိုင်မည့်အပြင် အရေးကြီးသောကွန်ရက်ချိတ်ဆက်မှု အခွင့်အလမ်းတစ်ရပ်ကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ညီလာခံသည် အကောင်းဆုံးသော စာနယ်ဇင်းဆိုင်ရာ အလေ့အကျင့်များဖလှယ်ရေးအတွက် အရေးပါသောစကြီတစ်ခုလည်း ဖြစ်လာမည်ဖြစ်ပါသည်။ မြန်မာစာနယ်ဇင်းသမားများအတွက် အသိအမြင်များ တိုးပွားစေပြီး နိုင်ငံတကာမှ စာနယ်ဇင်းသမားများအနေဖြင့်လည်း မြန်မာနိုင်ငံ၏ ပကတိအခြေအနေကို မြင်တွေ့ခွင့်ရရှိစေမည့် အခွင့်အလမ်းတစ်ရပ်လည်း ဖြစ်သကဲ့သို့ မြန်မာနိုင်ငံတွင် ကောင်းမွန်သောမီဒီယာပတ်ဝန်းကျင် ဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုနိုင်လိမ့်မည် ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

### ၂၀၁၅ ခုနှစ် နှစ် (၇၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

★ နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုကိုကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲညီညီပူးပေါင်းဆောင်ရွက်ရေး။

★ နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်း ပြည်ပအန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး။

★ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

### ဓမ္မရက္ခိတကျောင်းဆောင်တည်ဆောက်လျက်ရှိ

**ပဲခူး မတ် ၂၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျုံချောင်းရွာ အရှေ့၌ရှိသော ဘာဝနာဘုန်းတော်ကြီးကျောင်းဝင်းအတွင်း တည်ဆောက်လျက်ရှိသော မျက်နှာဝအကျယ် ၂၄ ပေ၊ အလျား ၅၂ ပေ၊ အမြင့် ပေ၂၀ အာရ်စီနှစ်ထပ်ရှိ ဓမ္မရက္ခိတကျောင်းဆောင် အဆောက်အအုံကို မတ် ၆ ရက်တွင် စတင်တည်ဆောက်ခဲ့ရာ ၃၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး အလှူငွေများ ဖိတ်ခေါ်လျက်ရှိကြောင်း သိရသည်။

လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ဦးတေဇဝန္တ (သဒ္ဓမ္မဇောတိကဓဇ)ဖုန်း ၀၉-၂၅၅၈၃၇၇၄၀၊ ၀၉-၃၁၅၀၂၃၇၅၊ ဦးနေလင်း(မြို့နယ်သတင်းထောက်) ဖုန်း ၀၉- ၄၂၈၁၆-၁၆၇၃၊ ဦးဌေးနိုင်ဖုန်း ၀၉-၃၁၆၁၄၂-၀၈ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ကိုကိုရှုပ**





### သင်္ကြန်ကာလအတွင်းစည်းကမ်းမဲ့ယာဉ်မောင်းများ အရေးယူမည်

**ပျဉ်းမနား မတ် ၂၄**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်၌ မဟာသင်္ကြန်ကာလအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် မတော်တဆထိခိုက်မှုလျော့နည်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အထူးကြပ်မတ် အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် (၈) မြို့နယ်တွင် ယာဉ်မတော်တဆထိခိုက်မှုများရှိရာ ယာဉ်တိုက်မှုများတွင် လူသေဆုံးမှုများရှိနေခြင်းကြောင့် မဟာသင်္ကြန်ကာလအတွင်းတွင် ယာဉ်တိုက်မှုမဖြစ်ပွားစေရေး၊ မှုခင်းကျဆင်းစေရေးအတွက် မော်တော်ယာဉ်များစစ်ဆေးခြင်း၊ စည်းကမ်းမဲ့မောင်းနှင်သည့် ယာဉ်များ၊ ဆိုင်ကယ်များ အိတ်ဇောဖြုတ်၍မောင်းနှင်ခြင်း၊ ဆိုင်ကယ်ဦးထုပ် မဆောင်းခြင်း၊ နှစ်ဦးထက်ပို၍စီးနင်းခြင်း၊ အရက်သေစာသောက်စား စည်းကမ်းမဲ့မောင်းနှင်ခြင်းများကို ပူးပေါင်းကာ နေ့၊ ညမပျက် ဆောင်ရွက်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍အမှတ်(၆) ယာဉ်ထိန်းတပ်ဖွဲ့စုမှူး (ပျဉ်းမနား)နေပြည်တော်မှ ဒုတိယရဲမှူးရဲလွင်က သင်္ကြန်ကာလအတွင်း ယာဉ်မောင်းများ၊ ဆိုင်ကယ်စီးကြသူများ အနေဖြင့် အရက်သေစာသောက်စားမူးယစ်၍ ယာဉ်မောင်းရာတွင် ယာဉ်တိုက်မှုများ ဖြစ်ပေါ်နိုင်သည့်အတွက် အရက်သောက်ခြင်းကို ရှောင်ကြဉ်ရန်လိုကြောင်း ပြောကြားသည်။

**သတင်း-မျိုးဇေယျာ(ပျဉ်းမနား)**
**ဓာတ်ပုံ-သီရိခေတ်**




### ယာဉ်စည်းကမ်းပညာပေးဟောပြော

**တပ်ကုန်း မတ် ၂၄**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် သပြေချောင်းကျေးရွာအုပ်စုအတွင်းရှိ ဒေသခံများ ယာဉ်စည်းကမ်းလမ်းစည်းကမ်းထိန်းသိမ်းမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မတ် ၂၃ ရက်က ကျင်းပရာ မြို့နယ်တပ်ဖွဲ့စု(၈) ယာဉ်ထိန်းတပ်ဖွဲ့စုမှ ဒုရဲမှူး မင်းသူက ယာဉ်စည်းကမ်းလမ်းစည်းကမ်းနှင့်ပတ်သက်၍လိုက်နာရမည့် အချက်များနှင့် ရွှေမြို့စခန်းမှူး ရဲအုပ်တင်လှုက မှုခင်းကျဆင်းရေး၊ မီးဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေးစသည်တို့ကို ဟောပြောခဲ့ကြောင်းသိရသည်။ **မောင်လွင်(တပ်ကုန်း)**

### ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၄-၃-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၃၇၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၈၈-၁၀၉၂ |
| ဥရောပ | တစ်ယူရို | ၁၂၂၀-၁၂၃၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၀-၇၈၂ |
| ထိုင်း | တစ်ဘတ် | ၃၀.၅-၃၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၇-၁၆.၃ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၀-၃၄၃ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နွေဆန် | တစ်အိတ် | ၁၈၀၀၀-၁၈၅၀၀ |
| မိုးဆန်သစ် (မနော်သုခ) | တစ်အိတ် | ၁၇၀၀၀-၁၇၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၈၀၀၀-၃၃၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၄၈ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၂၅-၃၈၅ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၀၅၀-၁၄၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၅၃၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၃၆၀-၇၀၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၉၅၀-၃၀၀၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၅၅၀၀-၆၂၀၀ |
| သကြား | တစ်ပိဿာ | ၈၁၅-၈၅၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

**ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။**

# နှစ်(၇၀)ပြည့် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် ဝါရင့်ဂန္ထဝင် ဂီတအနုပညာရှင်ကြီးများ၏ ဒုတိယနေ့ ဖျော်ဖြေပွဲ ကျင်းပ



**နေပြည်တော် မတ် ၂၄**

နှစ်(၇၀)ပြည့် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် ဝါရင့်ဂန္ထဝင်ဂီတ အနုပညာရှင်ကြီးများ၏ ဒုတိယနေ့ဖျော်ဖြေပွဲအခမ်းအနားအား ယနေ့ ည ၇ နာရီတွင် နေပြည်တော် ဇေယျာသီရိဗိမာန်ရှိ သဘင်ဆောင်၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်အားပေးချီးမြှင့်သည်။ **(အပေါ်ပုံ)**

ဖျော်ဖြေပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဖိတ်ကြားထားသော ဝါရင့်ဂန္ထဝင်ဂီတ အနုပညာရှင်ကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အနုပညာရှင်ကြီးများဖြစ်သော ဦးထွန်းမင်း၊ ဦးသန်းထွန်းလေး၊ ဦးထွန်းရွှေ၊ ဦးမောင်မောင်၊ ဦးမောင်မောင်သန်း၊ ဦးရန်ပိုင်စိုး၊ ဦးမောင်မောင်ကြီး၊ ဦးမင်းနောင်၊ ဦးခင်မောင်လွင်၊ ဦးတင်ဦးလေး၊ တက္ကသိုလ် ဒေါ်လဲ့လဲ့၊ ဒေါ်ညွန့်ညွန့်စိန်၊ အေဝမ်း ဒေါ်တင်တင်လှ၊ ဒေါ်ချိုပြုံး၊ ဒေါ်အေးအေးအောင်၊ ဒေါ်ကေဂျာနူး၊ ဒေါ်မြင့်မြင့်ခင်၊ ဒေါ်ဥမ္မာ၊ ဒေါ်ရီရီသန့်၊ ဒေါ်တင်တင်မြ၊ ဒေါ်ထားတို့နှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့တို့က တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဝါရင့်ဂန္ထဝင် ဂီတအနုပညာရှင်များအတွက် ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## ပြည်တွင်းသတင်း

*** ရှေ့ဖုံးမှ**

အလားတူ ၂၀၁၅ ခုနှစ် မတ် ၂၅ ရက်တွင်ကျရောက်သော ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အဲလက်ဇစ်(စ်) စီပရာ့စ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဟယ်လင်းနစ်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် မတ် ၂၅**

၂၀၁၅ ခုနှစ် မတ် ၂၅ ရက်တွင်ကျရောက်သော ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဟယ်လင်းနစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ နီကိုလာအို(စ်) ကော့တ်စီရာ(စ်) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# မလေးရှားနိုင်ငံ ဘုရင်မင်းမြတ်ထံ သံအမတ်ကြီး ဦးဇော်မြင့် ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မတ် ၂၅**

မလေးရှားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးဇော်မြင့်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၅ ခုနှစ် မတ် ၁၈ ရက်တွင် ကွာလာလမ်ပူမြို့၌ မလေးရှားနိုင်ငံ ဘုရင်မင်းမြတ် အယ်မူတာဆီမူ ဘီလာဟီ မူဟစ်ဘူဒင် တွမ်ကူအယ်လ်ဟာ့ဂျ် အဗ္ဗဒူလ် ဟာလင်မူအက်ဇမ်ရှား အစ်ဘ်နီအယ်လ် မာဟုမ် စူလ်တန်ဘက်လစ်ရှား ထံ ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ **(သတင်းစဉ်)**

# ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးသင်တန်းဖွင့်

၂၀၁၅ ရွေးကောက်ပွဲတွင် ရဲတပ်ဖွဲ့ဝင်များ လုံခြုံရေးတာဝန်ထမ်းဆောင်ရာ၌ လွယ်ကူချောမွေ့စေရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်ပွဲကို မတ် ၂၃ ရက် နံနက်က ဗန်းမော်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းမြင့်အောင်၊ ခရိုင်ကော်မရှင်ဥက္ကဋ္ဌ ဦးကျော်သန်းငွေ၊ ခရိုင်ဥပဒေအရာရှိ ဒေါ်နန်းလှလှအေး၊ မြို့နယ်ကော်မရှင်ဥက္ကဋ္ဌ ဦးမြင့်ဆွေတို့က ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများ၊ လုပ်ငန်းစဉ်များနှင့် မဲရုံများလုံခြုံရေးတာဝန်ယူ ဆောင်ရွက်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက သိလိုသည်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**ဝါဝါ-ဗန်းမော်**

# တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းများ ရန်ကုန်မြို့၌ ပြည်သူသို့အခမဲ့ပြသမည်

**နေပြည်တော် မတ် ၂၄**

နှစ်(၇၀) ပြည့် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းများကို ရန်ကုန်မြို့၊ ရွှေ့ဆောင်ရုပ်ရှင်ရုံတွင် ၂၀၁၅ ခုနှစ် မတ်လ ၂၇ ရက်နေ့ (တပ်မတော်နေ့)၌ အောက်ပါအတိုင်း ပြည်သူများအား အခမဲ့ပြသပေးမည်ဖြစ်ကြောင်း သိရသည်။

| စဉ် | ဂုဏ်ပြုဇာတ်လမ်းအမည် | ၂၇-၃-၂၀၁၅ရက်နေ့ (ပြသမည့်အချိန်) |
|---|---|---|
| ၁ | အဖေနှင့် သားများ | နံနက် ၁၀ နာရီ (၁၀:၀၀)နာရီ |
| ၂ | ကြယ်စင်မော်ကွန်း | မွန်းလွဲ ၁၂ နာရီခွဲ (၁၂:၃၀)နာရီ |
| ၃ | အဖေတူသား | ညနေ ၃ နာရီခွဲ (၁၅:၃၀)နာရီ |
| ၄ | ကြယ်စင်မော်ကွန်း | ညနေ ၆ နာရီခွဲ (၁၈:၃၀)နာရီ |
| ၅ | သားကောင်းမိခင် | ည ၉ နာရီခွဲ (၂၁:၃၀)နာရီ |

**(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု စိစစ်ရွေးချယ်ရေးကော်မတီစည်းဝေး

**နေပြည်တော် မတ် ၂၄**

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု စိစစ်ရွေးချယ်ရေးကော်မတီ တတိယအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရုံးအမှတ်(၁၈) နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စိစစ်ရွေးချယ်ရေး ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးများ၊ လုပ်ငန်း ကော်မတီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ယာပုံ)**



ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အမှာစကားပြောကြားရာတွင် ရွေးချယ်မည့်ဆုများနှင့် ပတ်သက်၍ တိုင်းဒေသကြီး/ ပြည်နယ်များမှ ပဏာမအဆင့်ရွေးချယ်တင်ပြထားမှုများအပေါ် လုပ်ငန်းကော်မတီအလိုက် ကွင်းဆင်းစစ်ဆေးသည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ဆုချီးမြှင့်ပွဲအခမ်းအနားအား ၂၀၁၅ မေလ ပထမအပတ်တွင်ကျင်းပဖို့ လျာထားပြီးဖြစ်သည့်အတွက် ကော်မတီအလိုက် ဆုအလိုက် ရွေးချယ်မှုလုပ်ငန်းများအား ဧပြီလစတုတ္ထပတ်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

စွမ်းဆောင်မှု အကောင်းဆုံးမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဆုနှင့် စည်ပင်သာယာရေးကော်မတီ ဆုများရွေးချယ်ရာတွင် ဆွေးနွေးစီမံဆောင်ရွက်မှုနှင့် တိုးတက်မှုအပေါ် ဦးစားပေး အကဲဖြတ်စဉ်းစားရန် ဖြစ်ပါကြောင်း။

လူမှုရေးဆိုင်ရာ ဆုများနှင့် ပတ်သက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များက အဆိုပြုတင်ပြချက်များအပေါ် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများက သတ်မှတ်ထားသည့်မူဝါဒ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ပြီးတင်ပြဖို့ လိုအပ်ပါကြောင်း။

ပညာရပ်ဆိုင်ရာဆုနှင့် ပတ်သက်၍ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ ပြည်နယ်များက အမှတ်ပေး စည်းမျဉ်းများနှင့်အညီ စိစစ်အကဲဖြတ် တင်ပြလာသည့် ထူးချွန်ပညာရှင် ၂၂ ဦး၏ တီထွင်အသုံးချဆောင်ရွက်ခဲ့သည့် သုတေသနလုပ်ငန်းများကို လုပ်ငန်းကော်မတီက အဖွဲ့များခွဲပြီး စစ်ဆေးအကဲဖြတ် အမှတ်ပေးလျက်ရှိပါကြောင်း၊ ယခုနှစ်မှာ ထိုက်ထိုက်တန်တန်ချီးမြှင့်နိုင်မည်ဆိုလျှင် နိုင်ငံ၏ လက်တွေ့အသုံးချ သုတေသနနယ်ပယ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမှာဖြစ်သလို တက္ကသိုလ်များ၏ အနာဂတ်ရည်မှန်းချက်ဖြစ်သော သုတေသနလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်ရေးကိုလည်း ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း ဖြင့် ပြောကြားသည်။

ဆက်လက်၍ မြို့ပြ/ ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်/မွေးဆိုင်ရာဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီ၊ လူမှုရေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီ၊ စီးပွားရေးဆိုင်ရာ ဆုချီးမြှင့်ရေး လုပ်ငန်းကော်မတီ၊ ပညာရပ်ဆိုင်ရာလုပ်ငန်းကော်မတီတို့မှ ဒုတိယဝန်ကြီးများက ဆုများ ပဏာမရွေးချယ်ခြင်းလုပ်ငန်း၊ ကွင်းဆင်းစိစစ် အကဲဖြတ်မှုလုပ်ငန်းစသည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများက Video Conferencing စနစ်ဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဆုများ ပဏာမရွေးချယ်ထားရှိမှု အခြေအနေများအား ဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်မှာကြားရှင်းလင်းသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

# ယီမင်၌ ဟူသီသူပုန်များ အင်အားကြီးထွားလာ

**ဆာနား မတ် ၂၄**

နိုင်ငံတောင်ပိုင်း ဟူသီသူပုန်များကြီးထွားလာမှုကို တားဆီးနိုင်ရန် ပင်လယ်ကွေ့ အာရပ်နိုင်ငံများအား တပ်ဖွဲ့ဝင်များ စေလွှတ်တိုက်ခိုက်ပေးရန် ယီမင်နိုင်ငံခြားရေးဝန်ကြီးက တိုက်တွန်းဆော်ဩလိုက်သည်။

ပြီးခဲ့သည့်လက ဟူသီသူပုန်များက သမ္မတ မန်ဆာဟာဒီအား ဖြုတ်ချခဲ့သည်။ သမ္မတဟာဒီသည် အေဒင်ဆိပ်ကမ်းမြို့တောင်ပိုင်းသို့ ထွက်ပြေးခဲ့ရသည်။ ယီမင်နိုင်ငံ၏ တတိယအကြီးဆုံးမြို့ဖြစ်သည့် တိုက်ဇ်မြို့ကိုလည်း သိမ်းပိုက်ခဲ့သည်။ ယင်းတို့သည် အေဒင်မြို့ကို ဆက်လက်သိမ်းပိုက်ရန် ကြိုးစားလျက်ရှိသည်။

ကုလသမဂ္ဂက ယီမင်နိုင်ငံ၏ ပြည်တွင်းစစ် အခြေအနေအပေါ် သတိပေးပြောကြားလိုက်သည်။ ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေး ကောင်စီ(ဂျီစီစီ)ခြောက်နိုင်ငံသို့ ယီမင်နိုင်ငံအတွင်း တပ်ဖွဲ့ဝင်များစေလွှတ်၍ ကာကွယ်တားဆီးပေးပါရန် မစ္စတာဟာဒီ၏ နိုင်ငံခြားရေးဝန်ကြီး ယက်စင်က ဆော်ဒီပိုင်အရှာအယ်လ်အော ဆက်သတင်းစာသို့ ပြောကြားလိုက်သည်။

စစ်လေယာဉ်များသည် လွန်ခဲ့သည့်သီတင်းပတ်ကုန်ပိုင်းတွင် အေဒင်မြို့ သမ္မတနန်းတော်အပေါ် ဖြတ်သန်းသွားပြီးနောက် မပျံသန်းရဇုန်သတ်မှတ်ပြဋ္ဌာန်းပေးရန် ကုလသမဂ္ဂနှင့်ဂျီစီစီသို့ နိုင်ငံခြားရေးဝန်ကြီးက တောင်းဆိုလိုက်သည်။ ဟူသီသူပုန်များကြီးထွားလာမှုသည် ယီမင်နိုင်ငံ၏လုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိသည်။ **(ဘီဘီစီ)**





# ကူမင်းဘူတာ ဓားကိုင်တိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ အမျိုးသားသုံးဦးအား ကွပ်မျက်

**ပေကျင်း မတ် ၂၄**

တရုတ်နိုင်ငံ ကူမင်းမြို့ ဓားကိုင်တိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်သော အမျိုးသားသုံးဦးအား သေဒဏ်ချမှတ် ကွပ်မျက်လိုက်ပြီဖြစ်ကြောင်း တရုတ်တရားရုံးတစ်ရုံးမှ တာဝန်ရှိသူများက ပြောသည်။

အစ်ခန်းဒါးအီးဟက်၊ တာဂန်တိုတွန်ရပ်နှင့် ဟက်ဘေးယန်းမိုဟာမက်တို့အား စက်တင်ဘာလအတွင်းက လူသတ်အကြမ်းဖက်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် ကွပ်မျက်လိုက်သည်ဟု ဆိုသည်။

၂၀၁၄ ခုနှစ် မတ်လက ကူမင်းဘူတာ၌ ဓားကိုင်တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ၃၁ ဦးသေဆုံးကာ ၁၄၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ခဲ့ပြီး ယင်းတိုက်ခိုက်မှုကြောင့် တရုတ်နိုင်ငံတစ်ဝန်း တုန်လှုပ်ချောက်ချားမှုဖြစ်ခဲ့ကြရသည်။

ပေကျင်းက ရှင်ကျန်းမှ မွတ်စလင်အစွန်းရောက်များ ပျံ့နှံ့လာမှုအပေါ် အပြစ်ဆိုခဲ့သည်။ ယင်းတို့သည် အာရှအလယ်ပိုင်းသို့ ပျံ့နှံ့လာနိုင်သည်ဟုဆိုသည်။ ရှင်ကျန်းဒေသသည် လူမျိုးစုအကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားရာဒေသဖြစ်သည်။

အဆိုပါ အမျိုးသားသုံးဦးသည် ကူမင်းဘူတာ တိုက်ခိုက်မှုတွင် ပါဝင်ခဲ့ခြင်းမရှိကြောင်း၊ သို့သော်လည်း အခြားသော အကြမ်းဖက်သမားများအား လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း ဆင်ဟွာသတင်းအေဂျင်စီကဖော်ပြသည်။

ယင်းတို့အား ဘူတာရုံတိုက်ခိုက်မှု မတိုင်မီ နှစ်ရက်အလို တရုတ်နိုင်ငံမှ ထွက်ပြေးရန်ကြိုးစားနေစဉ် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ **(ဘီဘီစီ)**

# အာဖဂန်လမ်းမပေါ်၌ သေနတ်သမားများက လူ ၁၃ ဦးကို သတ်ဖြတ်ခဲ့

**ကဘူးလ် မတ် ၂၄**

သေနတ်သမားများသည် အာဖဂန်နိုင်ငံအရှေ့ပိုင်း လမ်းမပေါ်တွင် ယာဉ်များကို တိုက်ခိုက်ခဲ့ပြီး ဘတ်စ်ကားတစ်စီးပေါ်မှ လူ ၁၃ ဦးထက်မနည်းကို ပစ်သတ်ခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောသည်။

ဝါဒက်ခ်ပြည်နယ် အုပ်ချုပ်ရေးမှူး၏ ပြောရေးဆိုခွင့်ရှိသူ အက်တာဟူလ ကိုဂျာနီက တိုက်ခိုက်ရေးသမားများသည် ယာဉ်သုံးစီးကို အဓိကထား တိုက်ခိုက်ခဲ့ကြောင်း ပြောသည်။ ကဘူးလ်မြို့ အရှေ့တောင်ပိုင်းတွင်ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုအတွက် မည်သည့်အုပ်စုကမျှ ဝန်ခံခြင်းမပြုခဲ့ဟု ပြောကြားခဲ့သည်။

အဆိုပါတိုက်ခိုက်မှုသည် သန်းခေါင်ယံလွန်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အာဖဂန်ခေါင်းဆောင် အာရှာရက်ပ်ဂါနီက လုံခြုံရေးကိစ္စရပ်အတွက် အမေရိကန်နှင့် ဆွေးနွေးမှုပြုလုပ်သောကြောင့် ယခုကဲ့သို့တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း ပြောခဲ့သည်။

အမျိုးသမီးတစ်ဦးအပါအဝင် လူ ၁၃ ဦးသည် ကဘူးလ်နှင့် ကန်ဒဟာကြားရှိ အဝေးပြေးလမ်းမပေါ်၌ ဘတ်စ်ကားပေါ်မှ ဆင်းလာစဉ် မျက်နှာဖုံးစွပ်သေနတ်သမားများက ပစ်သတ်ခဲ့သည်။ သေနတ်သမားများသည် ကားပေါ်မှဆင်းလာသူများကို တစ်ဦးချင်း ပစ်သတ်ခဲ့သည်ဟု အိမ်နီးချင်း ဂါဇနီပြည်နယ်၏ ဒုတိယအုပ်ချုပ်ရေးမှူးက AFP သတင်းဌာနသို့ ပြောခဲ့သည်။

ထိုဒေသရှိ ကျေးလက်ဒေသနေရာအတော်များများကို တာလီဘန်များက နှစ်ပေါင်းများစွာထိန်းချုပ်ထားသည်။ သို့သော် ၎င်းတို့သည် ယခုတိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်ခြင်းမရှိဟု ငြင်းဆိုခဲ့ပြီး တိုက်ခိုက်ခဲ့သူများကို ရှာဖွေရန်ကြိုးပမ်းမည်ဟု ပြောခဲ့သည်ဟု ဘီဘီစီအာဖဂန်သတင်းထောက် ဒေးဗစ်လယွန်က သတင်းပေးပို့ခဲ့သည်။ **(ဘီဘီစီ)**

# အမေရိကန်ပြည်ထောင်စု တက္ကသိုလ်တစ်ခုအနီး လူငါးဦး သေနတ်ထိမှန်ဒဏ်ရာရ

**တန်နက်ဆီ မတ် ၂၄**

တနင်္ဂနွေညက အမေရိကန်ပြည်ထောင်စု တန်နက်ဆီပြည်နယ်ရှိ တက္ကသိုလ်တစ်ခု ပရိဝုဏ်အနီးတစ်နေရာ၌ လူငါးဦး သေနတ်ပစ်ခံရပြီး ဒဏ်ရာရရှိခဲ့သည်။ တရားခံအား ကလပ်စ်ဗီလီရဲဌာနမှ စုံစမ်းရှာဖွေလျက်ရှိသည်။

အဆိုပါ သေနတ်ပစ်ခတ်မှုသည် အော်စတင်ပေးပြည်နယ် တက္ကသိုလ်နယ်မြေအနီး ဒေသစံတော်ချိန် ည ၉ နာရီက ဖြစ်ပွားခဲ့သည်ဟု ရဲအရာရှိနာတာလီဟောက ပြောသည်။

ဒဏ်ရာရရှိသူ နှစ်ဦးကို ဆေးဘက်ဆိုင်ရာ ကယ်ဆယ်ရေးရဟတ်ယာဉ်ဖြင့် လည်းကောင်း၊ နှစ်ဦးကို လူနာတင်ယာဉ်ဖြင့်လည်းကောင်း တင်ဆောင်ကာဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ဒဏ်ရာရရှိသူများထဲမှ ကျန်တစ်ဦးနှင့်ပတ်သက်ပြီး မသိရှိရသေးပေ။ တက္ကသိုလ်ပရိဝုဏ်အတွင်းရှိ ရဲများက တက္ကသိုလ်အဖွဲ့အစည်းအပေါ် အန္တရာယ်မရှိဟု ယူဆရသော်လည်း ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားသင့်သည်ဟု ဖေ့စ်ဘွတ်ခ်၌ ဖော်ပြခဲ့သည်။

သေနတ်ပစ်ခတ်မှုသည် ကျောင်းနှင့်ဆက်နွှယ်မှုရှိ မရှိဟူသော အချက်အပါအဝင် အခြားအသေးစိတ်အချက်အလက်များကို စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။ **(ရိုက်တာ)**

# အမေရိကန်မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုကြောင့် အာဖဂန်နစ္စတန်တွင် ပါကစ္စတန် တာလီဘန် ကိုးဦးသေဆုံး

**ကဘူးလ် မတ် ၂၄**

အင်္ဂါနေ့အစောပိုင်းက အာဖဂန်နစ္စတန် နန်ဂါဟာပြည်နယ်တွင် အမေရိကန် မောင်းသူမဲ့လေယာဉ် တစ်စင်းတိုက်ခိုက်မှုကြောင့် အနည်းဆုံးပါကစ္စတန် စစ်သွေးကြွကိုးဦး သေဆုံးခဲ့ကြောင်း ထောက်လှမ်းရေးအရာရှိများက ပြောခဲ့သည်။ ယင်းတိုက်ခိုက်မှုသည် အမေရိကန်နှင့်အာဖဂန်နစ္စတန်ရှိ ပါကစ္စတန် စစ်သွေးကြွများကို မောင်းသူမဲ့လေယာဉ်ဖြင့် ဆန့်ကျင်တိုက်ခိုက်သည့် မဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။

အင်္ဂါနေ့က မောင်းသူမဲ့လေယာဉ်တိုက်ခိုက်ခြင်းသည် မကြာသေးမီရက်များအတွင်း ပြင်းထန်သော တိုက်ပွဲများဖြစ်ပွားရာ ပါကစ္စတန်နယ်စပ်အနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ တိုက်လေယာဉ်များသည် ကေဘာဒေသ၊ တီရာတောင်ကြားရှိ နေရာအတော်များများကို တရစပ်တိုက်ခိုက်ခဲ့သောကြောင့် စစ်သွေးကြွအတော်များများ သေဆုံးခဲ့ကြောင်း သိရပြီး အစိုးရဘက်ကလည်း ခုနစ်ဦးကျဆုံးခဲ့သည်။

ပါကစ္စတန်စုံစမ်းထောက်လှမ်းရေးအရာရှိများက အင်္ဂါနေ့တိုက်ခိုက်မှုကို အတည်ပြုခဲ့သည်။ အဆိုပါတိုက်ခိုက်မှုကြောင့် ယခုလအစောပိုင်းတွင် တာလီဘန်တို့နှင့် မဟာမိတ်အဖြစ် ကြေညာထားသော ပါကစ္စတန်တာလီဘန်နှင့် လက်ရှိကာ-အက်-အစ္စလာမ်အုပ်စုဝင် စစ်သွေးကြွကိုးဦး သေဆုံးခဲ့ကြောင်း ၎င်းအရာရှိများက ထပ်မံပြောခဲ့သည်။

အာဖဂန်နစ္စတန်ရှိ မောင်းသူမဲ့လေယာဉ်တိုက်ခိုက်ခြင်းကို မည်သူတစ်ဦးတစ်ယောက်မျှ ခြေရာခံနိုင်ခြင်းမရှိပေ။ အဆိုပါဖြစ်ရပ်များသည် ဝေးလံခေါင်ဖျားသော ဒေသများတွင်ဖြစ်ပွားပြီး ၎င်းတို့ကို ဖော်ပြအစီရင်ခံခြင်းမရှိပေ။ သို့သော် တာလီဘန်တပ်မှူးများက လွန်ခဲ့သောနှစ်နှောင်းပိုင်းကတည်းက မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုများ များပြားလာကြောင်း ပြောခဲ့သည်။

ရှေးယခင်ကတည်းက အိမ်နီးချင်းကောင်းများမဟုတ်ခဲ့သော ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်တို့ တစ်ဖက်နှင့်တစ်ဖက် နွေးထွေးသောဆက်ဆံမှုများဖြစ်ပေါ်နေချိန်တွင် အဆိုပါ မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အာဖဂန်သမ္မတ အာရှရက်ဖ်ဂါနီကို လွန်ခဲ့သောနှစ်က ရွေးချယ်တင်မြှောက်ခဲ့ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ကောင်းမွန်လာခဲ့သည်။

အာဖဂန်အစိုးရနှင့် အာဖဂန်တာလီဘန်တို့ကြား ငြိမ်းချမ်းရေးစကားဆွေးနွေးပြောဆိုရန် အချိန်အခါကောင်းဖြစ်ကြောင်း ပါကစ္စတန်တို့က ပြောခဲ့သည်။

ပါကစ္စတန်သည် ၎င်းနိုင်ငံကို အခြေပြု နေထိုင်လှုပ်ရှားနေသော အာဖဂန်တာလီဘန်များကို ဆွေးနွေးညှိနှိုင်းရန် ဖိအားပေးနိုင်လိမ့်မည်ဟု သံတမန်များက ယုံကြည်မျှော်လင့်ထားသည်။ သို့သော်လည်း ပါကစ္စတန်တို့က ၎င်းနိုင်ငံတွင် အခြေပြုနေထိုင်သည့် ပါကစ္စတန်သောင်းကျန်းသူများကို ဆန့်ကျင်အရေးယူမှုများ ပြုလုပ်လိုကြောင်း ပြောခဲ့သည်။ **(ရိုက်တာ)**



# လက်ပံတန်းဖြစ်စဉ်တွင် ဥပဒေနှင့်အညီ ခေါ်ယူထိန်းသိမ်းစစ်မေးခဲ့သူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံ

**နေပြည်တော် မတ် ၂၄**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းဖြစ်စဉ်မှ ဥပဒေနှင့်အညီ ခေါ်ယူထိန်းသိမ်းစစ်မေးခဲ့သည့်သူများအနက်မှ တက္ကသိုလ်၊ ကောလိပ်များ၌ အမှန်တကယ် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများကို စိစစ်၍ ၂၈ ဦးကို ဆက်လက်ပညာသင်ကြားနိုင်ရေး သက်ဆိုင်ရာဒေသအသီးသီးရှိ မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံစေလွှတ်ပေးခဲ့ရာ မတ် ၁၇ ရက်နေ့အထိ သတင်းထောက်နှစ်ဦးအပါအဝင် စုစုပေါင်း ၃၀ ကို ပြန်လည်စေလွှတ်ပေးခဲ့ပြီးဖြစ်သည်။

အဆိုပါဖြစ်စဉ်မှ ဥပဒေနှင့်အညီ ထိန်းသိမ်းထားသူများကို ဆက်လက်စိစစ်ဆောင်ရွက်ပြီး အမျိုးသား ၁၉ ဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း ၂၀ ကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက လိုအပ်သည်များ ရှင်းလင်းမှာကြားပြီး သက်ဆိုင်ရာမိဘအုပ်ထိန်းသူများနှင့် ဆွေမျိုးများထံ ပြန်လည်အပ်နှံ စေလွှတ်ပေးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သိရသည်။

**(သတင်းစဉ်)**




# ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနား ကွမ်းလုံ၌ကျင်းပ

**ကွမ်းလုံ မတ် ၂၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမြို့နယ်၌ ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို မတ် ၂၄ ရက် နံနက် ၁၁ နာရီက ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကွမ်းလုံ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသိန်းမြို့က တီဘီရောဂါအကြောင်း သိကောင်းစရာများနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

ပြည်တွင်းသတင်း

# လက်ပံတန်းဖြစ်စဉ်တွင် မိဘဆွေမျိုးများထံ ပြန်လည်အပ်နှံစေလွှတ်ခဲ့သူများ

| စဉ် | အမည် | အသက် | အဘအမည် | နေရပ်လိပ်စာ |
|---|---|---|---|---|
| ၁။ | တိုးအောင် | (၄၄)နှစ် | ဦးထွန်းမြင့် | ၄လမ်း၊ မြောက်ပိုင်း၊မင်းရပ်ကွက်၊ လက်ပံတန်းမြို့။ |
| ၂။ | စိုးဝင်းအောင် | (၂၅)နှစ် | ဦးအောင်မြင့်သန်း | ပြည်တော်အေးလမ်း၊ လက်ပံတန်းမြို့။ |
| ၃။ | မျိုးသိန်း(ခ)ကံကောင်း | | ဦးမျိုးအောင် | ၄လမ်း၊ စည်ပင်ဝင်း၊ လက်ပံတန်းမြို့။ |
| ၄။ | ချစ်လင်းစိုး | (၂၅)နှစ် | ဦးစိုးဝင်း | ရှမ်းကွင်းရွာ၊ နဘဲလမ်း၊ လက်ပံတန်းမြို့။ |
| ၅။ | အောင်သူ | (၂၈)နှစ် | ဦးစိန်ဟန် | တာဆိပ်ကျေးရွာ၊ နတ်စင်ကုန်းအုပ်စု၊ လက်ပံတန်းမြို့။ |
| ၆။ | အောင်ဇော်မင်း | (၃၈)နှစ် | ဦးကြည်သိန်း | လက်ပံပင်စုရွာ၊ မင်းရပ်ရပ်ကွက်၊ လက်ပံတန်းမြို့။ |
| ၇။ | သူရဇော် | (၃၅)နှစ် | ဦးဇော်မင်း | စိန်တုံးရပ်ကွက်၊ လက်ပံတန်းမြို့။ |
| ၈။ | အောင်ဆန်း | (၂၅)နှစ် | ဦးသန်းထွန်း | ပေါက်ကုန်း၊ ပြည်တော်အေး၊ လက်ပံတန်းမြို့။ |
| ၉။ | အေးလွင် | (၃၇)နှစ် | ဦးလှမြင့် | တော်လသာကျေးရွာ၊ လက်ပံတန်းမြို့။ |
| ၁၀။ | သူရ(ခ)ချွန်ကြီး | (၂၈)နှစ် | ဦးမြင့်ဦး | ကညင်းဆိပ်ကျေးရွာ၊ ဘီးလင်းတန်းရပ်ကွက်၊ လက်ပံတန်းမြို့။ |
| ၁၁။ | ကျော်သူဝင်း(ခ) ကျော်သူ | (၂၉)နှစ် | ဦးမြင့်အေး | ကညင်းဆိပ်ကျေးရွာ၊ ဘီးလင်းတန်းရပ်ကွက်၊ လက်ပံတန်းမြို့။ |
| ၁၂။ | မျိုးကျော်သူ(ခ) ဖိုးဖြူ | (၃၅)နှစ် | ဦးတင်လှိုင် | ကညင်းဆိပ်ကျေးရွာ၊ ဘီးလင်းတန်းရပ်ကွက်၊ လက်ပံတန်းမြို့။ |
| ၁၃။ | ထက်ဦးအောင်(ခ) ချစ်ရင်ထူး | (၂၃)နှစ် | ဦးတင်ထွန်းအောင် | လမ်းသွယ်(၁)၊ မင်းရပ်ရပ်ကွက်၊ လက်ပံတန်းမြို့။ |
| ၁၄။ | ထွန်းထွန်းလင်း(ခ) စနေ | (၃၂)နှစ် | ဦးတင်လှ | တော်ပီစိပြကျေးရွာ၊ ညောင်လေးပင်မြို့။ |
| ၁၅။ | ညွှန့်ဝင်း | (၄၂)နှစ် | ဦးစံရွှေ | မိုးချိုစုရွာ၊ ရေကန်အုပ်စု၊ လက်ပံတန်းမြို့။ |
| ၁၆။ | အောင်မျိုးမင်း(ခ) အောင်အောင် | (၃၂)နှစ် | ဦးဝင်းထွန်း | ပုလဲကုန်းရွာ၊ မင်းလှမြို့။ |
| ၁၇။ | ရဲမင်းအောင် | (၃၂)နှစ် | ဦးကြည်အေး | သက္ကယ်ကုန်းရွာ၊ ပုတိမ်စုအုပ်စု၊ လက်ပံတန်းမြို့။ |
| ၁၈။ | လှမျိုးဦး(ခ)ဂျာလီ | (၂၇)နှစ် | ဦးမြင့်ဦး | စလမ်း၊ မြို့မရပ်ကွက်၊ လက်ပံတန်းမြို့။ |
| ၁၉။ | ကိုချစ်(ခ)ထွန်းထွန်းနိုင် | (၁၅)နှစ် | ဦးဘိုနီ | ပေါက်ကုန်းလမ်း၊ ဘီးလင်းတန်းရပ်ကွက်၊ လက်ပံတန်းမြို့။ |
| ၂၀။ | တင်တင်ညို(ခ)ညိုကြီး | (၂၃)နှစ် | ဦးဖြူ | ဘောဂလမ်း၊ မြို့မရပ်ကွက်၊ လက်ပံတန်းမြို့။ |

# သင်္ကြန်ပွဲတော်ကာလအတွင်း မူးခင်းမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး ပညာပေးဆွေးနွေးခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိ

**ရန်ကုန် မတ် ၂၄**

၁၃၇၆ ခုနှစ် မြန်မာနှစ်ကူး အတာသင်္ကြန်ပွဲတော်ကာလအတွင်း အများပြည်သူအနေဖြင့် စိတ်အေးချမ်းမြေ့ပျော်ရွှင်စွာ ရေကစားနိုင်ရေး အတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က မူးခင်းကြိုတင်ကာကွယ်ခြင်းအဖြစ် ခိုး၊ ဆိုး၊ လု၊ နှိုက်များ ဖမ်းဆီးအရေးယူခြင်းကို စီမံချက်များချမှတ်ကာ ဆောင်ရွက်လျက်ရှိသည့်အပြင် မူးယစ်ဆေးဝါးနှင့် လိင်စိတ်နိုးကြွစေသောဆေးဝါးများသုံးစွဲခြင်း၊ ရောင်းဝယ်ခြင်းများ မရှိစေရေးအတွက် ပညာပေးဆွေးနွေးမှုများကိုလည်း ခရိုင်၊ မြို့နယ်အသီးသီး၌ မတ် ၁၉ ရက်မှ စတင်ကာ ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာအဖွဲ့တို့မှ ဝန်ထမ်းများ၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများပါဝင်သောအဖွဲ့နှင့်အတူ နယ်မြေအတွင်းရှိ ဆေးဆိုင်ပိုင်ရှင်များအား တွေ့ဆုံကာ မတ် ၁၉ ရက်မှ ၂၄ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ၁၄ မြို့နယ်၌ (၈၂)ကြိမ်၊ အနောက်ပိုင်းခရိုင် ၁၃ မြို့နယ်၌ (၄၃)ကြိမ်၊ တောင်ပိုင်းခရိုင်နှစ်မြို့နယ်၌ (၅)ကြိမ်၊ မြောက်ပိုင်းခရိုင် ရှစ်မြို့နယ်၌ (၃၇)ကြိမ် ပညာပေးဟောပြောခြင်းနှင့် ဆေးဆိုင်များအား ပညာပေးဟောပြောခြင်းများကို ပြုလုပ်ဆောင်ရွက်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် သင်္ကြန်ပွဲတော်ကာလအတွင်း အများပြည်သူမှ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် မူခင်း ကြိုတင်ကာကွယ်တားဆီးမှု လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ရန်ကုန်မြို့ သာကေတမြို့နယ်အတွင်းရှိ ဆေးဆိုင်များသို့ သာကေတမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းကျော်၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာသိန်းထွန်းနှင့်အဖွဲ့က လိင်စိတ်ကြွဆေးများနှင့် တရားမဝင် တားမြစ်ဆေးများ ရောင်းချခြင်း ရှိ မရှိ မတ် ၂၄ ရက်က စစ်ဆေးဆောင်ရွက်စဉ်။ (၀၂၀)

PUN HLAING HOSPITAL
ISO 9001:2008
ISO 14001:2004

အရိုးအကြောနှင့်ကျီးပေါင်းရောဂါဝေဒနာရှင်များအတွက်သတင်းကောင်း

အရိုးအကြောနှင့် ကျီးပေါင်းရောဂါဆိုင်ရာ စစ်ဆေးကုသမှုများအတွက် နိုင်ငံခြားသို့သွားရောက်ကုသရန်မလိုတော့ပါ......

မတ်လ ( ၂၇ ) ရက်နေ့မှ ( ၃၁ ) ရက်နေ့အထိ

မလေးရှားနိုင်ငံမှ နှစ်ပေါင်းများစွာ အတွေ့အကြုံရှိသော အထူးကုဆရာဝန်ကြီးမှ

- လည်ပင်းအရိုးကျီးပေါင်းဝေဒနာ၊ ခါးဆစ်ရိုးနာ၊ အကြောညပ်စသောကျောရိုးဆစ်ရောဂါများ (Minimally Invasive Spine Surgery)
- မှန်ပြောင်းဖြင့်အဆစ်အတွင်းရောဂါရှာဖွေကုသခြင်း (Arthroscopy)
- တင်ပါးဆုံဆစ်နှင့်ဒူးဆစ်ပိုင်းဆိုင်ရာအစားထိုးကုသခြင်းများ (Total Hip and Knee Replacement) နှင့်
- အခြားအရိုးအကြောဆိုင်ရာကုသခြင်းများကိုလာရောက်ဆွေးနွေးတိုင်ပင်ကုသပေးမည်ဖြစ်ပါသည်။



LIKE US ON facebook
Pun Hlaing Hospital

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၀၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၈၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၀ Email : marketing-phih@spa-mm.com

နှစ် (၇၀) ပြည့် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

# သင်၏နိုင်ငံ၊ ပိုင်းရုံခြားသီး၊ တပ်နှင့်ဆီးလော့

ဗေယျာသား(အောင်လံမြို့နယ်)

မြန်မာပြည်သူများအတွက် အရေးအကြီးဆုံးမှာ နိုင်ငံတော်၏ လွတ်လပ်ရေး တည်တံ့ခိုင်မြဲရေးသာလျှင် ဖြစ်သည်။ နိုင်ငံတော်လွတ်လပ်ရေးတည်တံ့ခိုင်မြဲရေး အတွက် မြန်မာပြည်သူတို့သည် ငြိမ်းချမ်းရေးကို မြတ်နိုး သူများဖြစ်စေကာမူ တိုင်းတစ်ပါးနယ်ချဲ့ဝါဒီကိုလိုနီ လက်သစ်တို့၏ရန်ကို ကာကွယ်ရန်အတွက် စစ်ရေးကို ပစ်ပယ်၍ မရနိုင်ပါ။

လူ့သမိုင်းအစမှ ယနေ့အထိ စစ်ပွဲများအတိဖြင့် ပြည့်နှက်နေသော ကမ္ဘာကြီးတွင် စစ်မြေပြင်အဖြစ် စဉ်ဆက်မပြတ် ဖြတ်သန်းနေကြကြောင်းတွေ့ရှိရမည် ဖြစ်သည်။ စစ်ဟူသည် လူပေါ်ဦးစကပင် လူနှင့်အတူ ယှဉ်တွဲ ပေါ်ပေါက်လာသည်ဟုဆိုပါက လွန်အံ့မထင်ပါ။ လူမှန်သမျှ အချစ်နှင့်မကင်းသလို တိုင်းနိုင်ငံမှန်လျှင် လည်း စစ်နှင့်မကင်းနိုင်ကြပေ။

တိုင်းနိုင်ငံမပေါ်ခင်ကပင် အစုအဖွဲ့နှင့်နေထိုင် နေကြသည့် လူတို့သည် နေရာ၊ ဥစ္စာဓန၊ အစားအစာ သုံးရပ်ကို တပ်မတော်အားနှင့် ကျားကန်ထားရန်ဖြစ်ပေ သည်။ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အား ရှိသည်ဟူသည့် ဆောင်ပုဒ်က ကမ္ဘာ့သမိုင်းတွင် ကမ္ဘာ တည်သရွေ့ဆိုရိုးပြုရမည့် စကားဖြစ်ပါသည်။

တပ်မတော်ကြီးတစ်ရပ်သည် စစ်ပွဲဆင်နွှဲရာတွင် စစ်သည် မည်သို့အသွင်ဆောင်သည်ဖြစ်စေ၊ အမျိုး အစားမှာ အောက်ပါနှစ်မျိုးသာရှိသည်။

(က) မတရားသောစစ်

(ခ) တရားသောစစ်

မတရားသောစစ်ဟူသည် ကိုလိုနီနယ်ချဲ့ဖက်ဆစ် အင်အားကြီးနိုင်ငံက အင်အားချည့်နဲ့နိုင်ငံကို ကျူးကျော် စော်ကားခြင်း၊ နယ်မြေကိုသိမ်းပိုက်၊ လူကိုကျွန်ပြု၊ သယံဇာတကို အနိုင့်ထက် လုယူ၊ စာပေယဉ်ကျေးမှုများကို ဖျက်ဆီး၊ အမျိုးသမီးများကို အဓမ္မသိမ်းပိုက်၊ မူးယစ် ဆေးဝါးများရောင်းချ စသည့် မတရားသောစစ်၏ ယုတ်မာမှုများမှာ ရေး၍ကုန်နိုင်ဖွယ်မရှိပါ။



လိုချင်တပ်မက်ဒေါသကြောင့် မောဟဖုံးလွှမ်းကာ စစ်၏ အနိဋ္ဌာရုံများကို ဖြစ်ပေါ်စေသည်။ ဤသို့တိုက်ခိုက် ရုန်းကန်ရင်း လူ့သမိုင်းလည်း တိုးတက်လာခဲ့ကြရသည်။ လူသည်အသက်ရှင်ရပ်တည်ရန်အတွက် လည်းကောင်း၊ နိုင်ငံအတွက်လည်းကောင်း စစ်ပွဲဆင်နွှဲနေကြသည်မှာ လူ့လောကဓမ္မတာထုံးစဉ်လာတစ်ရပ်ဖြစ်ပေါ်နေသည် ဟု ဆိုရပေမည်။

သို့ဖြစ်၍ အင်အားကြီးသူက အင်အားချည့်နဲ့သူကို ဖိနှိပ်၊ လက်နက်အားကိုးနှင့် ကျူးကျော်တိုက်ခိုက်သိမ်းပိုက် ဗိုလ်ကျစိုးမိုးရေးတို့ကို တားဆီးနိုင်ရေး၊ မိမိနိုင်ငံ အစော် ကားမခံရရေး၊ အနိုင်ကျင့်ခံရပြီး မဆုံးပါးရေးအတွက် နိုင်ငံ၏တပ်မတော်ကို တည်ထောင်ထားရမည်။ တပ်မ တော်သာ အားကိုးဖွယ်ရာဖြစ်ပါသည်။

ထို့ကြောင့် မြန်မာစစ်ပါရဂူ ကုန်းဘောင်ခေတ် အမတ်ကြီး လက်ဝဲသုန္ဒရ၏ နန္ဒိသေနပျို့အပိုဒ်(၃၄) တွင်-

**“ဤသို့စေ့ရေ၊ ဖြစ်သောထွေကြောင့်၊ မြေရေ အတွင်း၊ သူကမင်းကို၊ မချင်းမဝင်၊ ပါစေချင်တည့်၊ သင်၏နိုင်ငံ၊ ပိုင်းရုံခြားသီး၊ တပ်နှင့်ဆီးလော့”**. . .

ဟူ၍ပြဆိုခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်ကာကွယ်စောင့်ရှောက်ရန်၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရန်၊ နိုင်ငံတော်မပြိုကွဲရန်၊ မဏ္ဍိုင်

မတရားသောစစ်နှင့်ဆန့်ကျင်ဘက်သည် တရား သောစစ်ဖြစ်သည်။ မိမိတို့ လွတ်လပ်ရေးကို ပြန်လည်ရရှိ အောင် တိုက်ခိုက်ရသော အမျိုးသားလွတ်မြောက်ရေးစစ်၊ အချုပ်အခြာအာဏာနှင့် တိုင်းပြည်နယ်ပယ်ကို ထိပါး ကျူးကျော်လာသဖြင့် ခုခံတွန်းလှန်သောစစ်၊ အာဏာ ရှင် ဖိနှိပ်ချုပ်ချယ်သွေးဖည်သူများအား ပြည်သူနှင့် အတူ လက်တွဲ၍ ပြည်သူ့နည်းဖြင့် ဆင်နွှဲတိုက်ရသော စစ်များဖြစ်ပါသည်။ တရားသောစစ်ကို ဆင်နွှဲသူသည် အမှန်တရားဘက်မှ ရပ်တည်နေလျက် မတရားမှုကို ပယ် ဖျက်သူများ ဖြစ်ပါသည်။

ယနေ့ မြန်မာ့တပ်မတော်သည် နယ်ချဲ့ဆန့်ကျင်ရေး တိုင်းပြည်လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရန်အတွက် စတင်ပေါ်ပေါက်ခဲ့သည့် တပ်မတော် (ဘီအိုင်အေ)မှ သန္ဓေတည်ခဲ့သည်။

**“နှမလေးပျို၊ သူတို့မောင်မှာ၊**
**စစ်သံကြားလျှင်၊**
**နာဖျား ဥပါယ်ခိုကြတယ်၊**
**နှမလေး ပျိုတို့မောင်မှာ၊**
**စစ်သံကြားလျှင်**
**ရွှေဓားပိုက်ကာ၊ အိုးစားဖက်ကို၊ လိုက်လို့ငယ်ရှာသည်”**

ဟူ၍ တောင်တွင်းရှင်ငြိမ်းမယ် (သက္ကရာဇ် ၁၁၀၀) ဖွဲ့ဆိုသည့် လင်္ကာအတိုင်း အယုတ်အလတ်အမြတ်မရွေး လှည်းနေ လှေအောင်း၊ မြင်းဇောင်းမကျန်၊ နိုင်ငံအဝန်း၊ လူငယ်လူရွယ်မောင်မယ်တို့ မြန်မာတပ်မတော်သို့ ဝင်ခဲ့ကြ သည်။

စစ်သည်တော်တို့သည် မြန်မာပီပီ ရဲစွမ်းသတ္တိအပြည့် နှင့် စစ်မြေပြင်သို့ ထွက်ခဲ့ကြသည်။

**ရန်သူညိုးဖတ်၊ နှောင့်ယှက်ငြိတွယ်၊**
**အန္တရာယ်တည့်၊ အကယ်မျက်မြင်**
**စိုးစဉ်းထင်မူ၊ သေရှင်အရေး**
**နှစ်တွေးမရည်၊ စွန့်အံ့သည်ဟု**
**ဆောက်တည်သောလျောက်။**
**စွန့်ခွင့်ရောက်မူ၊ ရှုံ့ကြောက်မဲ့တွန်**
**နိုင်ငံဝန်၌၊ ကုမ္ဘဏ်ယက္ခ၊**
**နာဂခြသေ့်၊ ရင်ဆိုင်တွေ့လည်း**
**ခွာ၍မတွန့်၊ အသက်စွန့်လော့။**

ဟူ၍ ရှင်မဟာရဋ္ဌသာရ ဆရာတော်က ဂမ္ဘီသာရပျို့ တွင် ပြဆိုသည့်အတိုင်း မြန်မာတို့သည် ရှေးနှစ်ပေါင်း များစွာမှ ယနေ့အထိ နိုင်ငံအတွက် သက်စွန့်ကြိုးပမ်း အမှုတော်ထမ်းကြသူများ ဖြစ်သည်။

မြန်မာ့တပ်မတော်သားတို့သည် အစဉ်တစိုက် ယနေ့ ထက်တိုင် ရန်သူဟူသမျှ ကမ္ဘာပေါ်တွင် မည်သူ့ကိုမှ မကြောက် ချေမှုန်းစစ်ဆင်နွှဲသည့်သူများဖြစ်ကြောင်းကို လက်ဝဲသုန္ဒရ အမတ်ကြီး၏ နန္ဒိသေနပျို့တွင် -

**သူတို့မှတ်ရိုး၊ စစ်မက်ထိုးသော်၊**
**အားကြိုးတင်းတင်၊ လူချင်းချင်းကို၊**
**ဘယ်မင်းဘက်ပြိုင် ဘယ်တပ်ဆိုင်အံ့၊**
**သူ့နိုင်ငံသား သံမှုန့်စားမှ၊**
**တို့ဓားတုံးမည်၊ မှတ်တော်တည်လော့။**

ပြဆိုသည့်အတိုင်း မြန်မာတို့ ရဲဝံ့စွန့်စားကြ၏။

ယနေ့ မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်အရင်းခံ သူရ သတ္တိနှင့် ပြည့်စုံမှုရှိပြီးဖြစ်၍ စစ်မြေပြင်၌ အရောင်တင် ဖြည့်ဆည်းပေးရန်မှာ စစ်ပညာနှင့် စစ်လက်နက်ပစ္စည်းများ ဖြစ်သည်။

မြန်မာတို့၏စစ်ပညာသည် ဓားခေတ်၊ လှံခေတ်၊ လှေ ခေတ်၊ စစ်ပွဲခေတ်ကမည့်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများ ကပင် အေဒီ ၁၀၄၄ ပုဂံလက်နက်နိုင်ငံတော်ကြီးမှ အေဒီ ၁၁၇၆ ကုန်းဘောင်ရွှေပြည်ဆင်ဖြူရှင်မင်းတရားအထိ ခံ့ညားခဲ့ရသည်။ အမိမြန်မာနိုင်ငံ၏တပ်မတော်သည် စစ်ပညာကျမ်း၊ စစ်သေနင်္ဗျူဟာကျမ်းများနှင့်ပြည့်စုံခဲ့ သည်။ ကမ္ဘာပေါ်တွင် စစ်အတတ်ပညာကို လေ့လာကြ ရာ၌ ပါရဂူဆန်ဇုမှသည် ကလော့ဇ်ဝိတ်၊ နပိုလီယံ၊ ရွှမ်းမဲလ်၊ ဝေဗလ်၊ မောင်ဂိုမာရီ၊ မောင့်ဘက်တန်၊ မော်စီ တုံး-တို့၏ စစ်ပညာကျမ်းများကိုယှဉ်နိုင်သည့် မြန်မာ့စစ် ပညာကျမ်းသည် ရှေးမွန်မဆွကပင်ရှိခဲ့ပါ၏။

မြန်မာနှင့်ကမ္ဘာလက်နက်ချင်းယှဉ်၍ စစ်ပညာအပြိုင် ရွက်လွှင့်ခဲ့စဉ်က ကမ္ဘာ့ပထမဆုံးစစ်ပါရဂူ၊ သေနင်္ဗျူဟာ ကျမ်းများ ရေးဖွဲ့သည့် ကလော့ဇ်ဝိတ်(ခရစ် ၁၇၈၀-မွေးဖွား) ထက်စော၍ ကုန်းဘောင်ရွှေပြည်လက်ဝဲသုန္ဒရ အမတ်ကြီးသည် စစ်ဆင်စစ်တက် စစ်ပညာကျမ်းကြီးများကို ရေးသားခဲ့သည်။ နန္ဒိသေနပျို့ကို ကလော့ဇ်ဝိတ်မမွေးခင် (ခရစ် ၁၇၆၆ မြန်မာသက္ကရာဇ် ၁၁၂၈) ခုနှစ်တွင် ရေး သားခဲ့ပြီး ကလော့ဇ်ဝိတ် မတ်တတ်ပြေးစအရွယ် (ခရစ် ၁၇၈၅-မြန်မာ သက္ကရာဇ် ၁၁၄၇) ခုနှစ်တွင် ဗျူဟာစက္ကိ ပျို့စစ်ပညာကျမ်းကို ရေးသားခဲ့သည်။

ယင်းသေနင်္ဗျူဟာကျမ်းများသည် ခေတ်မီသော စစ်ပညာရပ်များဖြစ်ကြောင်း ဗိုလ်ချုပ်အောင်ဆန်းမှ “သေနင်္ဗျူဟာ စစ်ပညာ”ဆောင်းပါးဖြင့် ရေးသားဂုဏ် ပြုခဲ့သည်ကို ပင်ရင်းမြန်မာစကားပြေလက်ရွေးစင်စာ အုပ် (ပညာရေးဌာနကျောင်းသုံးစာအုပ် စာပေဗိမာန် ၁၉၇၄)မှ ကောက်နုတ်ဖော်ပြလိုပါသည်။

**(က) ကမ္ဘာစစ်ကြီးတွင်အသုံးပြုသည့် မြေကတုတ် (Trench) တိုက်ပွဲများကို မြန်မာကစခဲ့သည် မဟုတ် ပါလော။**

**(ခ) ဂဠုန်တောင်ကဲ့သို့ စစ်ထိုးခြင်းမျိုးမှာ ယခုတိုင် သုံးနေရသော (Encirclement Strategy, Enve-olping Tactics) ရန်သူအား ပိုက်သိမ်း၍ ဝိုင်းဝန်း၍ ဘေးပန်း၍ တိုက်နည်းသည် ယနေ့တိုင်အသုံးပြုနေရဆဲ ဖြစ်သည်။**

**(ဂ) ဟစ်တလာသုံးသည့် ဂျာမန် (Infiltration Tactics) စစ်မက်ရာထိုးဖောက်တိုက်နည်းသည် ဥသဘ ဗျူဟာစစ်ထိုးပုံနှင့် ဆင်သည်။ ၎င်းအပြင် ဘလစ်ဇကရိ (Blitzkrieg) လျှပ်စစ်ကဲ့သို့လျင်မြန်စွာ စစ်ဆင်နည်းမှာ ဝါရိဝေဂဗျူဟာနှင့်သဘောဖြင့် ဆင်သည်**----ဟု ရေးသားခဲ့သည်ကို ကောက်နုတ်ဖော်ပြပါသည်။

စစ်ပညာကျမ်းများ၏ အနှစ်သာရကို သိရှိကြပြီး နောက် စစ်ရေးစစ်ရာတွင် ခေတ်မီသော လက်နက်၊ ယာဉ်၊ စစ်ရိက္ခာ၊ အုပ်ချုပ်ရေးစသည်တို့ဖြင့် ကမ္ဘာ့ အဆင့်မီရပ်တည် နိုင်အောင် ကြိုးပမ်းကြရမည်။ ယုတ်စွ အဆုံး ခေတ်မီကြည်းတပ်၊ လေတပ်၊ ရေတပ်ပြည့်စုံ၍ နျူကလီးယားအဏုမြူ စွမ်းအားလက်နက်ကို ပိုင်ဆိုင်နေ သည့် တပ်မတော်ကြီး ဖြစ်သည်အထိ ကြိုးပမ်းကြရမည် ဖြစ်ပါသည်။ “တပ်မတော်အင်အားရှိမှ တိုင်းပြည် အင်အားရှိမည်” ဆိုသည့် အဆိုအမိန့်ကို အလေးထား ရမည်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းမှ **“ဗမာနိုင်ငံကဲ့သို့ လက်နက် စစ်အင်အားချို့တဲ့နေ၍ လူဦးရေနည်းသော နိုင်ငံအဖို့ မှာမူ စစ်ရေးကိစ္စတွင် ရှေ့တန်းစစ်သည်တော်တို့နှင့်သာ လွှဲအပ်မထားဘဲ နိုင်ငံသူ၊ နိုင်ငံသားများအား ပါဝင် ဆောင်ရွက်နိုင်ရန် အသင့်ရှိသင့်ကြပေသည်”** ဟူ၍လည်း ဖော်ပြထားသည်မှာ ကျွန်တော်တို့မြန်မာနိုင်ငံ၏အနာ ဂတ်လုပ်ဆောင်ရမည့် ပဟောစာတမ်းဖြစ်သည်ဟု ယုံ ကြည်ပါသည်။

မြန်မာနိုင်ငံတော်အတွက် တပ်မတော်သားများသည် ဗြိတိသျှ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲ (၁၉၄၁ ဒီဇင်ဘာ လမှ ၁၉၄၂ မတ်လအထိ)၊ ဖက်ဆစ်ဂျပန်တော်လှန်ရေး တိုက်ပွဲ (၁၉၄၅ မတ်လ ၂၇ မှ ဩဂုတ်လအထိ)၊ ၁၉၄၉ ခုနှစ် ကုန်ကျူးကျော်လာသည့် ကူမင်တန်တရုတ်ဖြူတပ် များကို ၁၉၅၀ ပြည့်နှစ်မှ ၁၉၆၁ ခုနှစ်အထိ တွန်းလှန် တိုက်ထုတ်နိုင်ခဲ့၏။

တိုင်းပြည်နှင့်လူမျိုးအတွက် အသက်သွေးချွေး မြောက်မြားစွာ ပေးဆပ်ခဲ့ကြရသည်။ နိုင်ငံအတွက် အသက် စွန့်၍ ရဲရင့်ပြောင်မြောက်စွာ တိုက်ပွဲဝင် သူရဲကောင်း များစွာ ပေါ်ထွန်းလာခဲ့သည်။ မြန်မာနိုင်ငံ၏ အမြင့်ဆုံး သူရဲကောင်း စစ်သည်ကို ဂုဏ်ပြုဆုပေးသည်။ အောင် ဆန်းသူရိယဘွဲ့မှစ၍သီဟသူရ၊ သူရဘွဲ့ထူးဂုဏ်ထူးရှင် စစ်သည်များ ပေါ်ထွန်းခဲ့သည်။

မြန်မာတို့၏သူ့ကျွန်မခံလိုသော စိတ်ဓာတ်၊ နိုင်ငံ တာဝန်ထမ်းဆောင်ကြသည့် စိတ်ဓာတ် မည်မျှခိုင်မြဲ ကောင်းမွန်ကြောင်းကို လက်ဝဲသုန္ဒရအမတ်ကြီး၏ နန္ဒိ သေနပျို့တွင်----

**“မြိုင်ဝေတောကြီး၊ ဤခရီးဝယ်၊ ချည်းနှီးသက်သက်၊ သေသောထက်ကား၊ ဆက်လက်တညီ၊ တစီတလျဉ်၊ သားစဉ်မြေးမြစ်၊ ပြောထုံးဖြစ်အောင်၊ တစစ်တမတ်၊ ကိုယ်နှင့်သက်ကို၊ နှင်းဆက်တိုက်မည်၊ အားသံရည်၍၊ ဦးလည်မသုန်၊ ထမ်းပါကုန်လော့။”**----

ပြဆိုသည့်အတိုင်း----

အချည်းနှီးသက်သက် အသက်သေဆုံးမည်ထက် နိုင်ငံတော်အတွက် သားစဉ်မြေးဆက်ပြောထုံးဖြစ်အောင် တိုက်ခိုက်ရင်း အသက်စွန့်သွားသည့် တိုက်ပွဲဝင် မြန်မာ တပ်မတော်သားများကား ရဲသော်မသေ သေသော်ငရဲ မလား၊ နိုင်ငံ၏သူရဲကောင်းမှတ်တမ်းဝင်များ၊ မြန်မာ့ သမိုင်းရာဇဝင်ရေးထိုးခဲ့သည့် သူရဲကောင်းများ ဖြစ်ပါ သည်ဟု ဂုဏ်ပြုအပ်ပါသည်။

## တိုက်ပွဲဝင် မြန်မာတပ်မတော်သားများကား ရဲသော်မသေ သေသော်ငရဲမလား၊ နိုင်ငံ၏သူရဲကောင်းမှတ်တမ်းဝင် များ၊ မြန်မာ့သမိုင်းရာဇဝင်ရေးထိုးခဲ့သည့် သူရဲကောင်း များဖြစ်. . .

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကြမ်းနှင့် မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူ

**နေပြည်တော် မတ် ၂၄**

ပြည်ထောင်စုလွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၃၂ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုအဖွဲ့အစည်းဝင်များက တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးအတည်ပြုခဲ့သည်။

ယင်းဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုနိုင်ရန် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုခဲ့သည်။

ထို့ပြင် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းနှင့် မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူခဲ့သည်။

**(သတင်းစဉ်)**



ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ကလေးဝမြို့နယ် လွတ်လပ်ရေးကျောက်တိုင်နှင့်ပန်းခြံကို ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်ပေးသွားမည်

**နေပြည်တော် မတ် ၂၄**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် ကလေးဝမဲဆန္ဒနယ်မှ ဦးစိုးသိမ်း၏ **ကလေးဝမြို့နယ်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏သမိုင်းမှတ်တိုင်ဖြစ်သော လွတ်လပ်ရေးကျောက်တိုင်ကို တစ်နည်းအားဖြင့် ပထမအကြိမ်လွှတ်တော်အရပ်ရပ်၏ သမိုင်းကျောက်တိုင်အဖြစ် ၂၀၁၆ ခုနှစ် လွတ်လပ်ရေးနေ့မတိုင်မီ စိုက်ထူပေးရန်အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၏စီမံမှုဖြင့် ကလေးဝမြို့နယ်စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ပြည်သူများလွတ်လပ်ရေးအနှစ်သာရရှိစေရေးနှင့် အပန်းဖြေစေနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း။



**ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြေကြားစဉ်။** (သတင်းစဉ်)

ကလေးဝမြို့နယ် လွတ်လပ်ရေးကျောက်တိုင်နှင့်ပန်းခြံကို မြို့အထွက် မြစ်သာ တံတားအဆင်းရှိ မြေဧက ၀ ဒသမ ၀၆၄ ဧကရှိ မြေလွတ်နေရာပေါ်တွင် မြေလွှဲပြောင်းနိုင်ရေး ဆောင်ရွက်ပြီးဖြစ်သည့်အတွက် ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့်၏ **အုတ်တွင်းမြို့နယ်နှင့် ထန်းတပင်မြို့နယ်သို့ ဆက်သွယ်ထားသော စစ်တောင်းမြစ်ကူးတံတား တည်ဆောက်ပေးရန်အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက အုတ်တွင်း-ထန်းတပင် ဆက်သွယ်မည့်မြစ်ကူးတံတား တည်ဆောက်ရန်အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်ရန်ပုံငွေတွင် ခွင့်ပြုထားခြင်းမရှိပါကြောင်း၊ အဆိုပါ တံတားတည်ဆောက်မည်ဆိုပါက အသေးစိတ်ကွင်းဆင်းပြီး မြေပြင်ကွင်းဆင်းတိုင်းတာခြင်း၊ နည်းပညာကျွမ်းကျင်သည့် အင်ဂျင်နီယာများမှ တံတားဒီဇိုင်းရေးဆွဲတွက်ချက်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပြီး တံတားသည်ပေ ၆၅၀ ကျော်သည့်အတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်သဖြင့် လတ်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။



**ကလေးဝမဲဆန္ဒနယ်မှ ဦးစိုးသိမ်း မေးမြန်းစဉ်။** (သတင်းစဉ်)

လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင်၏ **နိုင်ငံတော်၏ လွှတ်တော်အဆင့်ဆင့်ရှိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ရာ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကြီးကြပ်မှုဖြင့် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြသော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် အများယုံကြည်လေးစားခံရသောပုဂ္ဂိုလ်များအဖြစ် တာဝန်ထမ်းဆောင်နေကြသူများအား နိုင်ငံတော်ဘဏ္ဍာမှ သင့်တင့်လျောက်ပတ်သည့် စရိတ်ချီးမြှင့်ငွေခံစားနိုင်ရေးအတွက် သက်ဆိုင်ရာဥပဒေတွင် ပြင်ဆင်၊ ဖြည့်စွက်၊ ပြဋ္ဌာန်းပေးသင့်ကြောင်း** အဆိုကိုတင်သွင်းရာ လွှတ်တော်ကအတည်ပြုခဲ့သည်။

အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကိုက တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်မှ မြို့နယ်အဆင့် အဖွဲ့ခွဲဝင်များအား လစဉ်ထောက်ပံ့ကြေးလစာ (သို့မဟုတ်) ချီးမြှင့်ငွေခံစားခွင့်ပေးနိုင်ရန် စီမံဆောင်ရွက်ပါက ရပ်ကွက်၊ ကျေးရွာ အုပ်စုအဖွဲ့ဝင်များနှင့် မဲရုံများတွင် တာဝန်ထမ်းဆောင်ရသော မဲရုံဝန်ထမ်းများကိုလည်း လက်ရှိခွင့်ပြုပေးထားသော ဆန္ဒမဲပေးခြင်းလုပ်ငန်းကြီးကြပ်ရသောနေ့အတွက် ထောက်ပံ့ကြေးသာမက နိုင်ငံတကာ ရွေးကောက်ပွဲများနည်းတူ ကာလသတ်မှတ်၍ နေ့စဉ်ထောက်ပံ့ကြေးများ ခွင့်ပြုပေးသင့်ပါကြောင်း။

သို့သော်လည်း လက်ရှိတွင် အများယုံကြည်လေးစားခံရသော ပုဂ္ဂိုလ်များအတွက် စရိတ်ခံစားခွင့်အနေဖြင့် အမှန်တကယ်ကုန်ကျသော ခရီးသွားလာစရိတ်ကို ခရီးစရိတ်လက်စွဲနှင့်အညီ ခံစားခွင့်ပြုထားပါကြောင်း၊ အစည်းအဝေးရက်တွင် လက်ရှိနှုန်းထားမှ သင့်တင့်လျောက်ပတ်သော နှုန်းထားသို့ တိုးမြှင့်ခံစားနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ရှင်းလင်းခဲ့သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး

**နေပြည်တော် မတ် ၂၄**

အမျိုးသားလွှတ်တော်(၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၃၃ ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခဲ့ကြသည်။

ထိုသို့ ဆွေးနွေးရာတွင် **ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ**က ယခုဆွေးနွေးသည့် အမျိုးသားပညာရေးဥပဒေကြမ်းကို တစ်နိုင်ငံလုံးက စိတ်ဝင်တစားစောင့်ကြည့်လေ့လာလျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံ၏ အနာဂတ်ပညာရေးကို ပြင်ဆင်သည့် ဥပဒေလည်းဖြစ်သည့်အတွက် တိုင်းပြည်၏ ရေရှည်အကျိုးစီးပွားကိုလည်း စဉ်းစားကြရမည်ဖြစ်ပါကြောင်း၊ ရေးဆွဲလိုက်သည့် ဥပဒေသည် သင့်တော်မှု၊ ကောင်းမွန်မှု၊ လက်တွေ့ကျမှုများ လိုအပ်ပါကြောင်း၊ ယင်းအချက်များပေါ်တွင်မူတည်ပြီး မိမိအနေဖြင့် ဆွေးနွေးသွားမည် ဖြစ်ပါကြောင်း၊ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၏ အမှတ်စဉ်(၈)၊ အပိုဒ်(၇)တွင်ပါဝင်သည့် အဆိုပြုပြဋ္ဌာန်းချက်တွင် လွတ်လပ်သော ပညာရှင်များဟု ဆိုထားပါကြောင်း၊ ဥပဒေကြမ်းကော်မတီတွင် အမှီအခိုကင်းသည့် ပညာရှင်များဟုဆိုထားပါကြောင်း၊ မိမိအနေဖြင့် လုပ်ငန်းကျွမ်းကျင်ပညာရှင်များ ပါဝင်၍ဟု ပြင်ဆင်အဆိုပြုလိုပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် **ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ်**က ယခင်ပြဋ္ဌာန်းခဲ့သည့် အမျိုးသားပညာရေးဥပဒေကိုမိမိအနေဖြင့် ထောက်ခံခဲ့ပါကြောင်း၊ ခေတ်မီမှု၊ ပွင့်လင်းမှု၊ ဒီမိုကရေစီဆန်မှုတွင် တံခါးတစ်ချပ်ဖွင့်ပေးခြင်းဖြစ်သည်ဟု ယူဆသည့်အတွက် ထောက်ခံခဲ့ခြင်းဖြစ်ပါကြောင်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ကျောင်းသားကော်မတီများက အဆိုပြု ပြင်ဆင်ဆောင်ရွက်မှုများကိုလည်း ထောက်ခံပါကြောင်း၊ အခက်အခဲများနှင့် စိန်ခေါ်မှုများရှိနေမည် ဖြစ်ပါကြောင်း၊ သို့သော်အခက်အခဲ၊ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ပါက အခြားနိုင်ငံများတွင် ပေါက်ရောက်ခဲ့သည့် ခရီးစဉ်ကို မိမိတို့နိုင်ငံကအချိန်တိုတိုဖြင့် ရောက်ရှိသွားမည်ဖြစ်သည့်အတွက် ထောက်ခံခြင်းဖြစ်ပါကြောင်း၊ သို့သော် ဥပဒေသည် ရှေ့နောက်ညီညွတ်မှု၊ ချောမွေ့မှုရှိရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။



ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမင်းဦး ဆွေးနွေးစဉ်။ (သတင်းစဉ်)



မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစောအုန်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

ဆက်လက်ပြီး **ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမင်းဦး**က အမျိုးသားလွှတ်တော်က အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်တွင် ကောင်းမွန်ခြင်း၊ သင့်တော်ခြင်း၊ လက်တွေ့ကျခြင်းစသည့် အချက်များပေါ်တွင်မူတည်ပြီး အပြုသဘောဖြင့် အကြံပြုဆွေးနွေးသွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်ပြီး နိုင်ငံသားအားလုံးလိုလို စိတ်ဝင်စားနေသည့် အမျိုးသားပညာရေးသည် ကောင်းမွန်သောပညာရေးဖြစ်ရန် လိုအပ်ပါကြောင်း၊ သို့သော်လည်း မိမိတို့နိုင်ငံ၏ ရိုးရာ၊ ဓလေ့ထုံးစံ၊ ပထဝီအနေအထားနှင့် အခြေခံအဆောက်အအုံ စသည်တို့နှင့်လည်း ကိုက်ညီရန် လိုအပ်ပါကြောင်း၊ ကောင်းမွန်သင့်တော်ပြီး လက်တွေ့ကျသည့် ပညာရေးဥပဒေတစ်ရပ်ဖြစ်စေရန် အထူးလိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် **မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစောအုန်း**က အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှ တစ်နိုင်ငံလုံးတွင်ရှိသည့် ပါတီအဖွဲ့အစည်းများ၊ ပညာရှင်များ၊ ကျောင်းသားများပါမကျန် တွေ့ဆုံကြားနာပြီး ဆောင်ရွက်ခဲ့ပါကြောင်း၊ မူနှင့် အခြေခံသဘောအရဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံကို တိုးတက်ဖွံ့ဖြိုးစေရန် ပညာရေးစနစ်ကို ပြင်ဆင်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံများနှင့် ချိန်ဆပြီးဥပဒေကို ရေးဆွဲရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် လက်တွေ့တွင်လည်း ကျင့်သုံးနိုင်မည့်အနေအထားရှိရမည်ဖြစ်ပါကြောင်း၊ ဥပဒေတစ်ရပ်ကို ကျင့်သုံးနိုင်မှသာ နိုင်ငံအတွက် အကျိုးပြုနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ နိုင်ငံသားများသည် အသက် သုံးနှစ်ကျော်ကတည်းက မူကြိုပညာရေးမှစတင်ကာ ပညာရေးနယ်ပယ်သို့ စတင်ဝင်ရောက်ခဲ့ပါကြောင်း၊ သို့သော် ကလေးငယ်များအတွက် ဦးနှောက်ဖွံ့ဖြိုးသည့် အချိန်မှသာ သင်ကြားခြင်းသည် အကောင်းဆုံးဖြစ်ပါကြောင်း၊ သင်ကြားနေသည့် သင်ရိုးညွှန်းတမ်းများသည် နိုင်ငံအတွက်၊ ကလေးများအတွက် အကျိုးရှိမည့် သင်ရိုးညွှန်းတမ်းများဖြစ်ရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**(သတင်းစဉ်)**

ပြည်တွင်းသတင်း

# Myanmar Investment Climate Assessment Report စာအုပ်တရားဝင်ထုတ်ပြန်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၂၄**

World Bank Group မှ Myanmar Investment Climate Assessment Report စာအုပ် တရားဝင်ထုတ်ပြန်ခြင်း (Official Launch) အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ World Bank Group မှ Country Manager ဖြစ်သူ Mr. Abdoulaye Seck တို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။

World Bank Group မှ ထုတ်ဝေသည့် အစီရင်ခံစာသည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ဆိုင်ရာ အချက်အလက်များကို ဘက်စုံထောင့်စုံမှ လေ့လာထားပြီး အစီရင်ခံစာ၏ လေ့လာတွေ့ရှိချက်များနှင့် သုံးသပ်တင်ပြချက်များသည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းများ ဖန်တီးရာတွင် ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲမှုများနှင့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ခြင်း အပါအဝင် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်းများအတွက် လိုအပ်သည့် အစီအမံများကို တင်ပြအစီရင်ခံထားခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့်အဖွဲ့ World Bank Group မှ တာဝန်ရှိသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

# နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် လက်ပံတောင်းတောင်ကြေးနီစီမံကိန်း အောင်မြင်ရန်ဆောင်ရွက်

**နေပြည်တော် မတ် ၂၄**

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့်ကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော် သမ္မတရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်အမှာစကား ပြောကြားသည်။



အစည်းအဝေးသို့ ကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ စစ်ရေးချုပ် ဗိုလ်ချုပ်ဆန်းဦး၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးစိုးဝင်း၊ ဦးဝင်းထွန်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် မန်နေးဂျင်း ဒါရိုက်တာ ဗိုလ်ချုပ်ဇာနည်ဝင်း၊ အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးများ၊ ကော်မတီအဖွဲ့ဝင်များ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် မြန်မာ-ဝမ်ပေါင်ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကော်မတီဥက္ကဋ္ဌ၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာတွင် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းသည် နိုင်ငံတော်စီမံကိန်းဖြစ်၍ မဖြစ်မနေဆက်လက်အကောင်အထည် ဖော်ရန်အတွက် စုံစမ်းစစ်ဆေးရေး ကော်မရှင်မှ အကြံပြုထားပါကြောင်း၊ စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာတွင် အကြံပြုချက်(၄၂)ချက်ပါဝင်ပြီး ကော်မတီအနေဖြင့် (၃၇)ချက်ကို ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ကျန်(၅)ချက်မှာ စီမံကိန်းထုတ်လုပ်မှု ကာလတစ်လျှောက်လုံး Monitoring and Evaluation Process ဖြင့် စောင့်ကြည့် ကြပ်မတ်ဆောင်ရွက်ရမည့် လုပ်ငန်းများသာ ကျန်ရှိတော့ပါကြောင်း။

ESIA အပြီးသတ်အစီရင်ခံစာကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးမှ သဘောတူညီချက်ရရှိပြီးဖြစ်၍ ထုတ်ပြန်ကြေညာသွားရမည်ဖြစ်ကြောင်း၊ အများပြည်သူ လေ့လာနိုင်စေရန် Internet Website များတွင် ဖော်ပြပေးရန်ဖြစ်ကြောင်း၊ ESIA အပြီးသတ်အစီရင်ခံစာတွင်ဖော်ပြချက်အတိုင်း ကြေးနီစီမံကိန်းလုပ်ငန်းဘက်မှ တိကျစွာလိုက်နာဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပြီး ထုတ်လုပ်မှုကာလတစ်လျှောက်လုံး စောင့်ကြပ်ကြည့်ရှုရမည့်လုပ်ငန်းများကို Independent Monitoring Team-IMT အဖွဲ့မှ ဆောင်ရွက်သွားရန်နှင့် ISO အသိအမှတ်ပြု လက်မှတ်များရရှိရေး အတွက်ကိုလည်း စနစ်တကျ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်စသတ်ဆောင်ရွက်ရန်နှင့် ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဒေသခံပြည်သူများ၏ ဆန္ဒနှင့် တစ်ထပ်တည်းကျမည့်လုပ်ငန်းများကို CSD ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေး၍ ဦးစားပေးအဆင့်အလိုက် လျာထားဆောင်ရွက်ပေးသွားရန် လိုကြောင်း။

Vocational Training သင်တန်းများကြောင့် ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်၍ အရှိန်အဟုန်မပျက် ဆက်လက်ဖွင့်လှစ်သင်ကြားနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အလုပ်အကိုင်စောင့်ဆိုင်းဆဲကာလအတွင်း Contribution Plan အရထောက်ပံ့ပေးသည့် အစီအစဉ်ကို ဒေသခံ ပြည်သူများ၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်ကို ဒေသခံများ နားလည်လက်ခံလာပြီကို တွေ့ရကြောင်း၊ ထို့အတွက် စီမံကိန်းမှရရှိလာမည့် ဒေသခံပြည်သူလူထု၏ အကျိုးစီးပွားများကို အခါအခွင့်သင့်သည့်အချိန်များတွင် ရှင်းလင်းပြောကြားသွားရန် လိုကြောင်း။

ဒုတ္တာမြေ ဖယ်ရှားရှင်းလင်းပြီးသည့်နေရာများတွင် ငှက်ပျော၊ သရက်စသည့်အစားထိုးသီးနှံများကို ဒေသခံတောင်သူများစီးပွားဖြစ် စိုက်ပျိုးနေကြပြီဖြစ်ကြောင်း၊ ကျန်ရှိသော ဒုတ္တာမြေများတွင် ဒေသန္တရနည်းဖြင့် ကြေးနီချက်လုပ်နေသူများ ရှိနေသေးသဖြင့် လက်ရှိမြေပိုင်ဆိုင်သော ဒေသခံများနှင့် ကြေးနီချက်လုပ်သူများ အချင်းချင်းညှိနှိုင်း၍ ဒုတ္တာမြေဖယ်ရှားလိုသူများကို စိုက်ပျိုးမြေများ ဆက်လက်ဖော်ထုတ်ပေးသွားရမည်ဖြစ်ကြောင်း။

အကောင်အထည် ဖော်ရေးကော်မတီအနေဖြင့် နှစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည့် အစီရင်ခံစာကို မကြာမီကာလတွင် ထုတ်ဝေမည်ဖြစ်သဖြင့် ကော်မတီဝင်များ၊ အဖွဲ့ခေါင်းဆောင်များ အနေဖြင့် အစီရင်ခံစာတွင် ထည့်သွင်းလိုသည့် အချက်များကို အကြံပြုပေးရန်ဖြစ်ကြောင်း။

နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် လက်ပံတောင်းတောင်ကြေးနီစီမံကိန်း သတ္တုတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများတွင် ကောင်းမွန်သော စီမံအုပ်ချုပ်မှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရရှိလာစေရန် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုရှိရေး မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် စီမံကိန်းကိုအောင်မြင်စွာ ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာပါအတိုင်း ရာနှုန်းပြည့် ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် အမြဲသုံးသပ်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ကော်မတီဝင်များအနေဖြင့် မိမိတို့လုပ်ငန်းကော်မတီများအလိုက် လုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရန် အလေးထားရမည်ဖြစ်ပြီး ပြည်သူများနှင့် ထိတွေ့မှုပိုမိုရယူပြီး ဒေသအကျိုး၊ ပြည်သူ့အကျိုး ပိုမိုဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည့် အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ စစ်ရေးချုပ် ဗိုလ်ချုပ်ဆန်းဦးက စုံစမ်းစစ်ဆေးရေး ကော်မရှင်၏အစီရင်ခံစာပါ အကြံပြုချက်များနှင့်အညီ သီးနှံလျော်ကြေးနှင့်မြေယာနစ်နာကြေးများ ပေးလျော်ခဲ့မှု၊ စီမံကိန်းနယ်မြေနှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ပြောကြားသည်။

ယင်းနောက် ကော်မတီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက စီမံကိန်းနယ်မြေနှင့် စီမံကိန်းလုပ်ငန်းများလုံခြုံရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက စီမံကိန်းနယ်မြေအတွင်းရှိ သာသနိက အဆောက်အအုံများ ရွှေ့ပြောင်းရေးနှင့် ပြန်လည်တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေ များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် သိမ်းဆည်းမြေယာစိစစ်ရေးအဖွဲ့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၊ လူမှုစီးပွားဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့တို့မှ အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးများ၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်နှင့် မြန်မာ-ဝမ်ပေါင်ကုမ္ပဏီတို့မှ တာဝန်ရှိသူများက မိမိတို့နှင့်သက်ဆိုင်သည့် ကဏ္ဍများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများနှင့် အစီရင်ခံစာတွင် ထည့်သွင်းလိုသည့်အချက်များကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးကာ လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားဆောင်ရွက်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

◆ ***ရွှေဖုံးမှ***

ကျွန်းများမှာ ကျွန်းဖီလာ၊ မြောက်နီ၊ ငထွေရှူး၊ ညောင်ဦးဖီး၊ ငလုံးလက်ဖယ်၊ ခက်ရင်းခွနှင့် စေတန် စသည့်ကျွန်းများဖြစ်ကြသည်။ ရေအောက်မှကြည့်ရှု၍ကောင်းသော ကျွန်းများမှာ ငါးမန်း၊ ခေင်ညို၊ သာယာကျွန်း၊ ကျွန်းဖီလာနှင့် မြောက်နီကျွန်း စသည်တို့ဖြစ်သည်။

ယခုအခါ မြိတ်ကျွန်းစုတွင် ပါဝင်သော ခေင်ညိုကျွန်းတွင် ဟိုတယ်တည်ဆောက်ရန် ရှိနေပြီး အခြားကျွန်း အချို့ပေါ်တွင်လည်း ဟိုတယ်တည်ဆောက်ခွင့် ရရှိရန် တိုင်းရင်းသား လုပ်ငန်းရှင်များက ကြိုးစားလျက်ရှိသည်။ ဟိုတယ်တည်ဆောက်ရန် ဦးစားပေးရွေးချယ်ကြသည့် ကျွန်းများမှာ ကမ်းခြေလှပပြီး သဲဖြူများရှိသော ကျွန်းများဖြစ်သည်။

"ကျွန်တော်တို့အနေနဲ့ မြိတ်ကျွန်းစုထဲက ကျွန်းတစ်ကျွန်းပေါ်မှာ ဟိုတယ်တည်ဆောက်ဖို့ ကြိုးစားနေတယ်။ လုပ်ပိုင်ခွင့်ရအောင်တော့ အဆင့်ဆင့်ခွင့်ပြုချက်ရအောင် ဆောင်ရွက်နေပါတယ်။ အကောင်အထည်ပေါ်လာဖို့ နီးစပ်နေပါပြီ" ဟု မြိတ်မြို့မှ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးမောင်က ပြောသည်။

ကျွန်းပေါင်း ၈၀၀ ခန့်ဖြင့် ဖွဲ့စည်းတည်ရှိသော မြိတ်ကျွန်းစုသည် မကြာမီကာလအတွင်း ခရီးသွားများ အများအပြား လာရောက်ကြမည့် ခရီးစဉ်အဖြစ် ရောက်ရှိလာမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

## လွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် မတ် ၂၄**

မွန်ပြည်နယ် ပေါင်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ခရိုင်ကော်မတီဝင် ဦးကျော်လင်းဦး ခေါင်းဆောင်သည့် မြို့နယ်ပါတီကော်မတီဝင်များ၊ စည်းရုံးရေးမှူးများနှင့် ပါတီဝင် ၁၁၆ ဦးနှင့် မြန်မာနိုင်ငံ ထီလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ ဦးမျိုးညွန့်ခေါင်းဆောင်သည့် အဖွဲ့ဝင်သုံးဦး စုစုပေါင်း ၁၁၉ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေး ၃၂ ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့သည်။

**(သတင်းစဉ်)**

## မိုးလေဝသ အခြေအနေ

**နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင်** ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

# ကမ္ဘာတွင် နှစ်စဉ်တီဘီလူနာကိုးသန်းခန့်ဖြစ်ပွားပြီး ၁ ဒသမ ၅ သန်းခန့် သေဆုံးလျက်ရှိ



**နေပြည်တော် မတ် ၂၄**

တီဘီရောဂါပိုးကို ခရစ်နှစ် ၁၈၈၂ ခုနှစ် မတ် ၂၄ ရက်တွင် ဂျာမန်သိပ္ပံပညာရှင် ရောဘတ်ကော့(ခ်)က ပထမဆုံးစတင် တွေ့ရှိခဲ့ပြီး ၄င်းကို ဂုဏ်ပြုသောအားဖြင့် မတ်လ ၂၄ ရက်နေ့ကို ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ကာ ၁၉၉၆ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးတွင် ကျင်းပလာခဲ့သည်။

၂၀၁၅ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းအောင် တက်ရောက် အမှာစကား ပြောကြားရာတွင် ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံမှာ တီဘီပိုး ကူးစက်ခံထားရပါကြောင်း၊ နှစ်စဉ် တီဘီလူနာ ကိုးသန်းခန့်ဖြစ်ပွားပြီး ၁ ဒသမ ၅ သန်းခန့် သေဆုံးလျက်ရှိကြောင်း၊ ကမ္ဘာ့တီဘီရောဂါဖြစ်ပွားမှု၏ ၈၀ ရာခိုင်နှုန်းနှင့် တီဘီရောဂါကြောင့် သေဆုံးသူများ၏ ၈၃ ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည်လည်း ဆေးယဉ်ပါးတီဘီရောဂါအဖြစ်အများဆုံး ၂၇ နိုင်ငံတွင် ပါဝင်လျက်ရှိကြောင်း။

ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက်များပြည့်မီရန် မြန်မာနိုင်ငံ၏ အမျိုးသား ကျန်းမာရေး ငါးနှစ်စီမံကိန်း (၂၀၁၁-၂၀၁၅)ရေးဆွဲရာတွင် တီဘီရောဂါကို ဦးစားပေးတိုက်ဖျက်ရမည့် ရောဂါအဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ တီဘီရောဂါတိုက်ဖျက်ရေးနည်းဗျူဟာဖြစ်သည့် DOTS Strategyကို ၂၀၀၃ ခုနှစ်မှစတင်၍ မြို့နယ် ၃၂၅ မြို့နယ်ကို လွှမ်းခြုံဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ထပ်မံတိုးချဲ့သော နေပြည်တော်သီရိ ငါးမြို့နယ်အပါအဝင် စုစုပေါင်း မြို့နယ် ၃၃၀ ကို လွှမ်းခြုံဆောင်ရွက်လျက်ရှိပါကြောင်း၊ တီဘီရောဂါရှာဖွေခြင်းကို ဌာနမှစောင့်၍ လူနာရှာဖွေခြင်းအပြင် “လူနာဗဟိုပြု တီဘီရောဂါ ရှာဖွေကုသခြင်းလုပ်ငန်း”များကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

နယ်စပ်ဒေသများ အပါအဝင် ကျေးလက်ဒေသ အောက်ခြေအထိ လွှမ်းခြုံဆောင်ရွက်ကာ တီဘီရောဂါကို စုပေါင်းရှာဖွေဖော်ထုတ်ပြီး ကုသပေးခြင်းအားဖြင့် ပြည်သူလူထုတစ်ရပ်လုံး တီဘီရောဂါကင်းဝေးနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၏ သဝဏ်လွှာကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေကိုယ်စားလှယ် Dr. Jorge M.Luna က ဖတ်ကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းငယ်ကို ကြည့်ရှုအားပေးခဲ့သည်။ **(အပေါ်ပုံ)**

၂၀၁၅ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ **“တီဘီရောဂါကင်းဝေးဖို့၊ စုပေါင်းရှာဖွေကုသစို့” (Reach, Treat, Cure Everyone)** ဖြစ်ပြီး ဆေးကုသမှုကို လက်လှမ်းမမီသေးသော လူနာများအား ရှာဖွေဖော်ထုတ်ကုသရန် သတိပေးလှုံ့ဆော်ခြင်းဖြစ်သည်။ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းကာ ကျန်းမာရေးအသိပညာပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လက်လှမ်းမမီသူများအား ပြည်သူလူထုအခြေပြု ရောဂါရှာဖွေကုသခြင်းများ ပြုလုပ်ခြင်း၊ လူနာနှင့်အတူနေ မိသားစုများအား ကျန်းမာရေးစစ်ဆေးပေးခြင်း တို့ကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

**ပဲခူး မတ် ၂၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မြို့တော်ခန်းမ၌ မတ် ၂၄ ရက် နံနက်ပိုင်းက ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းက အမှာစကားပြောကြားခဲ့ပြီး တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်မှု ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ဆုများချီးမြှင့်ပေးခဲ့၍ ဝန်ကြီးချုပ်ဦးဉာဏ်ဝင်းနှင့် တာဝန်ရှိသူများက ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ ပြခန်းငယ်ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**

ပြည်တွင်းသတင်း

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်ပုံနှိပ်သတင်းစာများအား Digital သတင်းစာများအဖြစ်ပါ ဝန်ဆောင်မှုတိုးမြှင့်နိုင်ရေးအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာခေါ်ယူခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေဖြင့် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများကို လက်ရှိထုတ်ဝေနေသော ပုံနှိပ်သတင်းစာများအပြင် ယနေ့ခေတ်တွင် လူအများအလွယ်တကူသုံးစွဲလျက်ရှိသည့် အဆင့်မြင့်မိုဘိုင်းတယ်လီဖုန်းများ၊ တက်ဘလက်များ၊ အိုင်ပက်များအစရှိသည့် ဒစ်ဂျစ်တယ်ပစ္စည်းများဖြင့် ဖတ်ရှုနိုင်သည့် ဒစ်ဂျစ်တယ် (Digital) သတင်းစာများအဖြစ်ပါ တိုးမြှင့်ဝန်ဆောင်မှုပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ပါ၍ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများကို သတင်းစာတစ်စောင်ချင်းအလိုက် Website ထူထောင်ခြင်းနှင့် Digital သတင်းစာအဖြစ် ထုတ်လုပ်ခြင်းများအတွက် ဝန်ဆောင်မှုပေးနိုင်ရေးအတွက် မည်သူမဆို စိတ်ပါဝင်စားမှု အဆိုပြုလွှာများပေးပို့ကြရန် ဖိတ်ခေါ်ပါသည်။

၃။ အဆိုပြုလွှာများကို ၂၄-၄-၂၀၁၅ ရက် နံနက် (၀၉း၃၀)နာရီမှ (၁၆း၃၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပြီး သတ်မှတ်ကာလထက်ကျော်လွန်သော အဆိုပြုလွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အဆိုပြုလွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၆၇- ၄၁၂၂၃၊ ၀၆၇- ၄၁၂၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ တင်ဒါပုံစံများအား ၂၆-၃-၂၀၁၅ ရက်နေ့မှ ၂၄-၄-၂၀၁၅ ရက်နေ့အထိ နေ့စဉ်နံနက် ( ၀၉း ၃၀)နာရီမှ (၁၆း၃၀)နာရီအတွင်း အောက်ဖော်ပြပါ လိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

| **အဆိုပြုလွှာပုံစံများ ထုတ်ယူရန်လိပ်စာ** | **အဆိုပြုလွှာတင်သွင်းရန်လိပ်စာ** |
| --- | --- |
| သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း | ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် |
| ပြန်ကြားရေးဝန်ကြီးဌာန | ထုခွဲရောင်းချရေးကော်မတီ |
| ရုံးအမှတ် (၇)၊ နေပြည်တော် | ပြန်ကြားရေးဝန်ကြီးဌာန |
| ဖုန်း ၀၆၇-၄၁၂၂၃၊ ၀၆၇-၄၁၂၂၈ | ရုံးအမှတ်(၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၂၃၂ |

✻ *ကျောဖုံးမှ*

အရင်သပြေညိုနဲ့ လာရောက်ယှဉ်ပြိုင်ထိုးသတ်ဖူးတယ်။ အရင်ဒီကိုလာထိုးတဲ့ မွေထိုင်းလက်ဝှေ့သမားတွေက မဲဆောက်နဲ့ ဗန်ကောက်ကများတယ်။ ခုလာထိုးမယ့်လက်ဝှေ့သမားတွေက ထိုင်းနိုင်ငံရဲ့ လက်ဝှေ့ကျော်ကြားထွန်းကားတဲ့နယ်ထဲကပဲ။ မြန်မာလက်ဝှေ့သမားတွေနဲ့ လက်ရည်ကွာခြားမှုမများအောင်နဲ့ ပွဲကောင်းယှဉ်ပြိုင် ထိုးသတ်တာတွေကို ကြည့်ချင်တဲ့ မြန်မာပရိသတ်အတွက် ကျွန်တော်တို့အဖွဲ့ကိုယ်တိုင် လာရောက်ထိုးသတ်မယ့် လက်ဝှေ့သမားတွေနဲ့သွားတွေ့လေ့လာခဲ့ပြီး စာချုပ်ချုပ်ဆိုခဲ့တာပါ။ ပြောချင်တာက ခုလာမယ့်မွေထိုင်းလက်ဝှေ့ကျော်အများစုက ခုထိုးမယ့် မြန်မာလက်ဝှေ့သမားတွေထက် အတွေ့အကြုံကောင်းတွေရှိပြီး ထိုးပွဲတွေများကြတယ်ဆိုပေမယ့် ပွဲစဉ်ခုနစ်ပွဲလုံး အကြိတ်အနယ်ရှိမယ့်ပွဲတွေပဲ။ ခု မတ် ၂၉ ရက်ထိုးမယ့်ပွဲမှာ အရင်ကလို တိုက်ရိုက်ထုတ်လွှင့်မှုတော့ အခြေအနေအမျိုးမျိုးကြောင့် ပြသနိုင်တော့မှာမဟုတ်ဘူး။ အရင်ပွဲတွေတုန်းကတော့ Sky Net က တိုက်ရိုက်ပြသခဲ့တယ်။ အဲဒီအတွက် မြန်မာ့ရိုးရာလက်ဝှေ့ချစ်ပရိသတ်တွေ နားလည်ပေးစေချင်တယ်”ဟု ပွဲဖြစ်မြောက်ရေးဦးဆောင်စီစဉ်သည့် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အစည်းအရုံးဥက္ကဋ္ဌ ဦးခင်မောင်စိုးက ပြောကြားခဲ့သည်။

လာမည့်မတ်၂၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ငါးချိုးပြည့်ယှဉ်ပြိုင်ထိုးသတ်မည့် မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် ထွန်းထွန်းမင်း(မြန်မာ)နှင့် ဖတ်မန်ခွန်(ခ)ဆူရာချိုင်း၊ သပြေညို(မြန်မာ)နှင့် ဖွန်လွမ်(ခ) ဗာဆန်ဂျိုင်ဆတ်၊ ကြယ်စင်ဖြိုးနှင့် နာရွှန်ချိုင်၊ စောဝီလျံနှင့် ယွတ်သပွန်ဒန်စီ၊ မိုးဟိန်းနှင့် ဆာရော့ဒန်စီ၊ ရွှေချစ်သွေးနှင့် အန်နွတ်မာလီဆန်၊ ရဲသွေးနီ နှင့် ကစ်တီဆတ်တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံသို့ လာရောက်ယှဉ်ပြိုင်ထိုးသတ်မည့် ထိုင်းနိုင်ငံမှ မွေထိုင်းလက်ဝှေ့ကျော်များသည် ယခု မတ် ၂၇ ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိမည်ဖြစ်ပြီး မတ် ၂၈ ရက်တွင် ဝိတ်ချိန်ကာ ပွဲကြိုညီနှိုင်းဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ ယင်းပွဲ ခုနစ်ပွဲနှင့်အတူ မြန်မာမျိုးဆက်သစ်လက်ဝှေ့လူငယ်တွဲဆိုင်းလေးဆိုင်း၏ လေးချီစိန်ခေါ်ပွဲများကိုလည်း ထည့်သွင်းယှဉ်ပြိုင် ထိုးသတ်သွားမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# မအူပင်(တောင်)သဘာဝဓာတ်ငွေ့မြေမှထွက်ရှိသောဓာတ်ငွေ့များ စွမ်းအင်လိုအပ်ချက်အတွက် တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးနိုင်မည်

မြန်မာနိုင်ငံသည် သဘာဝသယံဇာတများ ပေါကြွယ်ဝပြီး နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် စွမ်းအင် လိုအပ်ချက်ကို မြေထုရေထုအတွင်း ခိုအောင်းနေသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရတနာသိုက်ကြီးများက ဖြည့်ဆည်းပေးလျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တောင်ဘက် ၁ ဒသမ ၅ မိုင်အကွာရှိ မအူပင်(တောင်) သဘာဝဓာတ်ငွေ့မြေမှ သဘာဝဓာတ်ငွေ့တွင်း အမှတ်(၉)အား စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ လုပ်သားများ၏ ကာယ၊ ဉာဏစွမ်းအားဖြင့် အောင်မြင်စွာ တူးဖော်ထုတ်လုပ်နိုင်ခဲ့သည်။

မအူပင်(တောင်) သဘာဝဓာတ်ငွေ့မြေအား ၂၀၀၇ခုနှစ်မှ စတင်တွေ့ရှိခဲ့ပြီး မြေအောက် ပေ ၁၂၀၀၀ ခန့်ထိ တူးဖော်နိုင်သည့် စက်ကြီးများဖြင့် သဘာဝဓာတ်ငွေ့တွင်း ၁၄ တွင်း တူးဖော်ခဲ့ပြီး ၁၁ တွင်း အောင်မြင်စွာ တူးဖော်ထုတ်လုပ်နိုင်ခဲ့သည်။

တူးဖော် ထုတ်လုပ်နိုင်ခဲ့သည့် သဘာဝဓာတ်ငွေ့များအား ညောင်တုန်းရေနံမြေသို့ ပေးပို့ပြီး ညောင်တုန်းရေနံမြေမှထွက်ရှိသည့် သဘာဝဓာတ်ငွေ့များနှင့် ပေါင်းစပ်ကာ ပိုက်လိုင်းဖြင့် ရန်ကုန်၊ မှော်ဘီ၊ ပုသိမ်မြို့များသို့ ဖြန့်ဖြူးနိုင်ရန် ပို့လွှတ်ပေးလျက်ရှိသည်။

“ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ အများပြည်သူ သယ်ယူပို့ဆောင်ရေးမှာ အသုံးပြုနေတဲ့ ယာဉ်တွေရဲ့ စွမ်းအင်လိုအပ်ချက်အတွက် စီအင်န်ဂျီနဲ့ မှော်ဘီ၊ပုသိမ်မှာရှိတဲ့ ယူရီးယားဓာတ်မြေဩဇာ စက်ရုံတွေနဲ့ ညောင်တုန်းဓာတ်ငွေ့ရည်စက်ရုံတွေအတွက် မအူပင်(တောင်) သဘာဝဓာတ်ငွေ့မြေက ထွက်တဲ့ ဓာတ်ငွေ့တွေကို ဖြန့်ဖြူးပေးနေပါတယ်”ဟု ညောင်တုန်း-မအူပင်(တောင်) ရေနံနှင့် သဘာဝဓာတ်ငွေ့မှ အထွေထွေမန်နေဂျာ ဦးရဲမြင့်က ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်(တောင်) သဘာဝဓာတ်ငွေ့မြေတွင် သဲကြောများအား အစမ်းတွင်းတူးပြီး စမ်းသပ်စစ်ဆေးရာ မြေအောက်ဘူမိအနေအထားအရ ရေနံနှင့် သဘာဝဓာတ်ငွေ့ ထွက်ရှိနိုင်သည့် သဲကြောများအား တွေ့ရှိထားကြောင်း သိရသည်။

“နောက်ဆုံးထုတ်ယူတဲ့ တွင်းအမှတ်(၉)မှာ ဓာတ်ငွေ့ထုတ်ယူနိုင်တဲ့ သဲကြောကိုးကြော လောက်ရှိပါတယ်။ အခုတစ်ကြောပဲဖောက်ပြီး ထုတ်ယူနေပါတယ်။ ဒါဟာလည်း သဘာဝဓာတ်ငွေ့ကို ချက်ချင်းကုန်ခန်းမသွားအောင်၊ ရေရှည်ထုတ်ယူနိုင်အောင် ထိန်းသိမ်းထားတဲ့ သဘောပါ”ဟု မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့မှ ညွှန်ကြားရေးမှူး (ထုတ်လုပ်)ဦးသန်းစိန်က ပြောသည်။

မအူပင်(တောင်) သဘာဝဓာတ်ငွေ့မြေမှ သဘာဝဓာတ်ငွေ့တွင်း အမှတ် (၉)အား ယခုနှစ် ဇန်နဝါရီ ၆ ရက်တွင် စတင်တူးဖော်ခဲ့ပြီး ဖေဖော်ဝါရီ ၂၈ ရက်တွင် သတ်မှတ်ရက်ထက်စောပြီး တူးဖော်နိုင်ခဲ့ရာ သဘာဝဓာတ်ငွေ့ ကုဗပေနှစ်သန်း ထွက်ရှိခဲ့သည်။

“တူးဖော်တဲ့အခါ သဲကြောတွေကိုဖြတ်သွားရင် ရွှံ့ပျောက်သွားတာတို့၊ ရွှံ့အလေးချိန် ကျဆင်းသွားတာတို့ ကြုံတွေ့ရပါတယ်။ အဲ့ဒီအခါ တွင်းကကန်ထွက်လာပြီး အန္တရာယ်ပြုနိုင်တဲ့ အနေအထားတွေ ဖြစ်တတ်ပါတယ်။ အန္တရာယ်မဖြစ်အောင် ဉာဏအားနဲ့ စုပေါင်းဆောင်ရွက်ရတာပေါ့”ဟု ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ရေး အင်ဂျင်နီယာချုပ် ဦးထွန်းအေးက ပြောသည်။

နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ လုပ်သားကြီးများ၏ ကာယ၊ ဉာဏစွမ်းအားဖြင့် စွမ်းအင်လိုအပ်ချက်ကို တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးလျက်ရှိရာ မအူပင်(တောင်) သဘာဝဓာတ်ငွေ့မြေ သဘာဝဓာတ်ငွေ့တွင်း အမှတ် (၉)မှထွက်ရှိ သဘာဝဓာတ်ငွေ့များအား မှော်ဘီ၊ ပုသိမ်တွင်ရှိသည့် ယူရီးယားဓာတ်မြေဩဇာ စက်ရုံများနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အများပြည်သူ သယ်ယူပို့ဆောင်ရေးတွင် အသုံးပြုနေသည့် စီအင်န်ဂျီယာဉ်များနှင့် မီးဖိုချောင်သုံး ဓာတ် ငွေ့ရည်အတွက် ယခင်ကထက် ပိုမို ဖြန့်ဖြူးဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်သည်။ **သတင်း-မင်းသစ် ဓာတ်ပုံ-မြင့်သောင်း(စွမ်းအင်)**



မအူပင်(တောင်) သဘာဝဓာတ်ငွေ့မြေ တွင်းအမှတ်(၉)မှ သဘာဝဓာတ်ငွေ့တူးဖော်နေစဉ်။

ပြည်တွင်းသတင်း

# ၂၀၁၅ ခုနှစ်၊ နှစ်(၇၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားအတွက် အလှူငွေများပေးအပ်

**နေပြည်တော် မတ် ၂၄**

၂၀၁၅ ခုနှစ်၊ နှစ်(၇၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စေတနာရှင်အလှူရှင်များက နှစ်(၇၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီး လှငွေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေး၊ တပ်မတော်နေ့ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ် ဖုန်းမြတ်နှင့် စစ်ကြောင်းမှူးများ ၊ အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူရှင်များဖြစ်ကြသော မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် မိတ်ဖက်ကုမ္ပဏီ ၅၇ ခုမှ အလှူငွေကျပ် ၇၅၀၃၀၀၀၀၊ KBZ ကုမ္ပဏီမှ အလှူငွေကျပ်သိန်း ၅၀၀၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့် မိတ်ဖက်ကုမ္ပဏီ ၅၉ ခုမှ အလှူငွေကျပ် ၄၃၅၈၀၀၀၀၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်၊ စက်ရုံ ၂၈ ခုနှင့် မိတ်ဖက်ကုမ္ပဏီ ၃၀ ခုမှ လှူဒါန်းငွေကျပ် ၃၀၈၄၀၀၀၀၊ မြဝတီဘဏ် လီမိတက်မှ အလှူငွေကျပ်သိန်း ၃၅၀၊ IBTC ကုမ္ပဏီမှ အလှူငွေကျပ်သိန်း ၂၀၀၊ Authentic မှ အလှူငွေကျပ်သိန်း ၁၅၀၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ အလှူငွေကျပ်သိန်း ၁၂၀ နှင့် ကျပ်သိန်း ၁၃၀ တန်ဖိုးရှိချက်ပြုတ်ကျွေးမွေးရေးအတွက် ထောက်ပံ့ပစ္စည်းများ ၊ နောင်တံုကုမ္ပဏီမှ အလှူငွေကျပ်သိန်း ၁၀၀၊ မြင့်တက်ကုမ္ပဏီမှ အလှူငွေကျပ်သိန်း ၁၀၀၊ Sky One မှ အလှူငွေကျပ်သိန်း ၁၀၀၊ ချမ်းဟိန်း ကုမ္ပဏီမှ အလှူငွေကျပ်သိန်း ၁၀၀၊ Max Myanmar ကုမ္ပဏီမှ အလှူငွေကျပ်သိန်း ၁၀၀၊ ဗိုလ်မင်းဗိုလ် ကုမ္ပဏီမှ အလှူငွေကျပ်သိန်း ၅၀၊ A-1 ကုမ္ပဏီမှ အလှူငွေကျပ် သိန်း ၅၀၊ Shwe Pan Thu ကုမ္ပဏီမှ အလှူငွေကျပ်သိန်း ၅၀၊ သန်မြန်သူ လုပ်ငန်းစုအသင်း (ရန်ကုန်)မှ အလှူငွေကျပ် သိန်း ၃၀၊ 4-E ကုမ္ပဏီမှ အလှူငွေကျပ်သိန်း ၃၀၊ မြန်မာဆန်းမစ်ကုမ္ပဏီမှ အလှူငွေကျပ်သိန်း ၃၀၊ Htoo Trading ကုမ္ပဏီမှ အလှူငွေကျပ်သိန်း ၂၀၊ မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူများအသင်းမှ အလှူငွေကျပ်သိန်း ၂၀၊ ဒေါက်တာ ဦးသာရင်မြတ်နှင့်ဇနီးမိသားစုမှ အလှူငွေကျပ် ၁၀ သိန်း၊ သုခမ္မမဏိဇောတရေ ဦးမောင်မောင်ဦး(ဂရိတ်ဝေါဆေးတိုက်)မှ အလှူငွေကျပ် ၁၀ သိန်းနှင့် ငွေကျပ် ၃၇ သိန်းငါးသောင်းတန်ဖိုးရှိ ဆေးပစ္စည်းများ၊ ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ (ထွန်းရွှေဝါဆေးတိုက်)မှ အလှူငွေကျပ် ၁၀ သိန်းနှင့် ငွေကျပ် ၃၇ သိန်းငါးသောင်းတန်ဖိုးရှိ ဆေးပစ္စည်းများ၊ Treasure Winner Land Trading ကုမ္ပဏီမှ အလှူငွေကျပ် ငါးသိန်း၊ Trade Hub ကုမ္ပဏီမှ အလှူငွေကျပ်ငါးသိန်း၊ Moe Htet Gabar ကုမ္ပဏီမှ အလှူငွေကျပ်ငါးသိန်း၊ Win Thit Sar ကုမ္ပဏီမှ အလှူငွေကျပ်ငါးသိန်း၊ Naung Yoe ကုမ္ပဏီမှ အလှူငွေကျပ်ငါးသိန်း၊ Mega Life Science ကုမ္ပဏီမှ အလှူငွေကျပ်ငါးသိန်း၊ Polyrice ကုမ္ပဏီမှ အလှူငွေကျပ်ငါးသိန်း၊ Tah Moe Hnye Chan Thar ကုမ္ပဏီမှ အလှူငွေကျပ်ငါးသိန်း၊ Nanova ကုမ္ပဏီမှ အလှူငွေကျပ်သုံးသိန်း၊ သုခမ္မမဏိဇောတရေ ဦးကြည်စိုး(ကေသီပန်ဆေးတိုက်)မှ အလှူငွေကျပ် ၁၀ သိန်းနှင့် ငွေကျပ်သုံးသိန်းတန်ဖိုးရှိ ဆေးပစ္စည်းများ၊ Alliance ကုမ္ပဏီမှ အလှူငွေကျပ်သုံးသိန်း၊ Myanmar Loyal Star ကုမ္ပဏီမှ အလှူငွေကျပ်နှစ်သိန်း၊ Best Nominated Brothers ကုမ္ပဏီမှ အလှူငွေကျပ်တစ်သိန်း၊ Loyal Star ကုမ္ပဏီမှ အလှူငွေကျပ်တစ်သိန်း၊ Pin Khine Zin ကုမ္ပဏီမှ အလှူငွေကျပ်တစ်သိန်း၊ Success Over Sea ကုမ္ပဏီမှ အလှူငွေကျပ်တစ်သိန်း၊ TM ကုမ္ပဏီမှ အလှူငွေကျပ်တစ်သိန်း၊ Wai Linn May ကုမ္ပဏီမှ အလှူငွေကျပ်တစ်သိန်း၊ Aung Hein Win ကုမ္ပဏီမှ အလှူငွေကျပ်တစ်သိန်း၊ CVC ကုမ္ပဏီမှ အလှူငွေကျပ်တစ်သိန်း၊ Young Sheng ကုမ္ပဏီမှ အလှူငွေကျပ်ငါးသောင်း၊ Red Link ကုမ္ပဏီမှ အလှူငွေကျပ်သိန်း ၃၀၊ ရတနာပုံတယ်လီပို့မှ အလှူငွေကျပ်သိန်း ၃၀၊ ဒေါ်ခင်ခင်ငွေး(မောရိယမန်းဆေး)မှ အလှူငွေကျပ် ၁၀ သိန်းတို့အား အသီးသီးပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။




ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် အလှူရှင်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ ဓာတ်ပုံ-တင်မောင်လွင်(မြန်မာ့အလင်း)

ထို့နောက် အလှူရှင်များကိုယ်စား အလှူရှင်တစ်ဦးက လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့ကျင်းပသော နှစ်(၇၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲတွင် အလှူရှင် ၄၈ ဦးတို့က စုစုပေါင်းလှူဒါန်းငွေကျပ် ၃၇၆၁ သိန်းကျော်နှင့် ငွေကျပ် ၂၀၈ သိန်းတန်ဖိုးရှိ ကျွေးမွေးရေးနှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# မူဆယ်နှင့် နမ့်ခမ်းကြားမှ တိုက်ပွဲရှောင်ဒုက္ခသည်များ သီပေါမှ ထမင်းထုပ်နှင့် ငွေများလှူဒါန်း

**သီပေါ မတ် ၂၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်နှင့် နမ့်ခမ်းမြို့ကြားမှ တိုက်ပွဲရှောင်ဒုက္ခသည်များသည် မတ် ၂၃ ရက် ည ၇ နာရီခွဲက သီပေါမြို့သို့ ရောက်ရှိလာရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်၊ ဝမ်းမောလူမှု ကူညီရေးအသင်းဥက္ကဋ္ဌ ဦးကျော်စွာ၊ မြို့မိမြို့ဖများနှင့် စေတနာရှင်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြပြီး ဧည့်ခံကျွေးမွေးကာ ငွေနှင့် ထမင်းထုပ်များ ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုက်ပွဲရှောင်တိုင်းရင်းသားပြည်သူ ၅၀ ကျော်တို့ကို ညတွင်းချင်း မော်တော်ယာဉ်များ စီစဉ်ဆောင်ရွက်ပေးပြီး ၎င်းတို့ နေထိုင်ရာမြို့၊ ရွာ၊ ဒေသများအရောက် အခမဲ့ကူညီပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# မလိခမြစ်ကူး မချမ်းဘောကြိုးတံတား တိုးချဲ့ပြုပြင်မှုပြီးစီး

**မချမ်းဘော မတ် ၂၄**

ကချင်ပြည်နယ်ပူတာအိုခရိုင် မချမ်းဘောမြို့နယ်တွင် အရှည်ပေ ၇၀၀ အကျယ် ၁၁ ပေရှိ မလိခမြစ်ကူး မချမ်းဘော ကြိုးတံတားတိုးချဲ့ပြုပြင်မှုလုပ်ငန်းများ ဖေဖော်ဝါရီ ၁၈ ရက်တွင် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါမချမ်းဘောကြိုးတံတားကို ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ပြည်နယ်သာမန် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေကျပ်သန်း ၉၀ အကုန်အကျခံ၍ မချမ်းဘောမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ သစ်သားရက်မအစား သံပေါင်ယက်မအစားထိုးလဲလှယ်ခြင်း၊ ဆိုင်းကြိုးများ အသစ်လဲလှယ်ခြင်း၊ ကြမ်းခင်းသစ်သားထည် အသစ်လဲလှယ်ခြင်း ၊ လက်ရန်းသံဆန်ခါတပ်ဆင်ခြင်း၊ သံအမတ်ကြီးများ စနစ်တကျပြန်လည်တပ်ဆင်ခြင်းတို့ကိုဇန်နဝါရီ ၉ ရက်မှစ၍ တိုးချဲ့ပြုပြင်ခဲ့ခြင်းဖြစ်သည်။

မလိခမြစ်ကူးကြိုးတံတားသည် ပူတာအိုမြို့နှင့် မချမ်းဘောမြို့တို့ကို ဆက်သွယ်ထားသောတံတားဖြစ်ပြီး ယခင်ကအကျယ် ၉ ပေ သာရှိပြီး သုံးဘီးယာဉ်ငယ်များသာ ဖြတ်သန်းနိုင်သော်လည်း ယခုအခါ တစ်တန်နှင့်အောက်ယာဉ်ငယ်ကားများ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်၍ မချမ်းဘောမြို့နယ် ပြည်သူများအတွက် ကုန်စည်ပို့ဆောင်ရေး၊ ကျန်းမာရေး၊ ပညာရေး ၊ လူမှုရေးတို့တွင် ပိုမိုလျင်မြန်စွာဆောင်ရွက်လုပ်ကိုင်နိုင်ကြပြီဖြစ်၍ဒေသခံများ အထူးဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

နှစ်(၇၀)ပြည့် တပ်မတော်နေ့ဂုဏ်ပြုကဗျာ

## သမိုင်းစဉ်လာကြီးမြတ် ပြည်သူ့တပ်မတော်

* မြန်မာတိုင်းပြည်၊ သမိုင်းရှည်လျား
ဝိုင်းညီအားတက်၊ လုံ ဓားထက်ခဲ့
သားဆက်မြေးမြစ်၊ ဘိုးဘေးနှစ်အမွေ
တို့ချစ်မြေကို၊ နေထိုင်ရာသက်
ကမ္ဘာထက်မှာ၊ တို့တွက်ကာရည်
မြန်မာပြည်ဟု၊ တည်ရှိစေရေး
သတ်မှတ်ပေးခဲ့တကား....။

* တို့ဘေးတို့ဘိုး၊ သာကီမျိုးတွေ
မညှိုးတေဇာ၊ ရွှေမြန်မာတည့်
နေလာထီးတည်း၊ နိုင်ငံကြီးများ
နီးအနားမှာ၊ သီးခြားရပ်တည်
ဂုဏ်ဒြပ်ညီပေ၊ စည်ဝေလန်းဖြာ၊ ငြိမ်းချမ်းသာခဲ့တကား...။

* မြန်မာပြည်ဘဝ၊ ကမ္ဘာတည်ရဖို့
ဗီဇသတ္တိ၊ မျိုးဂုဏ်ရှိသော
အမိမြေဖွား၊ ဇာနည်သားတို့
ဓားလှံလေးမြား၊ ရှိသည့်အားဖြင့်
နှစ်များရှည်ကြာ၊ ကာကွယ်လာသည်
မြန်မာတပ်မတော်၊ စဉ်လာကျော်ခဲ့တကား...။

* ခေတ်သမိုင်းအဆက်ဆက်၊ ပြည်သူ့တွက်တည့်
လက်ဆင့်ကမ်းတာဝန်၊ မြဲကျေပွန်သော
မွန်မြတ်စိတ်ထား၊ ပြည်သူ့သားတွေ
အားမာန်သတ္တိ၊ ဖွဲ့အပြည့်ဖြင့်
အမိမြေအတွက်၊ သွေးအသက်တွေ
ပေးဆက်ကာကွယ်သွားမည်တကား...။

ပျဉ်းမနားမြင့်လှိုင်

# နှစ် (၇၀)ပြည့် တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြု ကျေးရွာဆိုလာလျှပ်စစ်မီးလင်းရေးဖွင့်ပွဲများ ကျင်းပ

**နေပြည်တော် မတ် ၂၄**

နှစ် (၇၀) ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လယ်ဝေးမြို့နယ်ရှိ ရွာသစ်ကျေးရွာ၊ လက်မပင်ကျေးရွာနှင့် နန္ဒင်းကျင်းကျေးရွာ ဆိုလာလျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို ရွာသစ်ကျေးရွာ မူလတန်းကျောင်း၌ မတ် ၂၃ ရက် နံနက် ၉ နာရီခွဲကလည်းကောင်း၊ လျှော်ဖြူကျေးရွာ ဆိုလာလျှပ်စစ်မီးလင်းရေးနှင့် ကျေးလက်အိမ်ရာ ဖွင့်ပွဲကို အဆိုပါကျေးရွာတွင် နံနက် ၁၁ နာရီကလည်းကောင်း ကျင်းပခဲ့သည်။

ရှေးဦးစွာ ရွာသစ်ကျေးရွာတွင် ရွာသစ်၊ လက်မပင်၊ နန္ဒင်းကျင်းကျေးရွာများ ဆိုလာလျှပ်စစ်မီးလင်းရေးဖွင့်ပွဲကိုကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေက အမှာစကားပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်နှင့်အဖွဲ့သည် လျှော်ဖြူကျေးရွာသို့ သွားရောက်ပြီး ဆိုလာလျှပ်စစ်မီးလင်းရေးနှင့် ကျေးလက်အိမ်ရာဖွင့်ပွဲသို့ တက်ရောက်သည်။ ထို့နောက် ဆိုလာလျှပ်စစ်ပစ္စည်းနှင့် ကျေးလက်အိမ်ရာများ လွှဲပြောင်းပေးအပ်ကာ တပ်ဆင်ဆောင်ရွက်ထားရှိသော ကျေးရွာ တစ်အိမ်သုံးဆိုလာပစ္စည်းများနှင့် ကျေးလက်အိမ်ရာများကို လှည့်လည်ကြည့်ရှုသည်။

ယခုဆိုလာမီးလင်းရေး ဆောင်ရွက်ပေးခဲ့သည့် ရွာသစ်၌ အိမ်ခြေ ၉၂ အိမ်၊ လက်မပင်ကျေးရွာ၌ အိမ်ခြေ ၅၅ အိမ်၊ နန္ဒင်းကျင်းကျေးရွာတွင် အိမ်ခြေ ၁၅၇ အိမ်နှင့် လျှော်ဖြူကျေးရွာ၌ အိမ်ခြေ ၁၂၉ အိမ်တို့ကို တစ်အိမ်လျှင် ဆိုလာပြား တစ်ချပ်၊ ဘက်ထရီအိုး တစ်လုံး၊ အင်ဗာတာတစ်ခု၊ မီးသီးနှစ်လုံး၊ မီးချောင်း တစ်ချောင်း တပ်ဆင်ပေးခဲ့ခြင်းဖြစ်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လယ်ဝေးမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၌ ကျေးလက်မီးလင်းရေးအတွက် လျှပ်စစ်ဓာတ်အားစနစ်ဖြင့် ဆောင်ရွက်ပေးသည့် ကျေးရွာလေးရွာအတွက် နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေကျပ် ၁၇၆ ဒသမ ၈၉ သန်းဖြင့်လည်းကောင်း၊ ဆိုလာမီးလင်းရေးအတွက် ကျေးရွာ ခုနစ်ရွာကို ဆိုလာမီးအစုံ ၈၆၃ စုံကို ခွင့်ပြုရန်ပုံငွေကျပ် ၁၆၂ ဒသမ ၀၅၅ သန်းဖြင့် လည်းကောင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

မတ် ၂၄ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၁၇ တွင် ဖော်ပြခဲ့သော ပိဋကတ်တိုက်တော်၊ မဟာပဋ္ဌာန်းဟော ရွှေသိမ်တော်နှင့် သုဓမ္မာရွှေကျောင်းတော် ပြန်လည်မွမ်းမံတည်ဆောက်မှု ရာနှုန်းပြည့် ပြီးစီးသတင်း ပထမကော်လံ စာကြောင်းရေ ၁ တွင် "ဆဋ္ဌသင်္ဂါယနာတင်" အစား "ပဥ္စမသင်္ဂါယနာတင် "ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

# ကချင်ပြည်နယ် မံစီမြို့နယ်အတွင်း တစ်ဖက်နိုင်ငံသို့ သစ်များခိုးထုတ်နေမှုကို တပ်မတော်စစ်ကြောင်းများက ဖော်ထုတ် ဖမ်းဆီးရာမှ KIA (ကချင်)အဖွဲ့နှင့် တိုက်ပွဲများဖြစ်ပွား




**နေပြည်တော် မတ် ၂၄**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ်အတွင်း မတ် ၂၀ ရက် မွန်းလွဲပိုင်းက တပ်မတော်မှ လေ့ကျင့်ရေးဂျက်လေယာဉ်များက လေ့ကျင့်ပျံသန်းစဉ် ပလောင်ဒိန်ဆာရွာနှင့် မဂျီဂွမ်ရွာအကြား၌ တရားမဝင်သစ်များ တင်ဆောင်ထားသည့် ယာဉ်တန်းအား တွေ့ရှိရကြောင်း သတင်းပို့ချက်အရ တပ်မတော် စစ်ကြောင်းများက အဆိုပါနယ်မြေအတွင်း နယ်မြေရှင်းလင်းဆောင်ရွက်ခဲ့ရာ သစ်ခိုးထုတ်နေမှုများကို အကာအကွယ်ပေးနေသည့် KIA(ကချင်)အဖွဲ့များနှင့် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။

တပ်မတော်စစ်ကြောင်းများက သစ်များ ခိုးထုတ်သယ်ယူနေမှုကို ဖမ်းဆီးရမိရေးအတွက် ပိတ်ဆို့တားဆီး ရှင်းလင်းဆောင်ရွက်ခဲ့ရာ မတ် ၂၁ ရက် နံနက် ၁၁ နာရီခန့်တွင် ကိုက်ထိပ်-မံဝိန်းကြီးဒေသ၊ မံစီ-ကိုက်ထိပ်-မံဝိန်းကြီးကားလမ်း မိုင်တိုင်အမှတ်(၃၀)၏ အနောက်ဘက် ၄ မိုင်ခန့်အကွာရှိ မထက်ကျေးရွာအနီး၌ KIA (ကချင်)အဖွဲ့မှ အင်အားစုအချို့နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သည်။

KIA (ကချင်)အဖွဲ့က ယင်းနေရာ၌ ယာယီတဲများ ဆောက်လုပ်၍ ပစ်ကျင်းများတူးထားပြီး တပ်မတော် စစ်ကြောင်းများအား လောင်ချာနှင့် လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက စနစ်တကျ ပြန်လည်ခုခံတိုက်ခိုက်ခဲ့ရာ KIA(ကချင်)အဖွဲ့များ ဆုတ်ခွာသွားခဲ့သည်။ တပ်မတော်စစ်ကြောင်းက ဆုတ်ခွာသွားသော KIA(ကချင်)အဖွဲ့နောက်သို့ လိုက်လံရှင်းလင်းရာ ဖြစ်စဉ်နေရာ၏ တောင်ဘက် ၁ မိုင်ခန့်အကွာ၌ သစ်လုံး ၁၂လုံး တင်ဆောင်ထားသော ၁၀ ဘီးယာဉ် ၁ စီးအားသိမ်းဆည်းရမိခဲ့သည်။

သိမ်းဆည်းရမိခဲ့သည့် သစ်လုံးများ တင်ဆောင်ထားသော ၁၀ ဘီးယာဉ်အနီး လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းကို မတ် ၂၂ ရက် နံနက် ၈ နာရီ ခန့်တွင် KIA(ကချင်)အဖွဲ့များက ဖြန့်ခွဲ၍ စိန်ပြောင်း၊ လောင်ချာ၊ စက်လတ်များ၊ လက်နက်ငယ်များဖြင့် ဝိုင်းပတ်တိုက်ခိုက်လာသဖြင့် တပ်မတော်စစ်ကြောင်းက လေကြောင်းပစ်ကူ ရယူကာ ပြန်လည်တိုက်ခိုက်ခဲ့၍ ပြန်လည်ဆုတ်ခွာသွားသည်။

တပ်မတော် လေယာဉ်များက ပစ်ကူပေးတိုက်ခိုက်ခဲ့ပြီး လေယာဉ်ကွင်းသို့ ပြန်လည်ပျံသန်းလာစဉ် သစ်များ တင်ဆောင်လာသော ယာဉ်တန်းကို ထပ်မံတွေ့ရှိ၍ ယင်းယာဉ်တန်းအပေါ်မှ ဖြတ်ကျော်ပျံသန်းစဉ် ယာဉ်တန်းမှ လေယာဉ်ကို ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အဆိုပါ သစ်ခိုးထုတ်သယ်ဆောင်နေသည့် ယာဉ်တန်းအား တပ်မတော် လေယာဉ်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ထို့အတူ မထက်ကျေးရွာ မြောက်ဘက်၌ နယ်မြေရှင်းလင်းဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းကို မတ် ၂၂ ရက် ညနေ ၆ နာရီခန့်တွင် KIA(ကချင်)အဖွဲ့များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်သဖြင့် တပ်မတော်စစ်ကြောင်းက ပစ်အားသုံး ပြန်လည်တိုက်ခိုက်ခဲ့ရာ KIA (ကချင်)အဖွဲ့များ ပြန်လည်ဆုတ်ခွာသွားခဲ့သည်။ ဆုတ်ခွာသွားသော အဖွဲ့များနောက်သို့ တပ်မတော်စစ်ကြောင်းက လိုက်လံရှင်းလင်းရာ မတ် ၂၃ ရက် နံနက်ပိုင်းတွင် KIA(ကချင်) အဖွဲ့နှင့် ထိတွေ့တိုက်ပွဲထပ်မံဖြစ်ပွားခဲ့ပြီး ဆက်လက်ရှင်းလင်းရာ သစ်များတင်ဆောင်ထားသော သစ်တင်ယာဉ် ၂၅ စီးကို သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ ညနေပိုင်းတွင် တပ်မတော်စစ်ကြောင်းက အဆိုပါနေရာ ပတ်ဝန်းကျင်ရှိ တောင်ကုန်းများ၌ ဖြန့်ခွဲနေရာယူထားသော KIA (ကချင်)အဖွဲ့များကို တိုက်ခိုက်ချေမှုန်းခဲ့ရာ ထိတွေ့တိုက်ပွဲ နှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး လူနေတဲများနှင့် ပစ်ကျင်းများ တူးထားသည့် တောင်ကုန်း ၂ ကုန်းကို သိမ်းပိုက်နိုင်ခဲ့သည်။

အလားတူ တပ်မတော်စစ်ကြောင်းများနှင့် KIA(ကချင်)အဖွဲ့များသည် မတ် ၂၀ ရက် ညပိုင်းက မံစီ-ကိုက်ထိပ်-မံဝိန်းကြီး ကားလမ်း မိုင်တိုင်အမှတ် ၂၆ အနီး၌ လည်းကောင်း၊ မတ် ၂၃ ရက် မွန်းလွဲပိုင်းက မထက်ကျေးရွာ တောင်ဘက်နှင့် အနောက်ဘက်တို့၌လည်းကောင်း၊ လုံခြုံရေးဆောင်ရွက်နေသော ကိုက်ထိပ်စခန်းတွင်လည်းကောင်း ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး သစ်တင်ယာဉ် တစ်စီးကို သိမ်းဆည်းရမိခဲ့သည်။

တပ်မတော်စစ်ကြောင်းများသည် တစ်ဖက်နိုင်ငံသို့ သစ်များ ခိုးထုတ်နေမှုများတွင် ပါဝင်ပတ်သက်ပြီး သစ်ခိုးထုတ်နေသည့် အဖွဲ့များကို အကာအကွယ်ပေးနေသော KIA (ကချင်)အဖွဲ့များနှင့် မတ် ၂၀ ရက်မှ ၂၃ ရက် အထိ ထိတွေ့တိုက်ပွဲ ကိုးကြိမ် ဖြစ်ပွားခဲ့ပြီး တပ်မတော်မှ လေကြောင်းပစ်ကူတစ်ကြိမ် ဆောင်ရွက်ခဲ့၍ သစ်များတင်ဆောင်ထားသည့်ယာဉ် စုစုပေါင်း ၂၇ စီးကို သိမ်းဆည်းရမိခဲ့သည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ သက်စွန့်ကြိုးပမ်းထမ်းရွက်လျက်ရှိသည့်အပြင် တစ်မျိုးသားလုံး လူညွန့်တုံးစေမည့် မူးယစ်ဆေးဝါး အန္တရာယ် ပူးပေါင်းကာကွယ်တားဆီးခြင်း၊ နိုင်ငံတော်၏ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများကို တရားမဝင်ခိုးထုတ်သယ်ဆောင်နေမှုများ မရှိစေရေးအတွက် ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းများကို အမျိုးသားရေးတာဝန်အဖြစ်ခံယူ၍ ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ကချင်ပြည်နယ်အတွင်းရှိ မြန်မာ့အဖိုးတန်သစ်များကို မသမာသူများက ကိုယ်ကျိုးစီးပွားအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပူးပေါင်း၍ ခိုးထုတ်သယ်ယူနေမှုများကို ဖော်ထုတ် ဖမ်းဆီးရမိရေးအတွက် တပ်မတော်စစ်ကြောင်းများက ဆက်လက် နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**






**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၅င/ ၆၆၉၂၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

**မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း**
**အသင်းပိုင်အဆောက်အဦအသစ်ဖွင့်ပွဲ အခမ်းအနားဖိတ်ကြားခြင်း**

မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်းပိုင် အဆောက်အဦအသစ်ဖွင့်ပွဲအခမ်းအနားကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ရေကြောင်းအင်ဂျင်နီယာများနှင့် ရေကြောင်း လျှပ်စစ်အင်ဂျင်နီယာများအားလုံး တက်ရောက်ပေးပါရန် လေးစားစွာ ဖိတ်ကြား အပ်ပါသည်။

| | | |
|---|---|---|
| နေ့ရက် | ။ ။ | ၂၇-၃-၂၀၁၅ (သောကြာနေ့) |
| အချိန် | ။ ။ | နံနက် (၉)နာရီတိတိ<br>( နံနက် ၈း၃၀ နာရီအရောက်နေရာယူပေးကြပါရန်) |
| နေရာ | ။ ။ | မြန်မာနိုင်ငံရေကြောင်း အင်ဂျင်နီယာအသင်း<br>အမှတ်-၂၆/၂၇၊ လယ်ယာ(၃)လမ်း၊<br>(၁၀)မြောက်ရပ်ကွက်၊ သာကေတမြို့နယ်။<br>(တိုင်းရင်းသားကျေးရွာ ဘေးကပ်လျက်) |

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း

တစ်သက်တစ်ခါ ကြုံတောင့်ကြုံခဲ ဖြစ်ပါသဖြင့် ရေကြောင်းအင်ဂျင်နီယာများ၊ ရေကြောင်း လျှပ်စစ်အင်ဂျင်နီယာများ အားလုံး တစ်ခဲနက်ပါဝင် တက်ရောက်ပေးကြပါရန် လေးစားစွာ နိုးဆော်အပ်ပါသည်။

(သီးခြားဖိတ်စာမပို့ပါ)

## ပြည်တွင်းသတင်း

# လျှပ်စစ်ပန်ကာ အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်

**ပျဉ်းမနား မတ် ၂၄**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ယောက်သွားအင်းအုပ်စု ယောက်သွားအင်းလမ်း (အနောက်)ကျေးရွာ ပျဉ်းမနား-တောင်ညိုလမ်း အမှတ်(၃/၈၉) ရှိ နေအိမ်တစ်လုံး ယနေ့ ညနေ ၅ နာရီ ၂၂ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။**(အောက်ပုံ)**



ဖြစ်စဉ်မှာ ဦးပြည့်ဖြိုးအောင်ပိုင်ဆိုင်သည့် ရွှေဗန္ဓာမြန်မာထမင်းဆိုင် အုတ်ညှပ်၊နှစ်ထပ် သွပ်မိုးနေအိမ်သည် လျှပ်စစ်ပန်ကာ အပူရှိန်လွန်ကဲရာမှ မီးလောင်မှုဖြစ်ပြီး မီးလောင်မှုကြောင့် (၁၀×၆)ပေ အခန်း (၁)ခန်း၊ အဝတ်အထည်နှင့် ပန်ကာတစ်လုံး လောင်ကျွမ်းဆုံးရှုံးခဲ့၍ လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှု မရှိခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ နေပြည်တော်ကောင်စီဝင် ပျဉ်းမနား တာဝန်ခံ ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ ဒက္ခိဏခရိုင် အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး၊ နေပြည်တော်မီးသတ်မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးလှိုင်၊ ပျဉ်းမနားမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူးပါ ၄၁ ဦး၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ၊ အုပ်ချုပ်မှုယာဉ်နှစ်စီး၊ အရန်မီးသတ် ၁၀ ဦး၊ မီးသတ်ယာဉ် ၁၀ စီးဖြင့် ရောက်ရှိငြိမ်းသတ်ခဲ့ပြီး ရပ်ကွက်နေပြည်သူများက ပူးပေါင်းပါဝင်ကူညီခဲ့ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ့)**
**ဓာတ်ပုံ-(မြို့နယ် ပြန်/ဆက်)**

# ကြို့ပင်ကောက်၌ ဘွတ်ရိုးတံတားဖွင့်

**ကြို့ပင်ကောက် မတ် ၂၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်၌ နှစ်(၇၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အုတ်တွင်းကုန်းအုပ်စု ဘွတ်ရိုးတံတားဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ ရက်က ကျင်းပသည်။ တံတား၏အရှည်မှာ ပေ ၂၀၊ အကျယ် ၁၅ ပေ၊ အမြင့် ၉ ပေ ၆ လက်မဖြစ်ပြီး အဆိုပါတံတားဖွင့်လှစ်မှုကြောင့် ကျေးရွာ ၂၀ နှင့် ကျေးရွာပေါင်း ၁၀၀ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သိန်းတိုး(ဇီးကုန်း)**

# မွေ့ရာပေါ် ဆေးလိပ်ချထားရာမှ မီးလောင်မှုဖြစ်

**မန္တလေး မတ် ၂၄**

မန္တလေးချမ်းအေးသာစံမြို့နယ် အောင်နန်းအနောက်ရပ်ကွက် ၃၃ လမ်း၊ ၈၅ လမ်းနှင့် ၈၆ လမ်းကြား အိမ်အမှတ် ၉၀(ခ) အိမ်ရှင် ဦးထွန်းထွန်း၏ နေအိမ်၌ မတ် ၂၃ ရက်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဦးထွန်းထွန်း၏ ပေ(၄၀×၅၀)အာရ်စီနှစ်ထပ် အပေါ်ထပ်ရှိ ပေ(၁၈×၂၀) အခန်းတွင် ၄င်း၏တူဖြစ်သူ ဇင်ဘိုအသက် (၃၁ နှစ်)သည် မွေ့ရာပေါ်သို့ ဆေးလိပ်သောက်ပြီး တင်ထားရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်ရာသို့ မီးသတ်ယာဉ် ၂၀၊ အုပ်ချုပ်မှုယာဉ်တစ်စီး၊ သန္နေမီးသတ်တပ်ဖွဲ့ဝင် ၃၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၈၀ နှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့သည်။

မီးလောင်မှုကြောင့် ဇင်ဘိုအား အခန်းတွင်းမှ မီးသတ်တပ်ဖွဲ့ဝင်များ ကယ်ထုတ်ခဲ့ရပြီး ဒဏ်ရာများရရှိကာ မီးခိုးမွန်ခဲ့မှုကြောင့် မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ဇင်ဘိုအား အမှတ်(၆)ရဲစခန်းတွင် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

✳ *ကျောဖုံးမှ*

ဖြစ်ကြောင်း ပြင်သစ်အာဏာပိုင်များက အတည်ပြုပြောကြားသည်။

ဒေသစံတော်ချိန် နံနက် ၉ နာရီ ၃၉ မိနစ်တွင် လေယာဉ်မှာ ဒုက္ခရောက်နေကြောင်း လေယာဉ်မှူးက ဖုန်းဖြင့်အကြောင်းကြားပြီး မကြာမီ လေယာဉ်မှာ ရေဒါမှ ပျောက်ဆုံးသွားခဲ့ကြောင်း၊ လေယာဉ်မှာ ပြင်သစ်နိုင်ငံ Digne ဒေသရှိ လျှိုမြောင်တစ်ခုအတွင်း ပျက်ကျသွားကြောင်း သတင်းရရှိသည်နှင့် သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်များက ရဟတ်ယာဉ်ဖြင့် သွားရောက်ရှာဖွေကြည့်ရှုစစ်ဆေးရာ အခင်းဖြစ်နေရာအနီးတစ်ဝိုက်တွင် အပျက်အစီးအပိုင်းအစများ တွေ့ရှိခဲ့ကြကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ပြင်သစ်သမ္မတ ဖရန့်ဆွာဟော်လန်က လေယာဉ်ပျက်ကျသောအခြေအနေနှင့် မြေပြင်အနေအထားအရ တစ်ယောက်မျှ အသက်ရှင်ဖွယ်မရှိကြောင်း သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

ယူကေဒုတိယဝန်ကြီးချုပ် နစ်ကလက်ဂ်ကလည်း သေဆုံးသွားသူများ၏ မိသားစုဆွေမျိုးသားချင်းများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း၊ လေယာဉ်ပျက်ကျရာနေရာသည် တောတောင်ထူထပ်သဖြင့် သွားရောက်ရန် အလွန်ခက်ခဲကြောင်း ဆိုသည်။

ပြင်သစ်နိုင်ငံ ပဲရစ်မြို့ အပြင်ဘက်တွင် ၂၀၀၀ ပြည့်နှစ် ဇူလိုင်လက ကွန်ကော့ဒ်လေယာဉ်ပျက်ကျခဲ့ပြီးနောက်ပိုင်း ယခု လေယာဉ်ပျက်ကျမှုမှာ ပြင်သစ်နိုင်ငံ၌ ပထမဦးဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

# လိင်စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

**ရန်ကုန် မတ် ၂၄**

ဗဟန်းမြို့နယ် အတွင်းရှိ ဆေးဆိုင်များတွင် မူးယစ်ဆေးဝါးကာမရာဂစိတ်ကြွဆေးနှင့် ကျန်းမာရေးဦးစီးဌာနမှ တားမြစ်ဆေးဝါးအဖြစ် သတ်မှတ်ထားသော ဆေးဝါးများ မှတ်ပုံတင်ထားရှိမှုမရှိသော ဆေးဝါးများအား ရောင်းချခြင်း မရှိစေရေးအတွက် မြို့နယ်အထွေထွေ



အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနတို့မှ အသိပညာပေးဟောပြောခြင်းတို့ဆောင်ရွက်ပြီး နေ့စဉ်စုံစမ်းဖမ်းဆီးနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိရာ မတ် ၂၃ ရက် ညနေ ၅ နာရီခွဲခန့်က ဗဟန်းမြို့မရဲစခန်းမှ ဒုရဲအုပ်တင်လှိုင်နှင့် ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ တရားမဝင် လိင်စိတ်ကြွဆေးများ ရောင်းချနေကြောင်း သတင်းအရ ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် စက်မှု(၁) လမ်းနှင့် အေးရိပ်သာလမ်းထောင့်ရှိ မောင်မောင်အေး ကွမ်းယာဆိုင်အား ဝင်ရောက်ရှာဖွေရာ ကန့်သတ်လိင်စိတ်ကြွဆေး ခုနစ်မျိုးအား ဖမ်းဆီးရမိသဖြင့် အမျိုးသား ဆေးဝါးဥပဒေပုဒ်မ-၁၈ ဖြင့် အမှုဖွင့် အရေးယူ စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

**(မြန်မာ့အလင်း)**



# ကားနှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ၊ တစ်ဦးသေဆုံး

**မြင်းမူ မတ် ၂၄**

မြင်းမူမြို့နယ် နဘဲကြူးဇရပ်အနီး မန္တလေး-မုံရွာကားလမ်း မိုင်တိုင်(၄၁/၅) နှင့် (၄၁/၆)ကြား၌ မတ် ၂၃ ရက် နံနက် ၁၁ နာရီခန့်က မုံရွာဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း မဝတ်ရည်မြင့်သွယ် မောင်းနှင်ပြီး မသင်းသင်းရီ၊ မအေးအေးသင်းတို့လိုက်ပါသည့် 2D/---မတ်တူး ငွေမှုင်ရောင်ကားနှင့် မန္တလေးဘက်မှ ယာဉ်မောင်း အောင်ဇော်လတ် မောင်းနှင်လာသော YGN 9H/----ကင်ဒါအဖြူရောင်ကားတို့ မျက်နှာချင်းဆိုင်တိုက်မိကြပြီး **(အပေါ်ပုံ)** ယာဉ်ပေါ်ပါ မသင်းသင်းရီမှာ ဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။

ယာဉ်မောင်း မဝတ်ရည်မြင့်သွယ်၊ မအေးအေးသင်းနှင့် ယာဉ်မောင်း အောင်ဇော်လတ်တို့တွင် ဒဏ်ရာများရရှိခဲ့ကြရာ ဒဏ်ရာရလူနာများကို မြင်းမူဆေးရုံသို့ ပို့ထားပြီး မြင်းမူမြို့မရဲစခန်းက အမှုဖွင့်ထားသည်။ **(၀၇၉)**


## ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကျောက်မဲခရိုင်မှ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ လေလံတင်ရောင်းချရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကျောက်မဲခရိုင်ရှိ မြို့နယ်အသီးသီး၏ သိုလှောင်ရုံ၌ရှိသော အသုံးမလိုတော့သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား လေလံတင်ရောင်းချလိုပါသည်။

၂။ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၏ အမျိုးအစားနှင့် အရေအတွက်များအား မျက်မြင်အနေအထားအတိုင်း Lot-No အလိုက် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၃။ **တင်ဒါပုံစံထုတ်ယူရမည့်ရက်နှင့် ပစ္စည်းပြမည့်ရက်** - ၂၆-၃-၂၀၁၅ရက်မှ ၃၀-၃-၂၀၁၅ရက်အထိ

၄။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ကျောက်မဲမြို့

၅။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်နှင့်အချိန်** - ၃၀-၃-၂၀၁၅ရက် မွန်းတည့် ၁၂ နာရီ

၆။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၃၁-၃-၂၀၁၅ရက် နံနက် ၉နာရီ

၇။ အသေးစိတ်သိရှိလိုပါက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ကျောက်မဲမြို့၌ ရုံးချိန်အတွင်း ဖုန်း-၀၈၂-၄၀၀၄၉၊ ၀၈၂-၄၀၇၇၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီ**



**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ဘုန်းမြတ်ကို ၁၂/ဗဟန(နိုင်)၁၀၉၃၄၆၏ နိုင်ငံကူးလက်မှတ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၀၀၈၁၄၈**



## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သီရိရတနာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/သီရိရတနာ၊မြေကွက်အမှတ် ၅၃၊ ဧရိယာ ၀ ဒသမ ၄၄၇ဧကရှိ ဒေါ်ကြူကြူအေး အမည်ပေါက် အငှားဂရန် မြေကွက်အား ဦးလှထူး(အထူးကိုယ်စားလှယ်လွှဲစာရသူ) ၁၂/ပဇတ(နိုင်)၀၀၉၁၄၇ (ဘ)ဦးခင်အောင်က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ရန်၊ မြေပုံရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီမြို့ပြ စီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**



## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သီရိရတနာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/သီရိရတနာ၊ မြေကွက်အမှတ် ၅၂၊ ဧရိယာ ၀ ဒသမ၄၄၇ ဧကရှိ ဦးစောလင်း အမည်ပေါက် အငှားဂရန် မြေကွက်အား ဦးလှထူး(အထူးကိုယ်စားလှယ်လွှဲစာရသူ) ၁၂/ပဇတ(နိုင်)၀၀၉၁၄၇ (ဘ)ဦးခင်အောင်က ပိုင်ဆိုင်ကြောင်း အထောက်အထားများ တင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ရန် မြေပုံရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**



## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သီရိရတနာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/သီရိရတနာ၊ မြေကွက်အမှတ် ၄၊ ဧရိယာ ၀ဒသမ ၄၄၇ ဧကရှိ ဒေါ်ကျောက်ချိုဖုန်း(ခ)ခင်ဖုန်းလင်းလက်ဝင်းကျောက်မျက် အမည်ပေါက် အငှားဂရန်မြေကွက်အား ဦးလှထူး(အထူးကိုယ်စားလှယ်လွှဲစာရသူ) ၁၂/ပဇတ(နိုင်)၀၀၉၁၄၇ (ဘ)ဦးခင်အောင်က ပိုင်ဆိုင်ကြောင်း အထောက်အထားများ တင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**



## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သီရိရတနာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/သီရိရတနာ၊ မြေကွက်အမှတ် ၂၊ ဧရိယာ ၀ ဒသမ ၄၄၇ဧကရှိ ဦးပြည့်ဖြိုးအောင် အဲဗားဝင်းနားကျောက်မျက် အမည်ပေါက် အငှားဂရန် မြေကွက်အား ဦးလှထူး(အထူးကိုယ်စားလှယ်လွှဲစာရသူ) ၁၂/ပဇတ(နိုင်)၀၀၉၁၄၇ (ဘ)ဦးခင်အောင်က ပိုင်ဆိုင်ကြောင်း အထောက်အထားများ တင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ရန် မြေပုံ၊ ရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**



## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သီရိရတနာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/သီရိရတနာ၊ မြေကွက်အမှတ် ၃၊ ဧရိယာ ၀ ဒသမ၄၄၇ ဧကရှိ ဦးပြည့်ဖြိုးအောင် အဲဗားဝင်းနားကျောက်မျက် အမည်ပေါက် အငှားဂရန် မြေကွက်အား ဦးလှထူး(အထူး ကိုယ်စားလှယ်လွှဲစာရသူ) ၁၂/ပဇတ(နိုင်)၀၀၉၁၄၇(ဘ)ဦးခင်အောင်က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ရန် မြေပုံရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**



**သွေးသည် အသက်**



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်း ငါးခု ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်။

(က) အမျိုးသားပြတိုက်(နေပြည်တော်)တည်ဆောက်ခြင်း
(ခ) ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်းတွင် ဓာတ်ခွဲခန်းတည်ဆောက်ခြင်း
(ဂ) မန္တလေးတိုင်းဒေသကြီး၊မန္တလေးမြို့၊ မန္တလေးနန်းတော်ပြုပြင်မွမ်းမံထိန်းသိမ်းခြင်း
(ဃ) မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ပခန်းငယ်ကျောင်းပုံစံတူပြုလုပ်ခြင်းနှင့် ထိန်းသိမ်းခြင်း
(င) မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့တွင် ပရိုင်းမိတ်ပြတိုက်တည်ဆောက်ခြင်း

၂။ ဖော်ပြပါလုပ်ငန်းများနှင့် ပတ်သက်၍ အိတ်ဖွင့်တင်ဒါပုံစံများအား ၂၆-၃-၂၀၁၅ရက်မှ ၂၇-၄-၂၀၁၅ရက်အထိ ဦးစီးဌာနရုံးချုပ်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၈-၄-၂၀၁၅ ရက် မွန်းလွဲ ၁ နာရီတွင် အမျိုးသားပြတိုက်(နေပြည်တော်) တည်ဆောက်ရေးလုပ်ငန်းရုံး၌ အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အခြားသိရှိလိုသည်များအတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်(ဖုန်း-၀၆၇-၄၀၈၀၂၇) နှင့် အမျိုးသားပြတိုက်(နေပြည်တော်) ဖုန်း-၀၆၇-၄၁၈၄၃၂တို့ထံ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**
**ယဉ်ကျေးမှုဝန်ကြီးဌာန**



## စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ (ခုတင်-၅၀၀)ဆံ့ ဆေးရုံတည်ဆောက်ရေး လုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့တွင် တည်ဆောက်မည့် (ခုတင်-၅၀၀)ဆံ့ ဆေးရုံတည်ဆောက်ရေးလုပ်ငန်းတွင် လိုအပ်သော ရေ၊ မီးတပ်ဆင်ရေးနှင့် ပတ်သက်ပြီး တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါစတင် တင်သွင်းရန်** - ၂၅-၃-၂၀၁၅ရက်
**တင်ဒါပိတ်ရက်နှင့် အချိန်** - ၇-၄-၂၀၁၅ရက် ညနေ ၄နာရီ

၂။ အသေးစိတ်အချက်အလက်များကို မုံရွာမြို့ (ခုတင်-၅၀၀)ဆံ့ ဆေးရုံတည်ဆောက်ရေးလုပ်ငန်းခွင်တွင် လာရောက်ကြည့်ရှုမေးမြန်းနိုင်ပါသည်။

**(ခုတင်- ၅၀၀)ဆံ့ ဆေးရုံတည်ဆောက်ရေး**
**မုံရွာမြို့**
**ဖုန်း-၀၉-၂၅၉၂၄၃၉၇၈**

ပြည်တွင်းသတင်း

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင် ဂျပန်သံအမတ်ကြီးနှင့် တွေ့ဆုံ

**ရန်ကုန် မတ် ၂၄**

ရန်ကုန်မြို့ ကုန်သည်လမ်းရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်သည် မတ် ၂၃ ရက်က မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံ အမတ်ကြီး Mr. Tateshi HIGU- CHI နှင့် JICA မှ တာဝန်ရှိသူများအား တွေ့ဆုံခဲ့သည်။

ဂျပန်နိုင်ငံအစိုးရသည် မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးကဏ္ဍအတွက် အကူအညီများပေးခဲ့ရာ အမေရိကန်ဒေါ်လာသန်း ၄၀ တန်ဖိုးရှိ မုန်တိုင်းနှင့်သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် မုန်တိုင်းရေဒါ သုံးခုအများ ပြည်သူများသွားလာမှု အဆင်ပြေစေရေးအတွက် ပန်းဆိုးတန်း-ဒလကူးတို့အတွက် အမေရိကန်ဒေါ်လာ ၁၄ သန်းတန်ဖိုးရှိချယ်ရီ ကူးတို့ရေယာဉ်သုံးစင်း၊ လေကြောင်းပို့ဆောင်ရေးကဏ္ဍအတွက် လေဆိပ်များတွင် လေဆိပ်အန္တရာယ် ကင်းရှင်းစွာသွားလာနိုင်ရန်အတွက် အမေရိကန်ဒေါ်လာ ၁၂သန်းတန်ဖိုးရှိ လေကြောင်းလမ်းညွှန်ကိရိယာများ၊ သီလဝါဒေသရှိ ဆိပ်ကမ်းငါးခုအနက် နှစ်ခုအတွက် အမေရိကန်ဒေါ်လာသန်း ၄၀၀ ကို ODA Loan အတွက် သဘောတူညီမှုရရှိထားရှိခြင်း၊ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရေးအတွက်အမေရိကန်ဒေါ်လာသန်း ၇၀၀ အားလျှမည့်အစီအစဉ်များစသည်ဖြင့် ကူညီမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

ရခိုင်ဒေသသည် ရေကြောင်းပို့ဆောင်ရေးကို အဓိကအားထားရသောဒေသဖြစ်ပြီး ကမ်းရိုးတန်းနှင့် ပင်လယ်ဝဒေသများအား ဖြတ်ကျော်သွားလာသယ်ယူပို့ဆောင်ပေးနေရကြောင်း၊လက်ရှိရခိုင်ဒေသတွင် သယ်ယူပို့ဆောင်ပေးနေသည့် ရေယာဉ်မှာ ၁၂စင်းခန့်သာရှိပြီး သက်တမ်းကြာမြင့်ပြီဖြစ်သောကြောင့် ခရီးသည်နှင့် ကုန်စည်များသယ်ယူပို့ဆောင်ရာတွင် ပိုမိုလုံခြုံစိတ်ချမှုရှိစေရေးအတွက် ဂျပန်အစိုးရမှ ရခိုင်ဒေသနှင့် သင့်လျော်မည့် ရေယာဉ်များ ကူညီဖြည့်ဆည်းပေးစေလိုပါကြောင်း၊ အဆိုပါလုပ်ငန်းအတွက် ရွေ့ပြေးလေ့လာရေးအဖွဲ့အား စေလွှတ်စေလိုပါကြောင်း၊ ရခိုင်ဒေသ၏ ရေကြောင်းပို့ဆောင်ရေးကဏ္ဍနှင့် ပြည်သူများ၏ပကတိ လိုအပ်ချက်လေ့လာနိုင်ရန်အတွက် လိုအပ်ချက်များ စီစဉ်ပေးရန်အသင့်ရှိပါကြောင်း ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးက ပြီးခဲ့သည့်ရေယာဉ်မတော်တဆမှုဖြစ်စဉ်အတွက် စာနာနားလည်ပါကြောင်း၊ ယခုဆွေးနွေးချက်များကို မိမိတို့ဂျပန်အစိုးရကို တင်ပြပေးမည်ဖြစ်ကြောင်း၊ ယခုဆွေးနွေးချက်များနှင့် ပတ်သက်၍ ဂျပန်သံရုံး JICA မှ တာဝန်ရှိသူများနှင့်ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ တာဝန်ရှိသူတို့ အသေးစိတ်ဆက်လက်ဆွေးနွေးကြရမည်ဖြစ်ပါကြောင်း၊ ၎င်းမှရရှိလာသည့် လုပ်ငန်းစဉ်များအား ဂျပန်အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အပူတပြင်းဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သည်ကို ခံယူထားပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

# တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဌာနဆိုင်ရာ အရာရှိများ မွမ်းမံသင်တန်းဆင်း

**နေပြည်တော် မတ် ၂၄**

နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေး ယန္တရားတိုးတက်ကောင်းမွန်ရေးပြု ပြင်ပြောင်းလဲမှုလုပ်ငန်း အစီအစဉ်အရ ဖွင့်လှစ်ခဲ့သော "တိုင်းဒေသကြီး/ပြည်နယ်များရှိ ဌာနဆိုင်ရာ အရာရှိများ မွမ်းမံသင်တန်း အမှတ်စဉ် (၁) "ဆင်းပွဲအခမ်းအနားကို မတ် ၂၀ ရက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံးအမှတ် (၁၇) နေပြည်တော်၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းကို ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ရှိသည့် ဒေသအုပ်ချုပ်ရေးယန္တရားဖြစ်စေရန် သီးခြား စီစဉ်ဖွင့်လှစ်သောသင်တန်းဖြစ်ပြီး ဝန်ထမ်းအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ ပိုမိုမြင့်မားကာ စွမ်းဆောင်ရည်မြင့်မားတိုးတက်စေရန်နှင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့ အကျိုးစီးပွားအတွက် အပြည့်အဝဝန်ဆောင်မှုပေးနိုင်စေရေး ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူတက်ရောက်အမှာစကားပြောကြားခဲ့ပြီး အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ၊ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

"တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဌာနဆိုင်ရာအရာရှိများ မွမ်းမံသင်တန်း အမှတ်စဉ် (၁)" ကို မတ် ၉ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ ခရိုင်အဆင့် အုပ်ချုပ်ရေးမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ စီမံကိန်းမှူးများ၊ ရသုံး မှန်းခြေငွေစာရင်းဌာနမှ ငွေစာရင်းအရာရှိများ စုစုပေါင်း ၇၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ (မြန်မာ့အလင်း)

# သကြၤန်အတွင်း ယာဉ်စီးခပိုတောင်းပါက ထိရောက်စွာအရေးယူမည်

**ရန်ကုန် မတ် ၂၄**

သကြၤန်ရက်များအတွင်း ရန်ကုန်မြို့ပေါ်တွင် ပြေးဆွဲလျက်ရှိသော ခရီးသည်ယာဉ် မော်တော်ယာဉ်များကို ယာဉ်စီးခပိုမိုတောင်းခံပါက ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးနှင့် ကြီးကြပ်မှုဗဟိုကော်မတီမှ တာဝန်ရှိတစ်ဦးက ပြောသည်။

"ပြည်သူများ သွားလာမှုအဆင်ပြေချောမွေ့စေဖို့ သကြၤန်ရက်များအတွင်းမှာ ခရီးသည်ယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲပေးနိုင်ဖို့ စီစဉ်ထားပါတယ်။ သကြၤန်ရက်များအတွင်း အခွင့်ကောင်းယူပြီး ယာဉ်စီးခ ပိုမိုတောင်းခံတဲ့ မော်တော်ယာဉ်တွေကို ထိရောက်စွာအရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု အဆိုပါတာဝန်ရှိသူက ပြောကြားသည်။

မထသ(ဗဟို) အနေဖြင့် သကြၤန်ရက်များအတွင်း ယာဉ်စီးခ ပိုမိုတောင်းခံခြင်း၊ မော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေး၊ စည်းကမ်းမဲ့ယာဉ်များအား ဖော်ထုတ်အရေးယူနိုင်ရေးတို့အတွက် အဖွဲ့များဖွဲ့စည်းဆောင်ရွက်သွားရန်စီစဉ်လျက်ရှိသည်။

အဆိုပါအဖွဲ့များအနေဖြင့် ယာဉ်မောင်းများ အရက်သေစာများ သောက်စား မူးယစ်မောင်းနှင်ခြင်း ရှိမရှိကို အဓိကထားစစ်ဆေးကြပ်မတ်သွားမည်ဟု ဆိုသည်။

မူးယစ်သောက်စားယာဉ်မောင်းခြင်းကြောင့် ဖြစ်ပေါ်လာမည့်နောက်ဆက်တွဲအကျိုးဆက်များအဖြစ် ယာဉ်မတော်တဆမှုများ ဖြစ်ပွားခြင်း၊ ခိုက်ရန်ဒေါသဖြစ်ခြင်းတို့ကြောင့်မ. ထ. သ စစ်ဆေးရေးအဖွဲ့များ အနေဖြင့် ဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သို့သော်လည်း ယမန်နှစ်သကြၤန်ကာလအတွင်းသတိပေးကြပ်မတ်မှုများကြားကပင် သောက်စားမူးယစ်မောင်းနှင်ခြင်း၊ ပြုပြင်ဆဲယာဉ်အိုယာဉ်ဟောင်းများအသုံးပြုမောင်းနှင်ခြင်းတို့ကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားလျက်ရှိသည်ဟု ဆိုသည်။

ခရီးသည်တင် ဘတ်စ်ကားများအနေဖြင့်လည်း ယာဉ်ပေါ်တွင် ခရီးသည်စီးနင်းလိုက်ပါနိုင်မှုအပေါ် မူတည်ပြီး ယာဉ်စီးခများကိုငွေကျပ် ၅၀၀ မှ ၁၀၀၀ အထိတိုးတောင်းနေကြ၍ မဖြစ်မနေလုပ်ငန်းခွင်သွားရောက်ကြရသူများအတွက် သွားလာရေး အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း သိရသည်။(မြန်မာ့အလင်း)




သတင်း-ကြော်တိုင်းအောင် ဓာတ်ပုံ-သက္က






## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်းတိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ ပုညဝမနလမ်း၊ တိုက်အမှတ်(၃၅)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် တည်ဆောက်ထားသည့် (၈)ထပ်တိုက်၏ အခန်းအမှတ်(8/B)၊ အကျယ်အဝန်းပေ(၁၅×၆၀) (ခြေရင်း)တိုက်ခန်း၊ ရေ၊ မီးစုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင် ရောင်းချခွင့်ရှိသည်ဟု ပြောဆိုဝန်ခံသူ ဒေါ်မေသက် ၁၂/ဒဂန(နိုင်)၀၂၇၇၃၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ပိုင်းပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စရပ်အပေါ် အကျိုးသက်ဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ခင်နီနီလှိုင် LL.B
ဦးစောဒေမီယံ LL.B အထက်တန်းရှေ့နေ(၃၉၁၁၂)
တရားလွှတ်တော်ရှေ့နေ (၄၇၄၈)

Blessing Law Firm
အမှတ်(၆၂)၊ ကျောက်မြောင်းလမ်း၊ ကျောက်မြောင်းအရှေ့ရပ်ကွက်
တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၄၀၅၂၇၊ ၀၉-၇၃၀၈၁၆၅၉၊ ၀၉-၂၅၆၃၂၃၀၂၄
Blessinglawfirm@gmail.com

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အမှတ်(၂)တိုးချဲ့ရပ်ကွက်၊ အကွက်အမှတ်(C/19)၊ မြေအကျယ်အဝန်းပေ(၄၀×၆၀) ဦးသန်းအောင် (AT-၀၁၆၁၂၇) အမည်ပေါက်ထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်သူ ဒေါ်မာမာထွေး ၁၂/မဘန(နိုင်)၀၂၆၅၃၅ ထံမှ ဦးကျော်စိန်ဝင်းမြင့် ၁၂/တကန(နိုင်)၀၀၁၃၄၆ က အပြီးအပိုင် လွှဲပြောင်းရယူရန် ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအသိပေးအပ်ပါသည်။

ဦးကျော်စိန်ဝင်းမြင့် ၁၂/တကန(နိုင်)၀၀၁၃၄၆
အမှတ် ၅၃/၅၄၊ ပထပ်၊ လယ်ယာရွှေမြေလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊
တာမွေမြို့နယ်၊
ဖုန်း-၀၉-၅၀၈၉၇၂၈၊ ၀၉-၇၃၀၅၅၁၇၆

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းတစ်မျိုးချင်းစီအတွက် ဈေးနှုန်းကမ်းလှမ်းလွှာများကို ၈-၄-၂၀၁၅ရက် ၁၃း၀၀နာရီ နောက်ဆုံးထားတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(1) Spare Parts and Special Tools for Main Engine (KTA 38 M2, Cummins)
(2) Electrical Goods (37 items)

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်းသစ် Toll Gate အနီး) ဆိပ်ကမ်းမြို့နယ်တွင် ၂၅-၃-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၈၆၁၀၂၂၉၊ ၀၁-၈၆၁၀၂၃၁ နှင့် ၀၁-၈၆၁၀၂၃၂ တို့ကို စုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူမှုစိစစ်ရေးအဖွဲ့
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ပြည်တွင်းသတင်း

## တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း အချိန်ပြောင်းလဲ ထုတ်လွှင့်မည်

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား NRC ရုပ်သံလိုင်းထုတ်လွှင့်မှုကို ၂၀၁၄ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှ နိုဝင်ဘာလ ၃၀ ရက်နေ့အထိ၊ နံနက် ၆း၀၀ နာရီမှစပြီး စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇို)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ 'ဝ'၊ ကချင်၊ကယား ဘာသာများကို ည ၂၃း၀၀ နာရီအထိ ထုတ်လွှင့်ခဲ့ပါသည်။

ယခု NRC ရုပ်သံလိုင်း ထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၁၅ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစပြီး ၂၀၁၅ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့အထိ နံနက် ၆း၀၀ နာရီမှ ၇း၀၀ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ နံနက် ၇း၀၀ နာရီ မှ ၈း၀၀ နာရီအထိ ချင်း(လိုင်ဇို) ဘာသာအစီအစဉ်၊ နံနက် ၈း၀၀ နာရီမှ ၉း၀၀ နာရီအထိ ချင်း(ချိုး) ဘာသာအစီအစဉ်၊ နံနက် ၉း၀၀ နာရီမှ နေ့လည် ၁၁း၀၀ နာရီအထိ မွန်ဘာသာအစီအစဉ်၊ နေ့လည် ၁၁း၀၀ နာရီမှ မွန်းလွဲ ၁၃း၀၀ နာရီ အထိ ရခိုင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၁၃း၀၀ နာရီမှ ၁၅း၀၀ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ မွန်းလွဲ ၁၅း၀၀ နာရီမှ ၁၇း၀၀ နာရီအထိ 'ဝ' ဘာသာ အစီအစဉ်၊ ညနေ ၁၇း၀၀ နာရီမှည ၁၉း၀၀ နာရီအထိ ကချင်ဘာသာအစီအစဉ် ၊ ည ၁၉း၀၀ နာရီမှ ၂၁း၀၀ နာရီအထိ ကယားဘာသာအစီအစဉ်၊ ည ၂၁း၀၀ နာရီမှ ၂၂း၀၀ နာရီအထိ စကောကရင် ဘာသာအစီအစဉ်၊ ည ၂၂း၀၀ နာရီမှ ၂၃း၀၀ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲ ထုတ်လွှင့်မည်ဖြစ်ကြောင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား မှ သိရသည်။ **(မြန်မာ့အလင်း)**

## မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ နွှဲမည်

**ရန်ကုန် မတ် ၂၄**

မြန်မာ့ရိုးရာ လက်ဝှေ့ကျော် ခုနစ်ဦးနှင့် ထိုင်းနိုင်ငံမှ မွေထိုင်း လက်ဝှေ့ကျော်ခုနစ်ဦးတို့ ယှဉ်ပြိုင် ထိုးသတ်မည့် မြန်မာ- ထိုင်း ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီးကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူမြန်မာ့ရိုးရာ လက်ဝှေ့ အားကစားရုံ၌ မတ် ၂၉ ရက် မွန်းလွဲ ၂ နာရီတွင် စတင် ယှဉ်ပြိုင် ထိုးသတ်ကြမည် ဖြစ်ကြောင်း မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ သိရသည်။







အဆိုပါ မြန်မာနှင့်ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် မြန်မာ့လက်ဝှေ့ချန်ပီယံနှင့် ရွှေတံဆိပ်ဆုရှင် ထွန်းထွန်းမင်း (မုဒုံသား) နှင့် ထိုင်းနိုင်ငံမှ မွေထိုင်းလက်ဝှေ့ကျော် သမားဖက်မန်ခွန်(ခ) ဆူရာချိုင်း (ထိုင်း)၊ သပြေညို (မိဂသီ)နှင့် ဖွန်လွမ်(ထိုင်း)၊ ကြယ်စင်ဖြိုး (အဖြူရောင်သွေးသစ်)နှင့် နာရွန်ချိုင်း (ထိုင်း)၊ စောဝီလျှံ(ရွှေကို့) နှင့် ဖုထဖွန်ဒဲန်စီ(ထိုင်း)၊ မိုးဟိန်း (မိဂသီ) နှင့် စာရို့ချ်ဒဲန်စီ (ထိုင်း)၊ ရွှေချစ်သွေး (တိုက်ဂါး)နှင့် အန်နွပ် မလိစောန့် (ထိုင်း)၊ ရဲသွေးနီ (တောင်ကလေး)နှင့် ကစ်တီဆတ်ကျလိန်လမ်(ထိုင်း) တို့ ယှဉ်ပြိုင် ထိုးသတ်ကြမည်ဖြစ်သည်။ ယင်း ယှဉ်ပြိုင်ထိုးသတ်မည့် ပွဲစဉ် ခုနစ်ပွဲစလုံးကို ငါးချီအပြည့်ယှဉ်ပြိုင် ထိုးသတ်ရမည်ဖြစ်သည်။ မြန်မာ့ ရိုးရာလက်ဝှေ့ ချန်ပီယံ ထွန်းထွန်းမင်း (မုဒုံသား)သည် ယခုပွဲယှဉ်ပြိုင် ထိုးသတ်ပြီးပါက ဧပြီ ၁၁ ရက်နေ့ တွင်လည်း သုဝဏ္ဏအားကစားပြိုင် ပွဲရုံ(၁)၌ အမေရိကန်လက်ဝှေ့ကျော် ဆိုင်းရပ်စ်နှင့် မကျေပွဲပြန်လည် နွှဲရမည်ဖြစ်သည်။

"ဆူရာချိုင်း(ထိုင်း)နဲ့ ထိုးမယ့်ပွဲကိုလည်း အကောင်းဆုံးဖြစ်အောင် ကြိုးစားနေပါတယ်။ ဒီပွဲပြီး ဧပြီ ၁၁ ရက်နေ့မှာတော့ အမေရိကန်လက်ဝှေ့ကျော် ဆိုင်းရပ်စ်နဲ့ မကျေပွဲနွှဲမှာပါ။ ဒီပွဲစဉ်နှစ်ပွဲစလုံး အတွက် အကောင်းဆုံးဖြစ်အောင် ယှဉ်ပြိုင်ထိုးသတ်သွားမှာပါ။ အခုလည်း ဒီပွဲစဉ်တွေအတွက် အပြင်းအထန် လေ့ကျင့်နေပါတယ်" ဟု မြန်မာ့ရိုးရာ လက်ဝှေ့ချန်ပီယံ ထွန်းထွန်းမင်း(မုဒုံသား)က ပြောသည်။

ယခုကျင်းပမည့် မြန်မာ- ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်က စီစဉ်ကျင်းပခြင်းဖြစ်ပြီး လာရောက်ကြည့်ရှုမည့် လက်ဝှေ့ဝါသနာရှင်များအတွက် ဝင်ကြေးအဖြစ် ရိုးရိုးတန်း ငွေကျပ် ၁၀၀၀၀၊ အလယ်တန်း ငွေကျပ် ၂၀၀၀၀၊ ၃၀၀၀၀နှင့် အထူးတန်း ငွေကျပ် ၅၀၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**



## ရွေးကောက်ပွဲဆိုင်ရာ သင်တန်းပေး

**သထုံ မတ် ၂၄**

သထုံမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ကြီးမှူးဖွင့်လှစ်သော ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ဆင့်ပွားသင်တန်းအား မတ် ၂၁ ရက်က ရုံးအစည်း အဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းသို့ သထုံမြို့မစခန်း၊ သုဝဏ္ဏဝတီစခန်းနှင့် သုဓမ္မဝတီစခန်းမှ သင်တန်းသား ၅၁ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ငါးရက်ဖြစ်ကြောင်း သိရသည်။ **နန္ဒကျော်**

## အခြေခံအိမ်တွင်းမှု စက်ချုပ်သင်တန်းဆင်း

**ဒေါ့ဖုန်းယန် မတ် ၂၄**

ဒေသခံတိုင်းရင်းသူလေးများ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နိုင်ခြင်းဖြင့် စားဝတ် နေရေးဘက်စုံတိုးတက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာစေရန် ရည်ရွယ်၍ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုလုပ်ငန်း ပညာသင်တန်းကျောင်း၊ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၂၂/၁၄) နှင့် အဆင့်မြင့်စက်ချုပ် သင်တန်းအမှတ်စဉ်(၁၃/၁၄) သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၂၀ ရက်က ဒေါ့ဖုန်းယန်မြို့ အမျိုးသမီးအိမ်တွင်းမှု သင်တန်းကျောင်းခန်းမ၌ ကျင်းပကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## အမှိုက်ကင်းမဲ့ စံပြလမ်းဆောင်ရွက်မည်

**သီပေါ မတ် ၂၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်သည် မန္တလေး၊ လားရှိုး၊ မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးပေါ်တွင်တည်ရှိပြီး ကုန်စည်ကူးသန်းရောင်းဝယ်ရာ အချက်အချာကျသည့်အပြင် သဘာဝအရင်းအမြစ်များတည်ရှိသောမြို့ဖြစ်၍ ပြည်တွင်း ပြည်ပခရီးသွားများဖြင့် နေ့စဉ်စည်ကားလျက်ရှိကာ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး အတွက် အမှိုက်ကင်းမဲ့စံပြလမ်း၊ ရပ်ကွက်များအဖြစ် မြို့နယ်စည်ပင်သာယာရေးကော်မတီအနေဖြင့် စီမံချက် ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**စိုင်း(သီပေါ)**



## (၂၈) ကြိမ်မြောက် ကျန်းမာရေးအလှူတော် ကျင်းပ

**ရွှေကူ မတ် ၂၄**

ကျန်းမာရေးဝန်ကြီး၏လမ်းညွှန်မှု၊ ကချင်ပြည်နယ်ဝန်ကြီးချုပ်၏ ဦးဆောင်မှု၊ ပြည်နယ်ကျန်းမာရေး ဦးစီးဌာန၊ ရွှေပါရမီကျန်းမာရေး ဖောင်ဒေးရှင်းနှင့် ရွှေဟိန်းထက်ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းစီစဉ် ကျင်းပသော ရွှေပါရမီကျန်းမာရေး ဖောင်ဒေးရှင်း၏ (၂၈) ကြိမ်မြောက် ကျန်းမာရေး အလှူတော် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၁ ရက်က ရွှေကူမြို့ အမှတ်(၁) အခြေခံပညာအထက် တန်း ကျောင်း အရှေ့မုခ်ဦး၌ ကျင်းပ သည်။ အဆိုပါ ဖောင်းဒေးရှင်းအဖွဲ့သည် မျက်စိရောဂါ၊ ကလေး၊ အရိုးအကြော၊ မြန်မာ့တိုင်းရင်းဆေး၊ သွားနှင့်ခံတွင်း၊ အရေပြား၊ နား၊ နှာခေါင်းနှင့် လည်ချောင်း၊ သားဖွားနှင့်မီးယပ်၊ အထွေထွေရောဂါများကို မတ် ၂၁ ရက်မှ ၂၃ ရက်အထိ အခမဲ့ကုသပေး ခဲ့သည်။ **(မြို့နယ်ပြန်/ဆက်)**

## လူထုအုံကြွမှု ဖြစ်ပေါ်စေရန် ကြံရွယ်၍ လိမ်လည်အမှုဖွင့်သည့် တရားခံများအား အမိန့်ချမှတ်

**နေပြည်တော် မတ် ၂၄**

၂၀၁၄ ခုနှစ် ဇွန်လ ၂၉ ရက်နေ့တွင် ပျဉ်းမနားမြို့မရဲစခန်း (ပ) ၂၉၃/၂၀၁၄ ပြစ်မှုပုဒ်မ ၃၇၆ အမှုအား တရားလိုပြုလုပ်၍ လိမ်လည်အမှုဖွင့်သူ စိုးစိုး(ခ) ဖြူဖြူ (ခ) ကတုံးမ၊ ထွန်းထွန်း(ခ) ဟာဂျီထွန်းထွန်း(ခ) နိုးအစ္စလာမ်၊ နုနုမြတ်(ခ) နီနီအောင်၊ ရဲထွဋ်(ခ) သူရရဲထွဋ်(ခ) အာဇင်း(ခ) အဇင်း၊ ဒေါ်မာမာနီ(ခ) ဆားဘီး ငါးဦးတို့သည် လူမျိုးရေး ၊ ဘာသာရေးပြဿနာများ ဆူပူအကြမ်းဖက်မှုများ လူမျိုးတစ်စုနှင့်တစ်စုအကြား ခိုက်ရန်ဖြစ်ပွားမှု မီးရှို့ဖျက်ဆီးမှု လူသတ်မှု၊ နာကျင်စေမှုများဖြစ်ပေါ်အောင်မမှန်သတင်းပေး တိုင်တန်းပြီး ပဋိပက္ခဆူပူ အကြမ်းဖက်မှုများ ဖြစ်ပေါ်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ဖန်တီးလုပ်ဆောင်ခဲ့၍ ၂၀၁၄ ခုနှစ် ဇွန်လ ၃၀ ရက်တွင် ပျဉ်းမနားမြို့မရဲစခန်း (ပ) ၃၄၈/၂၀၁၄ ပြစ်မှုပုဒ်မ ၅(ဃ) (င) (ည) တို့ဖြင့် အမှုဖွင့်၍ ဩဂုတ် ၁ ရက်နေ့တွင် တရားစွဲတင်ပို့ခဲ့ရာ ပျဉ်းမနားမြို့နယ် တွဲဖက်မြို့နယ် တရားသူကြီး (၁) ဒေါ်ခင်သန္တာက ပြစ်မှုကြီး အမှတ် ၄၃၃/၂၀၁၄၊ အရေးပေါ်စီမံမှုအက်ဥပဒေပုဒ်မ၅ (ဃ)(င)(ည) နှင့် ပြစ်မှုကြီးအမှတ် ၄၃၈/၂၀၁၄ ပြစ်မှုပုဒ်မ ၂၁၁/၃၄ တို့ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ၁၈-၃-၂၀၁၅ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့ပါသည်။

ပြစ်မှုကျူးလွန်သူများ ဖြစ်သော စိုးစိုး(ခ) ဖြူဖြူမင်း (ခ) ကတုံးမ၊ ထွန်းထွန်း(ခ) ဟာဂျီထွန်းထွန်း (ခ) နိုးအစ္စလာမ်၊ ရဲထွဋ်(ခ) သူရရဲထွဋ်(ခ) အာဇင်း(ခ) အဇင်း၊ နုနုမြတ်(ခ)နီနီအောင်နှင့် ဒေါ်မာမာနီ(ခ) ဆားဘီးအား ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှု အက်ဥပဒေပုဒ်မ ၅ (ဃ) အရ အလုပ်နှင့်ထောင်ဒဏ် ခုနစ်နှစ် ဥပဒေပုဒ်မ ၅(င) နှင့် ၅(ည) အရ အလုပ်နှင့်ထောင်ဒဏ် ခုနစ်နှစ်၊ ပြစ်မှုပုဒ်မ ၂၁၁/ ၃၄ အရ အလုပ်နှင့် ထောင်ဒဏ် ခုနစ်နှစ် စုစုပေါင်းပြစ်ဒဏ်မှာ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂၁ နှစ်စီ အသီးသီး ကျခံစေရန် အမိန့်ချမှတ်ခဲ့ပါသည်။

၄င်းပြစ်မှုကျူးလွန်သူများအနက် ရဲထွဋ်(ခ) သူရရဲထွဋ်(ခ) အာဇင်း(ခ) အဇင်းနှင့် နုနုမြတ်(ခ) နီနီအောင်တို့အား ၁၇-၉-၂၀၁၄ ရက်နေ့တွင် ပြစ်မှုကြီးအမှတ် ၄၄၂/ ၂၀၁၄ ၊ ၁၉၄၉ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး အက်ဥပဒေပုဒ်မ ၆(၂)/ ၆(၃) အရ အလုပ်နှင့်ထောင်ဒဏ် နှစ်နှစ်၊ ၁၃-၁၁-၂၀၁၄ ရက်နေ့တွင် ပြစ်မှုကြီးအမှတ် ၅၀၆/၂၀၁၄ ပြစ်မှုပုဒ်မ ၁၈၆ အရ ထောင်ဒဏ် ၃ လချမှတ်ခဲ့ပြီး ပြစ်မှုကျူးလွန်သူ ရဲထွဋ်(ခ) သူရရဲထွဋ်(ခ)အာဇင်း(ခ) အဇင်း ၂၆-၁၂-၂၀၁၄ ရက်နေ့တွင် ထိုင်းနိုင်ငံ သို့ တရားမဝင်သွားရောက်ခဲ့သဖြင့် ပြစ်မှုကြီးအမှတ် ၅၈၆/၂၀၁၄ လဝက အက်ဥပဒေပုဒ်မ ၃(၂)/၁၃(၁)အရ အလုပ်နှင့်ထောင်ဒဏ် သုံးနှစ်ချမှတ်ခဲ့ပြီးဖြစ်ကြောင်း ပြစ်မှုကျူးလွန်သူ ရဲထွဋ်(ခ) သူရရဲထွဋ်(ခ) အာဇင်း (ခ) အဇင်း စုစုပေါင်း ပြစ်ဒဏ် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂၆ နှစ် ၃ လ နှင့် နုနုမြတ်(ခ) နီနီအောင်မှာ စုစုပေါင်း ပြစ်ဒဏ် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂၃ နှစ် ၃ လ ကျခံစေရန် ချမှတ်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

# ရာသီဥတုဖောက်ပြန်မှုကို ဝိုင်းဝန်းကာကွယ်ကြပါစို့

မောင်သောင်းဝင်း
(တမန်ဟောင်း)

နှစ်စဉ် မတ်လ ၂၃ ရက်နေ့သည် ကမ္ဘာ့မိုးလေဝသနေ့ဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် ကျရောက်မည့် ထိုနေ့အတွက် ဆောင်ပုဒ်သည် CLIMATE KNOWLEDGE FOR CLIMATE ACTION ဖြစ်သည်။ ထိုဆောင်ပုဒ်ကို မြန်မာလို အနီးစပ်ဆုံးဖလှယ်ပါက **“ရာသီပြောင်းမှု တုံ့ပြန်ဖို့ ဘက်စုံအသွင်ဖြင့် ဆောင်ရွက်စို့”** ဟူ၍ အဓိပ္ပာယ်ရရှိနိုင်မည်ဖြစ်သည်။ လူသားတို့သည် နှစ်စဉ် ထိုနေ့ထိုရက် ရောက်ရှိမှသာ ကမ္ဘာ့မိုးလေဝသအခြေအနေ၏ အရေးပါမှုကို ဂရုပြုမိကြသည်။ သာမန်အချိန်များတွင် မိုးလေဝသအခြေအနေအား မိမိနှင့်မသက်ဆိုင်သလို လျစ်လျူရှုထားကြသည်။ ထိုသို့ ကိုယ်စီတာဝန်လစ်ဟင်းမှုများကြောင့် ကမ္ဘာ့မိုးလေဝသအခြေအနေသည် တစ်နှစ်ထက်တစ်နှစ် ဆိုးရွားစွာ ဖောက်ပြန်လာလျက်ရှိသည်။ အနာဂတ်လူသားတို့အတွက် ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။

စာရေးသူတို့ နေထိုင်လျက်ရှိသော ကမ္ဘာမြေကြီးသည် တစ်စတစ်စ ပူပြင်းခြောက်သွေ့လာလျက်ရှိသည်။ ထိုပူပြင်းခြောက်သွေ့မှု ဆင့်ကဲဖြစ်စဉ်ကြောင့် ရာသီဥတုသည်လည်း ပြောင်းလဲဖြစ်ပေါ်လျက်ရှိသည်။ ရာသီဥတုပြောင်းလဲမှုသည် အကောင်းဘက်ထက် အဆိုးဘက်ကိုသာ ဦးတည်နေပါသည်။ ထိုကဲ့သို့ ပြောင်းလဲမှုဖြစ်စဉ်များ၏ မူလပယောဂသည် လူသားတို့ကြောင့်ပင်ဖြစ်သည်။ လူသားတို့သည် ဂေဟစနစ်ထိန်းချုပ်မှုကို ပစ်ပယ်ကာ မိမိတို့အကျိုးစီးပွားကိုသာ ရှေ့တန်းတင်လျက် သစ်ပင်၊ သစ်တောများအား လိုအပ်သည်ထက် ပိုမိုခုတ်လှဲခြင်းများ ပြုလုပ်လျက်ရှိသည်။ ထို့အပြင် မြစ်၊ ချောင်း၊ အင်းအိုင်၊ တာတမံများကိုလည်း တိမ်ကောမှုဖြစ်အောင် ပိတ်ဆို့တားဆီးပြီး ရေအားလျှပ်စစ်များ လွန်မင်းစွာထုတ်ယူသုံးစွဲလျက်ရှိကြသည်။ ထိုသို့ ထုတ်ယူသုံးစွဲမှုများကြောင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ် ဆင့်ကဲဆိုးကျိုးများ ဆိုးရွားစွာဖြစ်ပေါ်စေလျက်ရှိသည်။

ရာသီဥတုပြောင်းလဲမှုသည် တစ်ကမ္ဘာလုံးကို ကြောက်မက်ဖွယ်ကောင်းလောက်အောင်ကိုပင် ခြိမ်းခြောက်လျက်ရှိသည်။ ထိုခြိမ်းခြောက်မှုကို တုံ့ပြန်ဆောင်ရွက်ရန်သည် လူသားအားလုံး ကိုယ်စီကျင့်ဝတ်ကို လိုက်နာစောင့်ထိန်းလျက် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ပူးပေါင်းဆောင်ရွက်ရန် အချိန်တန်နေပြီဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ဆောင်ရွက်ရန် အချိန်တန်နေပြီဆိုသည်ထက် အချိန်လွန်နေပြီဟု ဆိုရမည်ဖြစ်သည်။ လူသားတို့သည် မိမိတို့ ဖြုန်းတီးခုတ်လှဲခဲ့သော သစ်တော၊ သစ်ပင်များနေရာတွင် အစားထိုးသစ်ပင်၊ သစ်တောများ ရှင်သန်ဖြစ်ထွန်းအောင် ရည်မှန်းချက်ထား၍ စနစ်တကျ စိုက်ပျိုးသွားရန် လိုအပ်နေပြီဖြစ်သည်။

သစ်ပင်စိုက်ပျိုးမှုနှင့် ပတ်သက်၍ နှစ်စဉ် မြန်မာနိုင်ငံတွင် မိုးရာသီ ရောက်ရှိတိုင်း နိုင်ငံတစ်ဝန်းသစ်ပင်များ အပြိုင်အဆိုင် စိုက်ပျိုးနေမှုကို မီဒီယာများတွင် ဝေဆာစွာ ဖော်ပြလေ့ရှိကြသည်။ ထိုသို့ သစ်ပင်စိုက်ပျိုးရာတွင် ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးအလိုက်၊ ပြည်နယ်အလိုက်၊ အဖွဲ့အစည်းအလိုက် စိုက်ပျိုးသည့် အရေအတွက်ကိုသာ ထုတ်ပြန်လေ့ရှိကြပြီး နှစ်စဉ်ရှင်သန်မှု အပင်အရေအတွက်ကိုမူ မည်သည့်ဌာန၊ ဒေသကမျှ ထုတ်ပြန်လေ့မရှိပေ။ ထိုသို့ မထုတ်ပြန်နိုင်ခြင်းသည် မိမိတို့စိုက်ပျိုးထားသော သစ်ပင်များ ရှင်သန်ဖြစ်ထွန်းမှု ရှိ၊ မရှိ အပေါ် စစ်ဆေးကြပ်မတ်မှု၊ ရေလောင်းပေါင်းသင်မှုစသည့် လုပ်ငန်းများကို အလေးတယူ လုပ်ဆောင်ခြင်းမရှိသည့် သက်သေသာဓကများပင်ဖြစ်သည်။ မြန်မာ့လူ့အဖွဲ့အစည်း၏ အလေ့အထသည် မည်သည့်လုပ်ငန်းတွင်မဆို **“ငါးပွက်ရာငါးစာချ၊ ကောက်ရိုးမီးပမာ”** ဟန်ပြလောက်သာပင် လုပ်တတ်လေ့ ရှိကြသည်။ ထိုအမူအကျင့်များသည် မြန်မာ့လူ့အဖွဲ့ အစည်းတွင် Fashion တစ်မျိုးလိုပင်ဖြစ်နေပါသည်။ တိုင်းပြည်နှင့် လူမျိုးအတွက် ရင်လေးစရာပင်ဖြစ်သည်။ ထိုအကျင့်ဆိုးများကို အချိန်မီပြင်ဆင်မှသာ ဒီမိုကရေစီအလေ့အထ ရင့်ကျက်လာနိုင်မည်ဖြစ်သည်။ တာဝန်ရှိသူအဆင့်ဆင့်ပိုင်းကလည်း ထိန်းကျောင်းပြုပြင်တည့်မတ်ပေးသွားရန် လိုအပ်နေပြီဖြစ်သည်။ ကိုယ်တိုင်လည်း စံပြ ပုဂ္ဂိုလ်ဖြစ်နေရန် လိုအပ်ပါသည်။

ထိုသို့ နှစ်စဉ်စိုက်ပျိုးထားသည့် သစ်ပင်များ အမှန်တကယ်သာ ရှင်သန်ခဲ့မည်ဆိုလျှင် မြန်မာနိုင်ငံ၏ သစ်တောဧရိယာ သိသာစွာတိုးတက်လာမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။ ထိုသို့ သစ်ပင်၊ သစ်တောများ ရှင်သန်ဖြစ်ထွန်းလာမှုသည် အပူဒဏ်ကိုကာကွယ်ပေးနိုင်သည့်အပြင် မြေဆီလွှာကိုပါ ထိန်းသိမ်းပေးနိုင်သည်။ အထူးသဖြင့် မိုးလေဝသ မှန်ကန်လာသောကြောင့် ကောက်ပဲသီးနှံများ အထွက်နှုန်းကောင်းလာပြီး ကျေးလက်နေ ကျေးဇူးရှင်တောင်သူဦးကြီးများ၏ လူမှုဘဝမြင့်မားလာမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆက်နွယ်သော

**ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ လွန်ကဲစွာထုတ်လွှတ်ခြင်း၊ သစ်ပင်၊ သစ်တောများကို စည်းမဲ့ကမ်းမဲ့ ခုတ်လှဲရောင်းချခြင်းနှင့် မြစ်၊ ချောင်းများ တိမ်ကောအောင် မိုက်မဲစွာ သုံးစွဲခြင်းစသည့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှု ဖြစ်စေနိုင်သောလုပ်ရပ်များကို သတိရှိရှိဖြင့် ရှောင်ရှားသွားရန် လိုအပ်**

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်စားသောက်နေကြရသည့် တောင်သူလယ်သမားများဖြစ်ကြသည်။ ထိုသူတို့၏ ကုန်ထုတ်လုပ်မှု တန်ဖိုးတိုးတက်လာခြင်းသည် တိုင်းပြည်၏ ဝင်ငွေတိုးတက်မှုကိုများစွာ အထောက်အကူဖြစ်စေသည်။

ထို့အပြင် သစ်ပင်၊ သစ်တောနှင့် တိုက်ရိုက်သက်ဆိုင်သည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့်လည်း သစ်ပင်ခုတ်လှဲရောင်းချသည့် အလုပ်ကိုသာ လုပ်မနေဘဲ နှစ်စဉ်ပြုန်းတီးသော သစ်တောဧကနှင့် ထပ်မံစိုက်ပျိုးထားသော သစ်ပင်အရေအတွက်တို့ကို စနစ်တကျ စာရင်းပြုစုဆောင်ရွက်သင့်ပါသည်။ စိုက်ပျိုးထားသော သစ်ပင်များဖြစ်ထွန်းရေးအတွက် ထိုသစ်ပင် စိုက်ပျိုးသူများအား ရေလောင်း၊ ပေါင်းသင်လုပ်ငန်းများဆက်လက်လုပ်ဆောင်နိုင်စေရန် စည်းရုံးဆောင်ရွက်ခြင်း၊ မြေဩဇာနှင့် ပေါင်းသတ်ဆေးများကဲ့သို့သော အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပေးသင့်သည်။ တာဝန်ရှိသူများနှင့် သစ်တောများကို စီမံခန့်ခွဲထိန်းချုပ်ရသည့်ဌာနတို့၏ စီမံခန့်ခွဲ သုံးသပ်နိုင်စွမ်းညံ့ဖျင်းမှုကြောင့် မြန်မာနိုင်ငံရှိ သစ်တောများ အချိန်မတိုင်မီ ပြုန်းတီးမှုနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ထို့ကြောင့် တာဝန်ရှိသူအဆင့်ဆင့်သည် လူမှုကျင့်ဝတ်နှင့်အညီ တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်သင့်နေပြီဖြစ်ပါသည်။ မိမိတို့ တာဝန်ထမ်းဆောင်စဉ်ကာလ လတ်တလောအဆင်ပြေမှုကိုသာ သေးသိမ်စွာ မကြည့်ဘဲ အနာဂတ် မျိုးဆက်သစ်များကို ငဲ့ညှာသောအားဖြင့် အတိတ်က Mind Set များ၊ အကျင့်ဆိုးများကို တရားသေစွဲကိုင်ထားခြင်းမျိုးကို စွန့်လွှတ်ကြပါတော့လို့ ရိုးသားစွာ ပန်ကြားလိုပါသည်။

တစ်ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲဖြစ်ပေါ်မှုများသည် ကာဗွန်ဒိုင်အောက်ဆိုက်လွန်ကဲစွာ ထုတ်လွှတ်မှု၏ဆိုးကျိုးများကြောင့်ဖြစ်သည်။ ထိုပြောင်းလဲမှုများသည် ရေရှည်ခြိမ်းခြောက်မှုကို ဖြစ်ပေါ်လာစေနိုင်ပါသည်။ ထို့အပြင် ကမ္ဘာ့လူမှုအသိုက်အဝန်းသည် လွန်ခဲ့သောနှစ်ပေါင်း ၃၀ ကျော်ကာလကတည်းကပင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များအပေါ် ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်မှုမရှိသည်ကို ဝမ်းနည်းဖွယ်ရာ ကြုံတွေ့နေရသည်။ ထို့ကြောင့် တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်လျက်ရှိသည့် ရာသီဥတုပြောင်းလဲမှု ဆင့်ကဲဆိုးကျိုးများအပေါ် ချက်ချင်းပူးပေါင်းဖြေရှင်းရန် အပူတပြင်း လိုအပ်လျက်ရှိသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအချို့သည် ၂၀၀၅ ကျိုတိုသဘောတူညီချက်အား ပြောင်ပြောင်တင်းတင်း ချိုးဖောက်လျက်ရှိကြသည်။ မျက်မှောက်ကာလ ဖန်လုံအိမ်အာနိသင်ထုတ်လွှတ်မှုပမာဏသည် အတိတ်ကာလများထက် လွန်ကဲစွာပိုမိုလျက်ရှိသည်။ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုသည် ကမ္ဘာပေါ်ရှိ ဒေသအားလုံးကို ဆိုးကျိုးသက်ရောက်လျက်ရှိသည်။ အနာဂတ်ကာလတွင် ကမ္ဘာပေါ်၌ ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ရှောင်ရှားနိုင်ရန်သည် ကမ္ဘာကြီးပူနွေးလာမှုကို ထိန်းထားနိုင်မှသာ ရင်အေးရမည်ဖြစ်သည်။

ရာသီဥတုဖောက်ပြန်မှုများကြောင့် ၁၉၇၀ ပြည့်လွန်နှစ်များကတည်းက ကမ္ဘာတစ်ဝန်းတွင် မိုးခေါင်ရေရှားမှု၊ မုန်တိုင်းကျရောက်မှု၊ ရေကြီးမှုတို့နှင့်ဆက်စပ်သော သဘာဝဘေးအန္တရာယ်ပေါင်း ၈၀၀၀ ကျော် ဖြစ်ပေါ်ကြုံတွေ့ခဲ့ရကြောင်း၊ ထိုသဘာဝဘေးအန္တရာယ်များကြောင့် လူပေါင်း နှစ်သန်းခန့် အသက်ဆုံးရှုံးခဲ့ရပြီး ငွေကြေး အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ထရီလီယံခန့် ဆုံးရှုံးခဲ့ရသည်ဟု ကမ္ဘာ့မိုးလေဝသအဖွဲ့ကြီးက မှတ်တမ်းတင်ထားရှိခဲ့သည်။ ထိုသဘာဝဘေးအန္တရာယ်များ၏ သုံးပုံတစ်ပုံခန့်သည် အာဖရိကဒေသတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူဦးရေ ၇၀၀၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရသည့်အပြင် စီးပွားရေးဆုံးရှုံးမှုအနေဖြင့် အမေရိကန်ဒေါ်လာ ၂၇ ဘီလီယံခန့်ရှိခဲ့သည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် အာဖရိကရှိ ပြည်သူ ၂၀ ရာခိုင်နှုန်းကျော်သည် ၂၀၅၀ ပြည့်နှစ်ကာလတွင် ဆာလောင်ငတ်မွတ်မှုဘေးအန္တရာယ်နှင့်ကြုံတွေ့ရလိမ့်မည်ဟု ပညာရှင်များက သုံးသပ်သတိပေးထားရှိသည်။

ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ဆောင်ရွက်ရသည့်ကုန်ကျစရိတ်သည်လည်း နှစ်စဉ်မြင့်မားလာမည်ဖြစ်ရာ ၂၀၄၀ ပြည့်လွန်နှစ်များတွင် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၄၀ မှ ၅၀ ဘီလီယံခန့် ကုန်ကျမည်ဟု ဆိုသည်။ ထို့အပြင် လာမည့် ၂၀၇၀ ပြည့်လွန်နှစ်များတွင် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၃၅၀ ဘီလီယံခန့် ကုန်ကျလာလိမ့်မည်ဟု ဆိုသည်။ ထိုရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ကာဗွန်ထုတ်လွှတ်မှုသတ်မှတ်ခြင်းနှင့် လောင်စာဆီထုတ်လုပ်သုံးစွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများချမှတ်လျက် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်သွားရန် လိုအပ်မည် ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ခြင်းသည် ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရုံသာမက အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကိုလည်း အကျိုးဖြစ်ထွန်းစေနိုင်ပါသည်။

ထို့အပြင် အစိမ်းရောင်ဖွံ့ဖြိုးရေး လုပ်ငန်းများအားနိုင်ငံတော်အဆင့်ဆောင်ရွက်မှုအပြင် ပုဂ္ဂလိကအခန်းကဏ္ဍမှ စိတ်ပါဝင်စားမှုရှိလာအောင်လည်း ဆွဲဆောင်စည်းရုံးဆောင်ရွက်သွားရန် လိုအပ်ပေသည်။ တာဝန်သိသော ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များသည် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များအား တုံ့ပြန်ဆောင်ရွက်ရာတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက်မှုအနေဖြင့် အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများကို တတ်အားသမျှ ရှာဖွေလုပ်ကိုင်လျက်ရှိကြသည်။ ထိုလုပ်ငန်းရှင်မျိုးများစွာ လိုအပ်ပါသည်။ ထို့အပြင် ကမ္ဘာ့အဆင့် တာဝန်ရှိသူများနှင့် နိုင်ငံ့ခေါင်းဆောင်များ အပိုင်းကလည်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကောင်းမွန်သည့်မူဝါဒများချမှတ်ပေးခြင်းနှင့် အစိမ်းရောင်ဖွံ့ဖြိုးရေး အမျိုးသားလမ်းပြမြေပုံများ အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြင့် အနာဂတ်မျိုးဆက်သစ်များအတွက် အခွင့်အလမ်းကောင်းများ ဖန်တီးပေးသွားရန် လိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကို စိန်ခေါ်မှုတစ်ရပ်အဖြစ် တုံ့ပြန်ဆောင်ရွက်သွားရန် လိုအပ်နေပြီဖြစ်သည်။ ထိုသို့ ဆောင်ရွက်ခြင်းမရှိပါက အကျိုးဆက်အဖြစ် သဘာဝဘေးအန္တရာယ်များ ကျရောက်ကာ လူသားများ သေကျေမှုနှင့် ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုဖြင့်သာ ရင်ဆိုင်နေရမည်ဖြစ်သည်။

ခြုံ၍တင်ပြရလျှင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် လူသားနှင့် သက်ရှိလောက အားလုံးကို ဆင့်ကဲဆိုးကျိုးများကိုသာ ပေးနိုင်ပေသည်။ ထိုဆိုးကျိုးများကိုကာကွယ်နိုင်ရန်အတွက် လူသားအားလုံးသည် မိုးလေဝသမှန်ကန်နေစေရန် သဘာဝပတ်ဝန်းကျင်အပေါ် တန်ဖိုးထားတတ်သည့် အလေ့အကျင့်ကောင်းများ မွေးမြူသွားရမည်ဖြစ်သည်။ လူသားတို့သည် လတ်တလောကိုယ်ကျိုးစီးပွားကိုသာ ရှုမြင်ပြီး ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များလွန် ကဲစွာထုတ်လွှတ်ခြင်း၊ သစ်ပင်၊ သစ်တောများကို စည်းမဲ့ကမ်းမဲ့ ခုတ်လှဲရောင်းချခြင်းနှင့် မြစ်၊ ချောင်းများတိမ်ကောအောင် မိုက်မဲစွာသုံးစွဲခြင်းစသည့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှု ဖြစ်စေနိုင်သောလုပ်ရပ်များကို သတိရှိရှိဖြင့်ရှောင်ရှားသွားရန် လိုအပ်ပါသည်။ ထို့အပြင် အကျိုးမဲ့ပြုန်းတီးသွားသော သစ်ပင်၊ သစ်တောများနေရာတွင် အစားထိုးသစ်ပင်များကို ရှင်သန်ဖြစ်ထွန်းအောင် စီမံချက်ဖြင့် စနစ်တကျ စိုက်ပျိုးသွားရန်လည်း အရေးတကြီးလိုအပ်နေပြီဖြစ်သည်။ သို့ဖြစ်၍ ရာသီဥတုဖောက်ပြန်မှုကို တုံ့ပြန်ဆောင်ရွက်နိုင်ရန်သည် လူသားအားလုံး တက်ကြွစွာ ပူးပေါင်းပါဝင်လျက် ဘက်စုံအသွင်ဖြင့် ဆောင်ရွက်သွားကြပါစို့ဟု အကြံပြုတိုက်တွန်း ရေးသားတင်ပြအပ်ပါသည်။

## သတ္တဌာနသုံးခုနှင့် သာသနိကအဆောက်အအုံများ ရေစက်ချပွဲအတွက် ညှိနှိုင်းစည်းဝေး

**မန္တလေး မတ် ၂၄**

မန္တလေး မြို့တည်၊ နန်းတည်တွင် ပါဝင်သော သတ္တဌာနသုံးခုနှင့် သာသနိကအဆောက်အအုံများ ရေစက်ချလှူဒါန်းပွဲ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၂ ရက်က မန္တလေးတောင်ခြေရှိ သုဓမ္မာရွှေဇရပ်တော်ကြီး၌ ကျင်းပခဲ့သည်။

အစည်းအဝေးသို့ ဘဒ္ဒန္တ ဒေါက်တာ အရှင်ဉာဏိဿရ ကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝန်ကြီးများ၊ အလှူရှင်များ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သီတဂူ ကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်များ၏ အဓိပတိ ဆရာတော် ဘဒ္ဒန္တဒေါက်တာအရှင်ဉာဏိဿရထံမှ အခမ်းအနားတက်ရောက်လာသူများက သမိုင်းဝင်သာသနိကဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ပြုပြင်ထိန်းသိမ်းမှု အစဉ်အလာကောင်းများနှင့်ပတ်သက်သည့် ဩဝါဒစကားများကို နာယူကြပြီး ဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် သာသနာရေးဆိုင်ရာကိစ္စရပ်များကို ဆရာတော်ကြီးထံသို့ တင်ပြလျှောက်ထားကြောင်း သိရသည်။



**တင်မောင်(မန်းကိုယ်ပွား)**

ပြည်တွင်းသတင်း

# သစ်တောများနေ့အထိမ်းအမှတ် မျိုးစေ့ ၁၅၀၀၀ ကျော် စိုက်ပျိုး

**စစ်ကိုင်း မတ် ၂၄**

အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ်အဖြစ် ပျဉ်းကတိုးအပါအဝင် သစ်မျိုးစေ့ ၁၅၀၀၀ ကျော်ကို စစ်ကိုင်းမြို့ မင်းကွန်းကျေးရွာရှိ သစ်တောပျိုးဥယျာဉ်၌ မတ် ၂၁ ရက်က စိုက်ပျိုးခဲ့ပြီး ပြည်သူများအား သစ်တောလုပ်ငန်းဆိုင်ရာ အသိပညာပေးဟောပြောပွဲများကိုလည်း ကျင်းပခဲ့ကြောင်း သိရသည်။

သစ်မျိုးစေ့စိုက်ပျိုးပွဲတွင် စစ်ကိုင်းခရိုင် သစ်တောဦးစီးဌာနက ဦးစီး၍ ဒေသခံပြည်သူများက ပျဉ်းကတိုး ၄၈၁၈ စေ့၊ ပိတောက် ၄၅၀၀ စေ့၊ စွယ်တော် ၇၁၂ စေ့၊ ဖွားဘက်တော် ၁၃၈၇ စေ့၊ မဲဇလီ ၄၀၇၈ စေ့ စုစုပေါင်းမျိုးစေ့ ၁၅၄၉၅ စေ့ကို ပျိုးအိတ်များတွင် ထည့်သွင်းစိုက်ပျိုးခဲ့သည်။

ထို့နောက်သစ်တောလုပ်ငန်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ရှားရောင်းကျေးရွာ မူလတန်းကြိုကျောင်း၌ ဆက်လက်ကျင်းပခဲ့ရာ စစ်ကိုင်းခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ထွေးက အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ်အဖြစ် ကျေးလက်နေပြည်သူများအား ကမ္ဘာကြီးပူနွေးလာမှုကြောင့်ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်အမျိုးမျိုးအကြောင်း၊ သဘာဝဘေးများကို ကာကွယ်တားဆီးပေးနိုင်သည့် အဓိကလုပ်ငန်းစဉ်ဖြစ်သော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များထုတ်လွှတ်မှု အလျင်အမြန်လျှော့ချရေးနှင့် ကမ္ဘာ့သစ်တောများ ပြန်လည်ပြုစုပျိုးထောင်ရေးအကြောင်း၊ သဘာဝသစ်တောများအား ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများတည်ထောင်ခြင်းကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန် စသည့်အကြောင်းအရာများကို ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် ကျေးလက်ဒေသများတွင် ထင်းအသုံးပြုမှုလျှော့ချရေးအတွက် စွမ်းအားမြင့် (အေဝမ်း) မီးဖိုအလုံး ၃၀ ကို ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက မင်းကွန်းကျေးရွာနေ ပြည်သူများအား ပေးအပ်သည်။ အဆိုပါ အခမ်းအနားသို့ မင်းကွန်းကျေးရွာနေ ပြည်သူများ၊ မင်းကွန်းစခန်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ သစ်တောဝန်ထမ်းများ၊ ကျေးရွာရပ်မိ ရပ်ဖများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။

**မျိုးဝင်း(စစ်ကိုင်း)**




# ရေစကြိုမြို့နယ်တွင် မဲဆန္ဒရှင်စာရင်းပြုစုခြင်း ၈၀ ရာခိုင်နှုန်းကျော်ပြီးစီး

**ရေစကြို မတ် ၂၄**

နှစ်ကုန်ပိုင်းတွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ၏ မဲစာရင်းအချက်အလက်များ မှန်ကန်စေရေးအတွက် မြို့နယ်အလိုက် စနစ်တကျစာရင်းပြုစုလျက်ရှိရာ ရေစကြိုမြို့နယ်အတွင်း မဲဆန္ဒရှင်စာရင်းပြုစုမှု မတ် ၂၀ ရက်တွင် ၈၃ ဒသမ ၁၁ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ရေစကြိုမြို့နယ်တွင် ကျေးရွာပေါင်း ၂၄၅ ရွာရှိပြီး စုစုပေါင်းလူဦးရေ ၂၃၀၈၉၃ ဦးရှိကြောင်း၊ အထွေထွေရွေးကောက်ပွဲတွင် မဲပေးခွင့်ရနိုင်သည့် အသက် ၁၈နှစ်ပြည့်ပြီးသူ မဲဆန္ဒရှင်ဦးရေ စာရင်းကြမ်း ၁၇၄၂၂၃ ဦး ရှိကြောင်း သိရသည်။ မဲစာရင်းတွင် မပါဝင်ရမည့် ကွယ်လွန်ပြီးသူများ၊ ထောင်ကျနေသူများ၊ သာသနာ့ဝန်ထမ်းများ မပါရှိစေဘဲ တိကျမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းအချက်အလက်များကို စနစ်တကျစိစစ်ပြီး ကွန်ပျူတာအတွင်းသို့ ထည့်သွင်းအတည်ပြုလျက်ရှိရာ မတ်၂၀ ရက်တွင် စာရင်းကြမ်းဦးရေ ၁၇၄၂၂၃ ဦးမှ ၁၄၄၇၉၀ ဦးကို စာရင်းအတည်ပြုပြီးဖြစ်ကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

# မဲဆန္ဒရှင်စာရင်းအချက်အလက်များ ကွန်ပျူတာဖြင့်ထည့်သွင်းခြင်းသင်တန်းဖွင့်

**လှိုင်လင် မတ် ၂၄**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ မဲစာရင်းများ မှန်ကန်တိကျစေရေးအတွက် ကွန်ပျူတာစနစ်ဖြင့်မဲဆန္ဒရှင်စာရင်းများ ပြုစုသွားမည်ဖြစ်ရာ စာရင်းပြုစုရာတွင် ကွန်ပျူတာစနစ်ကို မှန်ကန်စွာအသုံးပြုနိုင်ရေး သင်တန်းကို လှိုင်လင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၁၉ ရက်က ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် လှိုင်လင်ခရိုင်အုပ်ချုပ်ရေးမှူးကိုယ်စား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်က အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသန်းတင်က သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် IFES Myanmar မှ IT Support Coordinater ဒေါ်နန်းထားထားချိုက ကွန်ပျူတာအချက်အလက် ထည့်သွင်းခြင်းဆိုင်ရာများကို ရှင်းလင်းပို့ချသည်။ သင်တန်းကို မတ် ၁၉ ရက်နှင့် ၂၀ နှစ်ရက်တို့တွင် ပို့ချခဲ့ကြောင်း၊ သင်တန်းသို့ ခရိုင်အတွင်းရှိ မြို့နယ်များမှ သင်တန်းသားနှစ်ဦးစီ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

**ဝင်းမင်းသန်း(iprd)**

# စပါးခွံလောင်စာများ ရှားပါးလာသဖြင့် လုပ်ငန်းရှင်အချို့အခက်ကြုံနေ

**မြန်အောင် မတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ယခုရက်ပိုင်းအတွင်း စပါးခွံလောင်စာရှားပါးလာသဖြင့် စပါးခွံလောင်စာအသုံးပြုသူများ အခက်အခဲတွေ့နေရကြောင်း စပါးခွံလောင်စာ သုံးစွဲသူလုပ်ငန်းရှင်အချို့ထံမှ သိရသည်။

မြန်အောင်မြို့နယ်တွင် စပါးခွံလောင်စာများကို ပဲလှော်ဖိုများ၊ ထန်းလျက်ချက်ခြင်းနှင့် မုန့်လုပ်ငန်းများ၊ အုတ်ဖုတ်လုပ်ငန်းများတွင် အများဆုံးအသုံးပြုကြပြီး အခြားလုပ်ငန်းများ၌လည်း အသုံးပြုကြသည်။

မိုးစပါးအသစ်ပေါ်စအချိန် ဆန်အရောင်းအဝယ်ကောင်းနေသော ပွင့်လင်းရာသီအချိန်များတွင် စပါးခွံလောင်စာပေါ်များပြီး အသုံးပြုသူများအနေဖြင့် အဆင်ပြေသော်လည်း ဆန်အရောင်းအဝယ်အေးသော အချိန်မျိုးတွင် ယခုကဲ့သို့ စပါးခွံလောင်စာရှားပါးလေ့ရှိကြောင်း လောင်စာသုံးစွဲသူလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

မြန်အောင်တွင် စပါးခွံလောင်စာအား ဆန်စက်များမှနေ၍ သုံးစွဲသူများထံ တိုက်ရိုက်ရောင်းချသည့် ဆန်စက်ပိုင်ရှင်များရှိသလို၊ စပါးခွံလောင်စာကို သီးသန့်စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်နေသူများလည်းရှိနေပြီး ဆန်စက်များသို့ နံနက်မိုးလင်းကတည်းကလာရောက်ကာ စပါးခွံကိုအပြိုင်လုယူရသည်ဟု စပါးခွံအရောင်းအဝယ်လုပ်သူတစ်ဦးကပြောပြသည်။

ဆန်စက်လုပ်ငန်းရှင်တစ်ဦးကလည်း "ဒီနှစ်က စပါးခွံအစောကြီး ရှားတယ်။ မနှစ်ကဆိုရင် မိုးတွင်းလောက်မှရှားတာ။ ဆန်စက်တွေကလည်း ဒီနှစ်မှာ လုပ်ငန်းမကောင်းတဲ့ဆန်စက်ကများတော့ စပါးခွံရှားသွားတာပေါ့၊ စပါးတွေက အကျိုးအကြေများတော့ ဆန်တွေကို ပုသိမ်ဘက်က ဝယ်ရောင်းနေကြရတယ်။ ဆန်စက်တွေကတော့ ရပ်ထားကြတာများတယ်လေ။ လာမယ့်နှစ်ကို မျိုးစပါးပြောင်းလိုက်နိုင်ရင်တော့ စပါးလည်းရောင်းရမယ်၊ ဆန်လည်းအရည်အသွေးကောင်းနိုင်တယ်"ဟု ပြောသည်။

စပါးခွံလောင်စာသုံးစွဲသူ လုပ်ငန်းရှင်တစ်ဦးက "အခုပွင့်လင်းရာသီတောင် စပါးခွံက ရှားနေတာ၊ လာမယ့်မိုးတွင်းဆိုရင် စပါးခွံမရှိလို့ လုပ်ငန်းတောင် ရပ်ထားရမလားမသိဘူး"ဟု ပြောသည်။ အုတ်ဖုတ်လုပ်ငန်းရှင်တစ်ဦးကမူ "အရင်နှစ်တွေကဆိုရင် စပါးခွံနဲ့အုတ်ဖုတ်တာ တွက်ခြေကိုက်တယ်၊ ခုတော့ စပါးခွံကရှားနေတော့ စပါးခွံအဟောင်းတွေကို လိုက်စုပြီးအုတ်ဖုတ်နေရတယ်။ ထင်းနဲ့ဖုတ်တာက ခုနှစ်ပိုတွက်ခြေကိုက်တယ်"ဟု ပြောသည်။

ယခုနှစ်တွင် မြန်အောင်၌ နှစ်စဉ်စပါးခွံရှားပါးချိန် မတိုင်မီမှာပင် စပါးခွံများရှားပါးနေခြင်းနှင့် သင်္ကြန်ကာလပိတ်ရက်များတွင် ဆန်စက်များလည်း နားထားမည်ဖြစ်ရာ စပါးခွံ ပို၍ ရှားပါးနိုင်သဖြင့် မိုးတွင်းအခါတွင် အခြားနယ်များမှ စပါးခွံကိုဝယ်ယူအသုံးပြုရမည်ဖြစ်ကြောင်း စပါးခွံလောင်စာအသုံးပြုသူများထံမှ သိရသည်။

**နေဝင်းဇော်(မြန်အောင်)**

# ကျေးလက်ဖွံ့ဖြိုးရေး လူငယ်သင်တန်းဖွင့်

**ရေဦး မတ် ၂၄**

ရွှေဘိုခရိုင် ရေဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လူငယ်သင်တန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၁၉ရက်က ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးချစ်က အမှာစကားပြောကြားခဲ့ပြီး သင်တန်းတာဝန်ခံ ဒေါ်တင်မာမြင့်က သင်တန်း၌ မြစိမ်းရောင်စီမံကိန်းအကြောင်း၊ စာကြည့်တိုက်ပညာရပ်၊ မွေးမြူရေးနှင့်ကုသရေးပညာရပ်အပါအဝင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာပညာရပ်များကို ထည့်သွင်းသင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းသို့ ရေဦးမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

# သက်မွေးလုပ်ငန်းပညာ သင်တန်းဆင်းပွဲကျင်းပ

**မြဝတီ မတ် ၂၄**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၅၃)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၃၉) သင်တန်းဆင်းပွဲကို မတ် ၂၀ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သိန်းဦးက သင်တန်းဆင်းအောင်လက်မှတ်များနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မြစန္ဒာဝင်းက အလုပ်သမားမှတ်ပုံတင်ကတ်ပြားများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်**

# ကသာမြို့နယ် မက်လင်ချောင်ရွာနှင့် ရွှေပြည်သစ်ရွာအနီး တရားမဝင်သစ်စက်များ ဖမ်းဆီးရမိ

**ကသာ မတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် မက်လင်ချောင်ရွာနှင့် ရွှေပြည်သစ်ရွာအနီး တရားမဝင် သစ်စက်များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၀ ရက် ညနေ ၄ နာရီက ကသာမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးမြင့်ဆွေနှင့်အဖွဲ့သည် တရားမဝင် သစ်စက်များပြုလုပ်နေကြောင်း သတင်းအရ မက်လင်ချောင်ရွာအနောက်ဘက် သုံးမိုင်ခန့်အကွာတွင် တောနင်းရှာဖွေစစ်ဆေးရာ ဒိုင်ဝမ်း ၂၅ ကောင်အားတရုတ်အင်ဂျင်တစ်လုံး၊ လေးလက်မ လှိုဝိုင်း တစ်ခု၊ သုံးပေ ကိုးလက်မလွှဝိုင်း တစ်ခု၊ အချင်းနှစ်လက်မ၊ အရှည် လေးပေရှိ ပူလီချပ်တန်းတွဲလျက်တစ်ခု၊ သုံးပေအရှည်ရှိ သံတလိမ့်တုံးနှစ်ခု၊ အရှည်သုံးပေရှိ ထော်လီလေးခု၊ ဗျက် ငါးလက်မ၊ အရှည် ၃၄ ပေရှိ ပတ္တားကြိုးတစ်ခုတို့ကို ပိုင်ရှင်မဲ့ ရှာဖွေစစ်ဆေးတွေ့ရှိရ၍ ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

အလားတူ ယင်းနေ့ ညနေ ၆ နာရီတွင် ကသာမြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးဝင်းတင့်နှင့် အဖွဲ့သည် သက်သေများနှင့်အတူ ရွှေပြည်သစ်ရွာ အနောက်ဘက် တစ်မိုင်ခန့်အကွာတွင် တရားမဝင် သစ်စက်များပြုလုပ်နေကြောင်း သတင်းအရ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ၃၆ ပေ လေးလက်မ ရှည်လျားသော ပတ္တားကြိုးနှစ်ခု၊ အချင်း ၁၈ လက်မ၊ ဗျက် လေးလက်မ ပူလီတစ်ခု၊ အလျားလေးပေ ၊အချင်း နှစ်လက်မ ရှပ်တန်းတစ်ခု၊အရှည်သုံးပေရှိ တလိမ့်တုံးတစ်ခု၊ အလျားသုံးပေရှိ ထော်လီလေးခုတို့ကို ပိုင်ရှင်မဲ့ ရှာဖွေစစ်ဆေးတွေ့ရှိရ၍ ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ**

# ဒီဂျစ်တယ်စာကြည့်တိုက်စက်တပ်ဆင်ပြီးနောက် လာရောက်ဖတ်ရှုသူ များပြားလျက်ရှိ

**ဆားလင်းကြီး မတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ငွေသာခန်းမ၌ ဝိုင်ဖိုင်မှတစ်ဆင့် ဖုန်းနှင့်ကွန်ပျူတာများဖြင့် အများပြည်သူအခမဲ့စာဖတ်နိုင်မည့် Public Digital Library Service စက်ကို မတ် ၁၈ ရက်က တပ်ဆင်ခဲ့ကြောင်း သိရသည်။

အဆိုပါစက်မှတစ်ဆင့် သုတရသစာအုပ်ပေါင်း ၇၀၀၀ ကျော်ကို ဝိုင်ဖိုင်စနစ်ပါသောလက်ပ်တော့များ၊ ဖုန်းများ၊ တက်ဘလက်များဖြင့် မည်သူမဆို လာရောက်ဖတ်ရှုနိုင်ပြီဖြစ်သည်။ စက်တပ်ဆင်ပေးပြီးနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးဒေါ်ဥမ္မာက စက်မှတစ်ဆင့် စာအုပ်များဖတ်ရှုနိုင်ရန် အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး အသုံးပြုနည်းလမ်းညွှန် ဗီနိုင်းများလည်း ချိတ်ပေးထားကြောင်း၊ စက်တပ်ဆင်ပြီးနောက် မြို့နယ်စီမံခန့်ခွဲမှု ဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် အဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ဌာနသို့လာရောက်သော ပြည်သူများအနေဖြင့် စာအုပ်များကို လာရောက်ရယူဖတ်ရှုနေကြပြီ ဖြစ်ကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

## ကျေးရွာစာကြည့်တိုက်များ ရှင်သန်တိုးတက်ရေး စာကြည့်တိုက်ပညာ သင်တန်းဖွင့်

**ဝက်လက် မတ် ၂၄**

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာကြည့်တိုက်ကို စနစ်တကျ စီမံခန့်ခွဲထိန်းသိမ်းနိုင်သည့် ကျွမ်းကျင်သောစာကြည့်တိုက်မှူးများ ဖြစ်လာစေရန်ရည်ရွယ်၍ ဝက်လက်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းကို တကုန်းကျေးရွာအမကကျောင်း၌ မတ် ၂၁ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းမြင့်နှင့် တာဝန်ရှိသူများက စာကြည့်တိုက်သမိုင်း၊ စာကြည့်တိုက်စီမံခန့်ခွဲရေးလုပ်ငန်း၊ မျိုးတူစုလုပ်ငန်း၊ ရည်ညွှန်းလုပ်ငန်း၊ ကက်တလောက်လုပ်ငန်း၊ စာပေပစ္စည်းထိန်းသိမ်းနည်း၊ စာကြည့်တိုက်ရှင်သန်ခိုင်မာရေးလုပ်ငန်းများ စသည့် အကြောင်းအရာများကို ဆွေးနွေးပို့ချခဲ့ကာ သင်တန်းသို့ ဝက်လက်မြို့နယ်အတွင်း ကျေးရွာများမှ စာကြည့်တိုက်မှူးများ တက်ရောက်ခဲ့သည်။

**နန်းမြင့်(ဝက်လက်)**

# ဆားလင်းကြီးနယ်၌ စတင်စိုက်ပျိုးသော စပျစ်ပင်များ အောင်မြင်ဖြစ်ထွန်း

ဆားလင်းကြီးမြို့နယ်အတွင်းရှိ ရွာသာကျေးရွာသည် စံပယ်တောင် ကြေးနီစီမံကိန်းနယ်မြေအနီးတွင်တည်ရှိပြီး ကျေးရွာအနီးတစ်ဝိုက်တွင် ပဲမျိုးစုံ၊ စပါး၊ ပြောင်းဖူး၊ ကြက်သွန်နီတို့ကို စိုက်ပျိုးကြပြီး ကွမ်းရွက်စိုက်ပျိုးရေးကို အဓိကထားသော ကျေးရွာဖြစ်သည်။

ပြီးခဲ့သောနှစ်များတွင် ကွမ်းရွက်ဈေးနှုန်းများ အဆမတန်ကျဆင်းခဲ့ပြီး ကွမ်းစိုက်တောင်သူများ အရှုံးပေါ်ခဲ့သဖြင့် စပျစ်ပင်များကို စတင်စိုက်ပျိုးခဲ့ရာ ယခုအခါတွင် အောင်မြင်ဖြစ်ထွန်းပြီး ဈေးကွက်သို့တင်ပို့ရောင်းချနိုင်ပြီဖြစ်ကြောင်း သိရသည်။

စပျစ်ပင်များ စတင်စိုက်ပျိုးမှုနှင့်ပတ်သက်ပြီး ရွာသာကျေးရွာမှ စပျစ်စိုက်ပျိုးရေးလုပ်ငန်းရှင်က "ကျွန်တော်တို့ ကျေးရွာမှာက အဓိကကွမ်းရွက်စိုက်ပျိုးရေးလုပ်ငန်း လုပ်တာပါ။ အဲဒီကွမ်းရွက်စိုက်ပျိုးရေးတွေက ပြီးခဲ့တဲ့နှစ်တွေမှာ ဈေးနှုန်းအဆမတန်ကျဆင်းပြီး ဆုံးရှုံးမှုတွေ ရှိခဲ့တယ်၊ အဲဒါကြောင့် နောက်ထပ်စိုက်ပျိုးရေးတစ်ခုလုပ်ဖို့ရည်ရွယ်ပြီး အခုလိုစပျစ်စိုက်ပျိုးရေးကို စတင်လုပ်ခဲ့တာပါ၊ စပျစ်မျိုးတွေကိုတော့ ရမည်းသင်းမြို့နယ် ရွာတန်းရွာက ဝယ်တာပါ၊ ဘလက်ကာဒီနမ်နဲ့ ဘလက်ကွင်းမျိုးတွေကို အပင် ၃၀၀ စိုက်ထားပါတယ်"ဟု ပြောသည်။



စပျစ်ပင်များကို စိုက်ပျိုးပြီးနောက် အပင်နှင့်အသီးများ အောင်မြင်စေရန် ပြုစုစောင့်ရှောက်မှုနှင့် ပတ်သက်၍လည်း "အခုအချိန်အထိတော့ အပျက်အစီးမရှိဘူး၊ အသီးတွေပိုးမကျအောင် မှိုသတ်ဆေးဖျန်းပေးရတယ်၊ အသီးတွေရင့်လာရင် ငှက်ချောက်ရတဲ့အလုပ်တော့ရှိတယ်၊ ကုန်ကျစရိတ်အနေနဲ့ကတော့ သိန်း ၂၀ လောက် ရင်းရပါတယ်၊ ဒီဒေသမှာတစ်နှစ်ကို အသီးနှစ်ကြိမ် ဖမ်းလို့ရတယ်။ အသီးစထွက်တဲ့ ပထမနှစ်မှာပဲ ပိဿာချိန်သုံးရာကျော်လောက် ရောင်းရတယ်၊ အသီးတစ်သုတ်အပြီး အပင်တွေပြုပြင်ပြီးတာနဲ့ ဆက်ပြီးအသီးလိုက်တာပဲ"ဟု ၄င်းက ဆက်လက်ရှင်းပြသည်။

စပျစ်သီးများကို ဈေးကွက်တင်ပို့ရာတွင်လည်း ဈေးကောင်းရကြောင်း သိရသည်။ "ဈေးနှုန်းကတော့ တစ်ပိဿာကို ၃၀၀၀ ကျပ်နဲ့ ရောင်းရပါတယ်၊ နှစ်ခါရောင်းပြီးပြီ။ ပါဆယ်ပုံးတွေနဲ့ မုံရွာမြို့နဲ့ မန္တလေးမြို့တွေကို တင်ပို့တာပါ၊ ဒီမြို့နယ်အတွင်းမှာတော့ စပျစ်စိုက်ပျိုးရေးကိုလုပ်တာ နှစ်ဦးလောက်ပဲရှိတယ်၊ ရွာသာကျေးရွာက ကျွန်တော်ရယ်၊ ကံကုန်းကျေးရွာက တစ်ခြံရယ်ပါ၊ ကွမ်းရွက်ဈေးက ခဏခဏပျက်တော့ သီးနှံတစ်မျိုးပြောင်းစိုက်တာ အခုလိုအောင်မြင်တာပါ"ဟု ရွာသာကျေးရွာမှ စပျစ်ခြံလုပ်ငန်းရှင်က ပြောသည်။

စပျစ်စိုက်ပျိုးရေးသည် ဆားလင်းကြီးမြို့နယ်၏ ဒေသရာသီဥတုနှင့်ကိုက်ညီသဖြင့် စိုက်ပျိုးပြီးပထမနှစ်တွင်ပင် အပင်နှင့်အသီးများအောင်မြင်ဖြစ်ထွန်းပြီး ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်သည်။ ထို့ကြောင့် စပျစ်ခြံစိုက်ပျိုးမှုကို ဆားလင်းကြီးမြို့နယ်အတွင်းမှ စိုက်ပျိုးရေးခြံပိုင်ရှင်များနှင့် တောင်သူများ စိတ်ဝင်စားလာကြပြီး နေ့စဉ်လာရောက်လေ့လာနေကြသူများ ရှိကြောင်း သိရသည်။

**သတင်းဆောင်းပါး-ဖိုးချမ်း(မုံရွာ)**

## ကွန်ကရစ်ဇလီဖားတုံးများ လဲလှယ်တပ်ဆင်

**မော်လူး မတ် ၂၄**

မန္တလေး-မြစ်ကြီးနား မီးရထားလမ်းပိုင်းတစ်ခုဖြစ်သော ပင်ဝဲဘူတာမှ နန့်စီးအောင်ဘူတာကြား မီးရထားလမ်း ကြံ့ခိုင်မှုရှိစေရန် သစ်သားဇလီဖားတုံးများနေရာတွင် ကွန်ကရစ်ဇလီဖားတုံးများ လဲလှယ်ခြင်းနှင့် ကျောက်ဖြည့်တင်းခြင်းများကို မတ် ၂၂ ရက်က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မီးရထားလမ်း ကြံ့ခိုင်မှုရှိအောင် ပင်ဝဲဘူတာကနေ နန့်စီးအောင်ဘူတာ အထိ သစ်သားဇလီဖားတုံးတွေနေရာမှာ အရှည် ၆ ပေခွဲ၊ ဖြက် ၉ လက်မ၊ အမြင့် ၇ လက်မရှိတဲ့ ကွန်ကရစ်ဇလီဖားတုံးတွေကို တစ်တုံးနဲ့တစ်တုံး နှစ်ပေခွဲခြားပြီး ၃၉ ပေရှည်တဲ့ သံလမ်းတစ်ဆက်ကို ကွန်ကရစ်ဇလီဖားတုံး ၁၇ တုံးနှုန်းနဲ့ လဲလှယ်တပ်ဆင်ပါတယ်။ ကျောက်ဖြည့်တင်းခြင်းကိုတော့ ဇလီဖားတုံးအတွင်းဘက်နဲ့ အပြင်ဘက် ဇလီဖားတုံးထိပ်ရဲ့ ဟိုဘက်ဒီဘက် တစ်ပေခန့်အကွာအထိ ကျောက်ချဖြည့်တင်းပါတယ်။ ပင်ဝယ်ဘူတာကနေ မော်လူးဘူတာအထိ ဇလီဖားတုံး လဲလှယ်ခြင်း ကျောက်ဖြည့်တင်းခြင်းတွေကို ဖေဖော်ဝါရီလအတွင်း ဆောင်ရွက်ပြီးသွားပါပြီ။ အခုမတ်လအတွင်းမှာတော့ မော်လူးဘူတာကနေ နန့်စီးအောင်ဘူတာအထိ ဇလီဖားတုံးလဲလှယ်ခြင်း၊ ကျောက်ဖြည့်တင်းခြင်းတွေကို ဆောင်ရွက်နေတာပါ"ဟု မော်လူးဘူတာမှ လမ်းဗိုလ် ကိုထင်လတ်အောင်က ပြောသည်။

**ခင်မောင်ဆွေ**



# သဘာဝတောကျွန်များ ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီး ထွက်ရှိသောထင်းများကို ဒေသခံတောင်သူများအား ခွဲဝေပေး

**ကျောက်ပန်းတောင်း မတ် ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ သဘာဝတောကျွန်များ ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်ပြီး ထွက်ရှိသောထင်း အလေးချိန် ၈ တန်ကျော်ကို မြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ဒေသခံကျေးရွာနေပြည်သူများထံ မတ် ၂၂ ရက်က ခွဲဝေပေးအပ်ခဲ့ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနက ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှ သဘာဝတောကျွန်များ ထိန်းသိမ်းခြင်းလုပ်ငန်းစဉ်တစ်ခုဖြစ်သော ဓမ္မတာမျိုးစပ်ခြင်း၊ ပင်ပူးခွာခြင်း၊ ကိုင်းချိုင်၊ နွယ်ဖြတ်ရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ထွက်ရှိသော ထင်း ၈ ဒသမ ၂၃၆ တန်ကို ဒေသခံကျေးရွာများဖြစ်သည့် ဒေါင်းလည်ကျေးရွာနှင့် ကုန်းပေါ်နက်ကျေးရွာမှ ပြည်သူများအား ခွဲဝေပေးအပ်သည်။

အဆိုပါကျေးရွာများမှ ပြည်သူများအား ကျောက်ပန်းတောင်းမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှူး ဦးအောင်ဇော်မင်းက ဦးစီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းစဉ်များကို ဒေသခံပြည်သူများသိရှိနားလည်စေရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေရန် ပညာပေးဟောပြောဆွေးနွေးပြီး တောင်သူများအားအိမ်သုံးထင်းများ အခမဲ့ဖြန့်ဝေပေးသည်။

ကျောက်ပန်းတောင်းမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် စိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝတောကျွန်များထိန်းသိမ်းခြင်း၊ ထင်းအစားအခြားလောင်စာသုံးစွဲရေး ပညာပေးခြင်းနှင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်လည်း ပညာပေးဟောပြောခြင်းများ ဆောင်ရွက်နေသည့်အပြင် ထင်းအစား အခြားလောင်စာတိုးတက်သုံးစွဲရေးအတွက်လည်း စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေအောင်(iprd)**

# တပ်မတော်သားများအတွက် ငွေနှင့်ပစ္စည်းများပေးအပ်လှူဒါန်း

**တောင်သာ မတ် ၂၄**

နှစ် (၇၀) ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်မှ တပ်မတော်သားများအတွက် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၊ ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များက အလှူငွေနှင့် ပစ္စည်းများလှူဒါန်းပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၂၁ ရက်က ကျင်းပသည်။

လှူဒါန်းပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဌေးအောင်က အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဗိုလ်မှူးကြီးတင့်ဝေ(ငြိမ်း)မိသားစုက ငွေကျပ် ၁၀ သိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က ငွေကျပ်တစ်သိန်း၊ ကြယ်တံခွန်နဂါးရေနံနှင့် ကျောက်စိမ်းထုတ်လုပ်ရေးကုမ္ပဏီက ငွေကျပ် ၁၅ သိန်း၊ We are able ဆောက်လုပ်ရေးကုမ္ပဏီက ကျပ် ငါးသိန်း၊ Junction river Trading ကုမ္ပဏီက ကျပ် ငါးသိန်း၊ တောင်သာမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က ကျပ် နှစ်သိန်း၊ မြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များက ကျပ် ၅၇၀၀၀၀ နှင့် ဒေသခံပြည်သူများက ကျပ် ၇၀၀၀၀ တန်ဖိုးရှိ ကြက်သွန်ပိဿာ ၂၈၀၊ ကျပ် ၄၂၀၀၀၀ တန်ဖိုးရှိ စားသုံးဆီပိဿာ ၇၀ တို့ကို ကျောက်ပန်းတောင်းတပ်နယ်မှူး ဗိုလ်မှူးချုပ်သိန်းဝင်းအား ပေးအပ်လှူဒါန်းပြီး တပ်နယ်မှူးက တပ်မတော်သားများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

လှူဒါန်းပွဲသို့ ကျောက်ပန်းတောင်းတပ်နယ်မှူးနှင့်အဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အလှူရှင်များတက်ရောက်ခဲ့ကြသည်။

**ကျော်မျိုးနိုင်(တောင်သာ)**



နိုင်ငံတကာအားကစား

# အင်္ဂလန်၊ ဂျာမနီ၊ အီတလီ လူငယ်တွေရဲ့ ယူ-၁၉ ချန်ပီယံရှစ်

မိုးမြင့်လင်းလက်

ဥရောပတစ်ခွင်မှာ လိဂ်အသင်းတွေ အပြိုင်ကြဲနေကြသလို နိုင်ငံအလိုက် ခြေစမ်းပွဲတွေကလည်း မြိုင်မြိုင်ဆိုင်ဆိုင်ဆင်နွှဲနေကြပါတယ်။ ဒီတစ်ပတ်ကြားရက်ဖြစ်တဲ့ မတ် ၂၆ ရက်မှာတော့ ဥရောပလူငယ်ကြယ်ပွင့်တွေရဲ့ ဥရောပ ယူ-၁၉ ချန်ပီယံရှစ် အုပ်စုပွဲစဉ်တွေကစားဖို့ ရှိနေပါတယ်။ ဒီပွဲစဉ်တွေမှာ အင်္ဂလန်၊ ဂျာမနီ၊ အီ တလီနဲ့ ဆွီဒင် လူငယ်တွေရဲ့ ခြေစွမ်း တောက်ပမှုဟာ ဘယ်လောက်အဆင့် အတန်းရှိတယ်ဆိုတာကို မြင်တွေ့ကြရဦးမှာ ဖြစ်ပါတယ်။

**အင်္ဂလန်နှင့် ဒိန်းမတ်**

အုပ်စု (၇) မှာ ပါဝင်နေတဲ့ အင်္ဂလန်အသင်းအတွက် ပွဲဦးထွက်နိုင်ပွဲရရှိဖို့ ကြိုးစားပါလိမ့်မယ်။ အင်္ဂလန်လူငယ်တွေရဲ့ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲရလဒ်ကို ကြည့်ရင် လူဇင်ဘတ်ကို ရှစ်ဂိုးပြတ်၊ ဘယ်လ်ဂျီယံကို လေးဂိုး-နှစ်ဂိုးနဲ့ အီတလီအသင်းကို သုံးဂိုးပြတ်နိုင်ပွဲရထားတာတွေ့ရပါတယ်။ တိုက်စစ်မှူးတွေရဲ့ သွင်းဂိုးမြင့်မားမှုက ဒိန်းမတ်တို့အတွက် အခက်ကြုံစရာဖြစ်လာပါလိမ့်မယ်။ ဒိန်းမတ်တို့ရဲ့ နောက်ဆုံးသုံးပွဲရလဒ်ကို ကြည့်ရင် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးထားတာမို့ အခုပွဲမှာ ဒိန်းမတ်တို့ ဂိုးမပြတ်အောင် ဟန့်တားနိုင်ဖို့ပဲ အာရုံစိုက်ရမှာဖြစ်ပါတယ်။

**ဆလိုဗက်ကီးယားနှင့် ဂျာမနီ**

ပြီးခဲ့တဲ့ ၂၀၁၀တုန်းက ဆလိုဗက်ကီးယားလူငယ်တွေက ဂျာမနီကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူခဲ့ဖူးပါတယ်။ ဒါပေမယ့် လက်ရှိ ဆလိုဗက်ကီးယားရဲ့ ခြေစွမ်းကကျဆင်းနေပြီး နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲရလဒ်ကို ကြည့်ရင် နော်ဝေကိုတစ်ဂိုး-ဂိုးမရှိနိုင်ပြီး ပေါ်တူဂီကို နှစ်ဂိုးစီသရေ၊ ချက်အသင်းကိုတော့ နှစ်ဂိုးပြတ် ရှုံးထားတာမို့ ဂျာမနီကို အမှားအယွင်းမရှိ ကစားမှ ရပါလိမ့်မယ်။ ဂျာမနီတို့ကလည်း မကြာခင်က ကစားခဲ့တဲ့ပွဲတွေကို ကြည့်ရင် စပိန်ကို နှစ်ဂိုးပြတ်ရှုံးပြီး ပြင်သစ်ကို ငါးဂိုးပြတ်ရှုံးကာ ဂရိအသင်းကိုတော့ သုံးဂိုးပြတ်နိုင်ထားတာမို့ ခြေစွမ်းပိုင်းက အားရစရာတော့ မရှိပါဘူး။ ဒါပေမယ့်လူငယ်ခြေတက်တွေနဲ့ ပြန်လည်ဖွဲ့စည်းထားတဲ့ ဂျာမနီအသင်းကိုပဲ ယုံကြည်မှုပေးရမှာ ဖြစ်ပါတယ်။

**အီတလီနှင့် ခရိအေးရှား**

ဆားဘီးယားကို သုံးဂိုး-တစ်ဂိုး၊ အင်္ဂလန်ကို သုံးဂိုးပြတ်နဲ့ ဘဲလ်ဂျီယံကို နှစ်ဂိုးပြတ် အနိုင်ယူထားတဲ့ အီတလီတို့က နိုင်ပွဲတွေ ဆက်နေတာမို့ ခရိအေးရှားတို့အတွက် ပွဲကျပ်ဖြစ်နေပါတယ်။ ခရိအေးရှားတို့ကလည်း တူရကီနဲ့ ဆားဘီးယားတို့ကို ရှုံးပွဲမရှိ ကစားထားသလို ခြေစွမ်းပိုင်းက ပုံမှန်ရရှိနေတာမို့ အီတလီတို့အတွက် ပွဲတော့ မချောင်ပါဘူး။ ဒါပေမယ့် ခြေစွမ်းပိုင်းတည်ငြိမ်တဲ့ အီတလီကိုပဲ ရွေးချယ်ရမှာ ဖြစ်ပါတယ်။

**ဆွီဒင်နှင့် လစ်သူယေးနီးယား**

လက်ရှိအနေအထားမှာ ဆွီဒင်တို့က ယူကရိန်းကို နှစ်ဂိုးစီသရေ၊ အစ္စရေးကို တစ်ဂိုး-ဂိုးမရှိနဲ့ ဘူလ်ဂေးရီးယားကို ငါးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားတာမို့ လစ်သူယေးနီးယားတို့ ဆွီဒင်ကို ကျော်ဖြတ်ဖို့တော့ မလွယ်ပါဘူး၊ လစ်သူယေးနီးယားအသင်းဟာ အဆုံးသတ်ပိုင်းမှာ အားနည်းနေဆဲဖြစ်တာမို့ အခုပွဲဟာ ဆွီဒင်လူငယ်တွေရဲ့ ပွဲပါပဲ။

**ဆွစ်ဇာလန်နှင့် နော်ဝေ**

နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲမှာ ဂျီဘရော်တာကို နှစ်ဂိုးပြတ်နိုင်ပြီး အိုင်ယာလန်ကို တစ်ဂိုးစီ သရေပွဲဖြစ်ထားပါတယ်။ ဒါပေမယ့် ဆွစ်ဇာလန်တို့က နော်ဝေနဲ့ ကစားတိုင်း ရှုံးနိမ့်တတ်တာမို့ အခုပွဲမှာ မှတ်တမ်းဆိုးကို ချေဖျက်နိုင်မလား ကြည့်ရမှာ ဖြစ်ပါတယ်။ ။



## ဖလားအလုံး ၅၀ မြောက် ဆွတ်ခူးနိုင်ခဲ့တဲ့ ဂျိုကိုဗစ်

ဆားဘီးယား တင်းနစ်ကစားသမား ဂျိုကိုဗစ်အနေနဲ့ အမေရိကန်နိုင်ငံ အင်ဒီးယန်းဝဲလ်မှာကျင်းပတဲ့ BNP Paribas Open မှာ ရော်ဂျာဖက်ဒဲယားကိုနိုင်ပြီး ဖလားဆွတ်ခူးနိုင်ခဲ့တဲ့အတွက် သူ့ရဲ့တင်းနစ်ကစားသမားဘဝ သက်တမ်းတစ်လျှောက်မှာတော့ အလုံးပေါင်း ၅၀ မြောက်ဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ကမ္ဘာ့နံပါတ်တစ် နိုဗက်ဂျိုကိုဗစ်ဟာ ရော်ဂျာဖက်ဒဲယားကို ၆-၃၊ ၆-၇(၅-၇)၊ ၆-၂ နဲ့ အနိုင်ကစားခဲ့တာဖြစ်ပါတယ်။ ဂျိုကိုဗစ်ဟာ အင်ဒီးယန်းဝဲလ် ဖလားကို လေးကြိမ်မြောက် ဆွတ်ခူးခဲ့ခြင်းလည်း ဖြစ်ပါတယ်။ ဒီဖလားဆွတ်ခူးနိုင်ခဲ့ တဲ့အတွက် ဂျိုကိုဗစ်ဟာ ဂရင်းဆလမ်ဖလား ရှစ်လုံးအပါအဝင် ဆုဖလားပေါင်း ၅၀ အထိ ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

ကမ္ဘာ့နံပါတ်တစ် ဂျိုကိုဗစ်ဟာ ဇန်နဝါရီလအတွင်းက သြစတြေးလျအိုးပင်းဖလားကိုလည်း ဆွတ်ခူးနိုင်ခဲ့သူ ဖြစ်ပါတယ်။



## လာလီဂါ ချန်ပီယံဖြစ်ဖို့ နီးစပ်လာတဲ့ဘာစီလိုနာ

ပြီးခဲ့တဲ့ရာသီက ချန်ပီယံလိဂ်ဖလားနဲ့ လာလီဂါချန်ပီယံဆုဖလားများနဲ့ ဝေးခဲ့ရတဲ့ ဘာစီလိုနာအသင်းဟာ ယခုနှစ်ရာသီမှာတော့ လာလီဂါချန်ပီယံဖြစ်ဖို့ နီးစပ်လာပြီလို့ဆိုရမှာ ဖြစ်ပါတယ်။ ပွဲစဉ် ၂၈ အပြီးမှာတော့ ဘာစီလိုနာက ၄ မှတ်အသာနဲ့ ဦးဆောင်နေပါတယ်။ ဘာစီလိုနာအနေနဲ့ အဓိကပြိုင်ဘက်တွေဖြစ်တဲ့ ရီးရဲမက်ဒရစ်နဲ့ အက်သလက်တီကိုမက်ဒရစ်တို့ကိုကျော်ပြီး ထိပ်ဆုံးမှ လေးမှတ်အသာနဲ့ ဦးဆောင်နေတာဖြစ်ပါတယ်။ ပွဲစဉ် ၂၈ မှာ အဓိကပြိုင်ဘက်ဖြစ်တဲ့ ရီးရဲမက်ဒရစ်ကို ဘာစီလိုနာက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီး ထိပ်ဆုံးနေရာကို ရယူထားပါတယ်။ ဘာစီလိုနာရဲ့ ကစားကွက်အနေအထားက အတော်လေးကောင်းလာတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ မက်ဆီနဲ့ နေမာတို့ရဲ့ တိုက်စစ်အတွဲမှာ ဆွာရက်ဇ် ပါဝင်လာတဲ့အတွက် ဘာစီလိုနာအသင်းဟာ အကောင်းဆုံးခြေစွမ်းကိုပိုင်ဆိုင်ထားပြီး ဒီနှစ်ရာသီမှာ ဖလားများ ဆက်တိုက်ရယူမယ့် အနေအထားရှိပါတယ်။ လာလီဂါဖလားအပြင် စပိန်ဘုရင့်ဖလား၊ ဥရောပဖလားတို့ကိုပါ ဆွတ်ခူးနိုင်မယ့် ခြေစွမ်းရရှိထားတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

**ကောင်းမြတ်သူ-စုစည်းသည်**



# KBZ BANK

## ကမ္ဘောဇဘဏ်လီမိတက်

## Prestige Branch - Strand Road

**Strand Square Complex (ယာခင် ၆–ထပ်ရုံး)**

အမှတ်(၅၃)၊ ကမ်းနားလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း(၀၁) ၂၃၀၇၀၅၆/၅၇/၅၈၊ ဖက်စ်(၀၁) ၂၃၀၇၀၅၁၊ ၂၃၀၇၀၅၂၊ ၂၃၀၇၀၅၃

## ဓိုးကုန်းမြို့ဘဏ်ခွဲ

အမှတ်(၁၃၃)၊ ရန်ကုန်–ပြည်လမ်း၊ (၅)ရပ်ကွက်၊ ဓိုးကုန်းမြို့နယ်၊ သာယာဝတီခရိုင်၊ ပဲခူးတိုင်းဒေသကြီး။

ဖုန်း(၀၅၃) ၃၄၆၃၀၊ ၃၄၆၃၁၊ ဖက်စ်(၀၅၃) ၃၄၆၃၂၊ ၃၄၆၃၃

## မြင်းမူမြို့ဘဏ်ခွဲ

အမှတ်(၁/ ၂၁၂)၊ မုံရွာ–မန္တလေးလမ်းမကြီး၊ ဗန္ဓုလရပ်ကွက်၊ မြင်းမူမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

ဖုန်း(၀၇၁) ၄၀၈၈၇၊ ၄၀၈၈၉၊ ဖက်စ်(၀၇၁) ၄၀၈၈၅၊ ၄၀၈၈၆

## ဝိုက်ကျုံးဘဏ်ခွဲ –မန္တလေး(၂၃)

အမှတ်(၁၁–က)၊ (၂၆)လမ်း၊ သီရိဟေမာအနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

ဖုန်း(၀၂) ၆၃၆၁၂၊ ၆၃၆၁၃၊ ဖက်စ်(၀၂) ၆၃၆၁၅၊ ၆၃၆၁၇

**တို့ကို (၂၅.၃.၂၀၁၅) ဗုဒ္ဓဟူးနေ့တွင် ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်**
**ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း**
**မိတ်ဆွေပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။**

**သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်**

www.kbzbank.com

ကြော်ငြာ

ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်

# 68 RESIDENCE CONDOMINIUM

68 RESIDENCE
WE DEFINE LIFESTYLE

DEVELOPED BY: UNITED GP Development by GOLDEN PALACE

ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဘိုးဘွားပိုင်မြေ တစ်ဧကပေါ်ရှိ
အထပ်ပေါင်း (၂၇)ထပ်၊ အခန်းပေါင်း (၃၇၅)ခန်းပါရှိမည့် ကမ္ဘာ့အဆင့်ကွန်ဒိုမီနီယံနှင့်
SOMERSET SERVICED RESIDENCE ပါရှိသော
မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း







5 % Discount
+
Interior Decoration Package with fully furnished facilities
( 5th February - 12th April, 2015)
*Terms & Conditions

- မြန်မာနိုင်ငံ၏ ပထမဆုံးသော Infinity Sky Swimming Pool & Garden @ 27th Storey
- မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ရည်ရွယ်ချက်မျိုးစုံအသုံးပြုနိုင်သည့် Dual Key System Unit များ
- အပူဒဏ်နှင့် အသံဆူညံမှုတို့ကို အပြည့်အဝကာကွယ်ပေးသည့် မှန်နှစ်ထပ်ပါ Loe E-Glass System
- တစ်နေရာတည်းတွင် ရုံးခန်းနှင့်လူနေအိမ်ခန်းတွဲလျက်ပါရှိမည့် Duplex System
- အဆင့်မြင့် Smart Home System နှင့် လုံခြုံရေး Finger Print Access System
- အဆင့်မြင့်မီးဘေးအန္တရာယ် ကာကွယ်ရေးစနစ်နှင့် အလိုအလျောက် မီးငြိမ်းသတ်စနစ်

More than
84 %
Sold Out

အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနေပါသည်။

ငလျင်ဒဏ်ကိုရစ်ချက်တာစကေးအနည်းဆုံး(8)ခံနိုင်အောင် တည်ဆောက်ထားပါသည်။

CONDOMINIUM LAW အရ မြေပိုင်ဆိုင်မှုကိုလည်း အခန်းဝယ်ယူသူအားလုံး ရာသက်ပန် စုပေါင်းအချိုးကျပိုင်ဆိုင်နိုင်မည့် အလွန်စိုင်မာသောရင်းနှီးမြှုပ်နှံမှု

| ROOM TYPES | SQFT |
|---|---|
| 1 BEDROOM | 750 Sqft |
| 2 BEDROOMS | 1000 - 1100 Sqft |
| 2 BEDROOMS + STUDY | 1200 - 1300 Sqft |
| 3 BEDROOMS + STUDY | 1380 - 1580 Sqft |
| DUPLEX (3 BEDROOMS + 1) | 2100 Sqft |
| DUAL KEY (2 BEDROOMS + 1 BEDROOM) | 2100 Sqft |

SHOWROOM :
44/A, SAYAR SAN ROAD, BAHAN TOWNSHIP, YANGON, MYANMAR.
01-8604477, 09-4253 10993, 09-730 40513, 09-4500 21758, 09-540 7541, 09-2501 41060

ကြော်ငြာ

PS
POPULAR STAR Travel & Services
Find us on Facebook
လန်းဆန်းပျော်ရွှင် သင်္ကြန်ခရီးစဉ်

တောင်ကြီး – အင်းလေး – ပင်းတယ
ကလော – ထမ်ဆမ်း – မွေတော်ကက္ကူ
Mar 26 - 130000 ကျပ်
Apr 11,12,13,17 - 190000 ကျပ်

မန္တလေး – မင်းကွန်း
ပြင်ဦးလွင် – စစ်ကိုင်း
Mar 26 - 130000 ကျပ်
Apr 12,17 - 150000 ကျပ်

Scania (2+2) Bus, 3 Stars Hotel, Restaurants

အမှတ် ၇၄ (ပထမထပ်)၊ နံ့သာလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်။
Ph : 01 2301866 , 09 5129134, 09 254007909, 09 799676523

သင်္ကြန်တွင်း ပင်လယ်ကမ်းခြေ ခရီးစဉ်များ
NM New Motion
NEW MOTION Travels & Tours Co.,Ltd.
အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။

ငွေဆောင်ခရီးစဉ် - April - 13~15 / April - 15~17
(Myanmar Treasure Resort , Aureum Resort & Spa )

ငပလီခရီးစဉ် - April - 13~15 / April - 15~17
(Amata Resort & Spa , Aureum Resort & Spa )



16 - ကျွန်းတောလမ်း၊ စမ်းချောင်း။ Ph ; 527 922, 538 811, 09 731 48922, 731 48848

KKH TAW WIN CENTRE

တော်ဝင်စင်တာ မြန်မာနှစ်သစ်ကူးကာလ သင်္ကြန်အကြို
ပျော်ပွဲ ရွှင်ပွဲ နှင့် အထူးဈေးရောင်းပွဲတော်

Taw Win Centre Happy Myanmar New Year (Thingyan festival) & Special Promotion Discount

April 9 to 12 2015

တော်ဝင်စင်တာတွင် မြန်မာနှစ်သစ်ကူးကာလ သင်္ကြန်အကြို အထူးဈေးရောင်းပွဲတော်၌ အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများကို ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချ၍ တော်ဝင်စင်တာမျက်နှာစာ ရှေ့(ကားပါကင်) နေရာတွင် ဖျော်ဖြေရေးအစီအစဉ်များနှင့်အတူ စည်ကားသိုက်မြိုက်စွာဖြင့် (၄)ရက်တိုင်တိုင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ ဆိုင်ခန်းဖွင့်လှစ်ရောင်းချလိုသူများ တော်ဝင်စင်တာ B-1 ရှိ ဆိုင်ခန်းအမှတ် (၁၁၀၉)တွင်လာရောက်စုံစမ်း စာရင်းပေးသွင်းနိုင်ပါသည်။

အမှတ် (၄၅) ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၁ – ၈၆၀၀၁၁၁ လိုင်းခွဲ – ၁၁၀၉

## လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း နှင့် အထူးကျေးဇူးတင်ရှိခြင်း

POPULAR PLASTIC
SOGO ELECTRICAL
SOGO STEEL
Since - 1985 POPULAR Plastic Group
SOGO PVC PIPE & FITTING
SOGO PE WATER TANK

၁၂-၂-၂၀၁၅ ရက်နေ့ (ပြည်ထောင်စုနေ့) တွင်ကျရောက်ခဲ့သည့် Popular Plastic Group ၏ နှစ် (၃၀) ပြည့် ‘ ပုလဲရတု ’ တိုင်အောင် ‘ ပြည်တွင်းမြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်တစ်ဦး ’အဖြစ် အောင်မြင်စွာရပ်တည်ခွင့်ပေးသည့်အတွက် ဝယ်ယူအားပေးကြသော မိဘပြည်သူများ၊ နိုင်ငံတစ်ဝန်းရှိ အရောင်းကိုယ်စားလှယ်များနှင့် မိတ်ဟောင်းမိတ်သစ်များအား လှိုက်လှဲစွာအထူးပင် ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နောင်လာမည့် ရတုပေါင်းများစွာကိုလည်း Popular Plastic Group နှင့်အတူ မြန်မာနိုင်ငံသူ/နိုင်ငံသားများ အားလုံးအောင်မြင်စွာဖြတ်ကျော်နိုင်ပြီး ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

Popular Plastic Group
ဝန်ထမ်းမိသားစုများ

